
www.burmeseclassic.com

# ဒွန်းစကြာမင်းသမီး

ဂေါးပုံ



ယျှလေးလုံးပုံပြင်စာတမ်း

www.burmeseclassic.com

www.burmeseclassic.com

## ပဏာမနိဒါန်း။

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဘုရား၊ တရား၊ သံဃာတော်မြတ်တို့အား ရှိခိုး ပူဇော်ပါ၏။ ဂုဏ်ကျေးဇူးကြီးမားသော၊ အမိ-အဖတို့ကို၊ ရှိခိုး ပူဇော်ပါ၏။ တ-နဲ့-ပဲ့ပြင်၊ သွန်သင်ဆုံးမသော၊ ကြားဆရာ မြင်ဆရာကိုလည်း၊ ရှိခိုးပူဇော်ပါ၏။

ကျွန်ုပ်ရှိခိုးပြီး၍၊ အမျိုးသား၊ အမျိုးသမီးတို့၊ ဖတ်ရှုမှတ်သားရန်ဖြစ်သော (ဒွန်းစဏ္ဍားနှင့် မင်းသမီး ငြားသော ပျို့ လေးလုံး ပုံပြင်စာတမ်းကို) စီစဉ်ရေးသားပေအံ့၊ ခင်မင်နှစ်သက်စွာ၊ ဖတ်ရှုမှတ်သားကြစေကုန်သတည်း။

ဆရာသိန်းကြီး။

မော်ပီမြို့။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ချစ်စရာပုံနှိပ်တိုက်
ရန်ကုန်မြို့
CHITSAYA PRESS,
RANGOON,
BURMA

*All Right Reserved.*

# ဒုတိယနိဒါန်း။

ဤနှမ်းစဉ္စာနှင့် မင်းသမီးဖြားပုံ-ပဂျူလေးလုံး ပုံပြင်စာတမ်းကို၊ ကောဇာသက္ကရာဇ် ၁၂၈၅-ခု နှစ်က ပုံနှိပ်ထုတ်ဝေရောင်းချရာ၊ ခပ်သိမ်းသောချစ်လှူတို့၊ နှစ်သက်ဝယ်ယူကြည့်ရှုကြသဖြင့်၊တစ်စတစ်စပျောက်ကွယ်သွားသိသကဲ့သို့ရှိနေရာ၊ ၁၄ နှစ်ခန့်တိုင်ရောက်ပြီဖြစ်ပေကြောင်း၊ ၎င်းစာတမ်းကို၊ဘတ်ရှုဘူးသောသူတို့နှင့်၊ မကြည့်မရှုရဘူးသော-နှောင်းလူတို့က၊ထိုစာအုပ်၏အနှစ်အရသာကို ပြောဖြချက်အရ၊ကြည့်ရှုလိုသောအာသာဆန္ဒလွန်မင်းစွာဖြစ်ကြသောကြောင့်၊ ထပ်မံပုံနှိပ်ရန် တိုက်တွန်း တောင်းပန်ချက်အရ၊ ပညာဗဟုသုတ လိုလားသောသူတို့၏ အကျိုးငှါ ရည်သန်၍၊ မောင်ဗီ ဆရာသိန်းကြီး ကိုယ်တိုင်ကြည့်ရှု၊ပြင်သင့် ဘွင်းသင့်သောအရာများကို ထည့်စွက်ပြီးလျှင်၊ကျွန်ုပ်တို့“ချစ်စရာ စာပုံနှိပ်တိုက်”က၊ထပ်မံ၍ ဒုတိယအကြိမ်ပုံနှိပ်လုပ်ဆောင်ရပါသတည်း။

၂-ချိုး။ ။တောင်းတလျှက်ယှိသူ၊ ကြည်ဖြူထို့ နှင်ဝမ်း။ ။ပဂျူလေးပုံပြင်ခေါ်တဲ့၊ နိုင်ငံကျော် နိဒါန်းကို၊ နည်းယူဖို့လမ်း၊

၁၂၉၉–ခု တပေါင်းလဆန်း ၅ ရက်၊ဗုဒ္ဓဟူးနေ့။


www.burmeseclassic.com

www.burmeseclassic.com

မတရားသောအမှုကို၊ မပြုမကျင့်ကြပါနှင့်

အထူးကြဉ်ရှောင်ကြပါကုန်။

BURMESE CLASSIC .com



# ဒွန်းစဏ္ဍားနှင့်မင်းသမီးခြားမို

ပျော့လေးလုံးပုံပြင်စာတမ်း။

## အခန်း (၁)

နာဝေက မြို့ကိုအစိုးရသော၊ ဒိတ်ိမင်္ဂလ အမည်ရှိသော မင်းကြီးမှာ၊ သုသမာမဟာဒေဝီ မိဖုရားကြီးက ဖွါးမြင်သော၊ ပသာဒစန္ဒီအမည်ရှိသော၊ သမီးတော် တပါးထွန်းကားလျက်ရှိလေ၏။

မင်းကြီးသည်လည်း၊ နိုင်ငံတော်အတွင်းနိုက် မှီတင်းနေထိုင်ကြသော၊ ဆင်းရဲသား ကျွန်တော်မျိုးအပေါင်းတို့ကို၊ အေးချမ်းသာယာအောင်၊ မှူးတော်မတ်တော်၊ မင်းတိုင်ပင်အမတ်ကြီးတို့နှင့်၊ တိုင်ပင်ဆွေးနွေးမေးမြန်းလျက် ဗိမ်တော်မူပြီးလျှင်၊ အုပ်ချုပ်စိုးစံတော်မူလေ၏။

အခါတပါးသော်၊ ဒိတ်ိမင်္ဂလ မင်းကြီးသည်၊ ဆင်တော်ကိုစီး၍၊ နန်းမြို့ရိုးပြင်ဘက်လေးမျက်နှာကို၊ လှည့်ပတ်ကြည့်ရှုတော်မူရာ၊ တောင်မျက်နှာအရပ်လမ်းပါး၌၊ ထန်းသက်တဲးငုတ်နှင့် နေသော၊ ရုပ်ရေ ရူပ ယဉ်ကျေးသော လင်ပျိုတယောက်ကိုတွေ့၍၊ ဆင်တော်ကို ရပ်တန့်တော်မူပြီးလျှင်၊ အမောင်လုလင်၊ အဘယ်အမျိုးအနွယ်ဖြစ်သနည်း။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်အလုပ် အကိုင်နှင့် အသက်မွေးပါသနည်းဟု၊ မင်းကြီးကမေးတော်မူရာ၊ လုပ်ပျို ကအကျွန်ုပ်သည်ဇွန်းစလျှားအမျိုးဖြစ်ပါသည်၊ သူတပါးတို့စားကြွင်းနှင့် ဆန်ကွဲ ဆန်ညှာများကိုသာ၊ တောင်းရမ်းစားသောက်၊ အသက်မွေးရပါသည်ဟုလျှောက်ထားလေ၏။

မင်းကြီးသည်လည်း၊ ထိုသူသည် ဇွန်းစလျှား အမျိုးဖြစ်ကြောင်းကို လျှောက်တင်လေသည်၊ တောင်းရမ်း အသက်မွေးရခြင်းသည်၊ သူ၏ရုပ်ရေရူပနှင့်၊ မသင့်မလျော်ဖြစ်ချေသည်၊ သနားတော်မူသဖြင့်၊ မောင်မင်းသည်၊ ယနေ့ကစ၍ တောင်းရမ်းမစားလေနှင့်၊ ငါ၏နန်းတော်ယာဉ်ပြင်ပေါ်သို့၊ နံက်တချက်တီးအချိန်မှန်မှန် ဝင်ရောက်တမျက်စည်းဖွည်းလေမောင်မင်း၊ ၊စားသောက်ရန် အတွက်၊ တနေ့လျှင် အသပြာ(တမတ်)ကျ၊ ငါဆုပေးသနားတော်မူမည်၊ ၎င်းအလုပ်နှင့်အသက်မွေးလေတော့ဟု၊ အမိန့်မှတ်တော်မူပြီးလျှင်၊ နန်းတော်သို့ဝင်တော်မူလေ၏။

နန်းတော်သို့ ရောက်လျှင်၊ ဆိုင်ရာ မှူးမတ်များကို၊ တောင်မျက်နှာ အရပ်မှာ၊ ထန်းလက်တဲနှင့် နေသော၊ ဇွန်းစလျှားလုပ်ပျိုတယောက်ကို၊ ယနေ့ကစ၍၊ နန်းတော်ယာဉ်ပြင်နံက်၊ နံက်တချက်တီး အချိန်ဝင်၍၊ တမျက်စည်းဖွည်းရန်၊ အမိန့်ပေးခဲ့သည်၊ ၎င်းလုပ်ကို၊ နေ့စဉ် အသပြာ (တမတ်)ကျ၊ ငွေတိုက်တော်က ထုတ်ပေးရန်မိန့်တော်မူလေ၏။



တရံသောနေ့နံက်၊ မင်းကြီးသည်၊ မှူးတော်မတ်တော်အရုံညီလာခံတွင်၊ မှူးတော်မတ်တော်အပေါင်းတို့၊ ငါနံက်ဇွန်းကားသော၊ အိပ်မက်တော်တပါးယှိတော်မူသည်၊ ထိမ်းမြားမင်္ဂလာပြုလုပ်တော်မူရန်၊ ဥပဒေစည်းကမ်းမည်ကဲ့သို့ထားယှိတော်မူသည်ကို၊ လျှောက်တင်ရမည်ဟု၊ မိန့်တော်မူ၏။

မဥ္ဇာတ-အမတ်က၊ တင်လျှောက်သည်မှာ၊ မှန်ပါအရှင်မင်းကြီး၏ သမီးတော်သည်၊ အယွယ်တော်(၂၀)ပြည့်ပါက၊ ဘုရင်မင်းမြတ်၏ အမြင်ဦးသောသူနှင့်၊ ထိမ်းမြားမင်္ဂလာ ပြုရမြဲဖြစ်ကြောင်းကို၊ ရှေးဘောလောင်းတော်-ဘိုးလောင်းတော်တို့ထားခဲ့သော၊ နန်းစဉ်ဥပဒေထုံးတမ်းယှိပါကြောင်းပါဘုရား။

ကောင်းပြီမှူးမတ်အပေါင်း တို့၊ ငါ၏သမီးတော်ပဒုမာဒေဝီသည်၊ ယခုအသက်(၂၀)ပြည့်သောကြောင့်၊ နန်းစဉ်ဥပဒေထုံးတမ်းရှိသည်အတိုင်း၊ လိုက်နာဆောင်ရွက်တော်မူမည်၊ နက်ဖြန်နံက်ဝန်ရှုမှူးရသားတော်၊ သူဌေး-သူကြွယ်သားတော်များတို့သည်၊ ဝတ်သန့် ဝတ်ကောင်း များကို၊ ဆင်ယင်ပြီးသော်၊ နန်းတော်ယာဉ်ပြင်တော်သို့၊ လာရောက်ခစားကြရမည်၊ ငါအမြင်ဦးသောသတို့သားနှင့်၊ သမီးတော်ကို ပေးမြားတော်မူမည်ဟု မိန့်တော်မူ၍၊ ညီလာခံစိုးပြီးလျှင်၊ အတွင်းတော်သို့ဝင်တော်မူလေ၏။

www.burmeseclassic.com

www.burmeseclassic.com



မျိုးတော်-မတ်တော်တို့သည်လည်း၊ အမိန့်တော်မြွက် မှတ်တော်မူသည့်အတိုင်း၊ တိုင်ပင်ကြပြန်သည်မှာ၊ ဝန်မင်းတို့ နက်ဖြန် အကြည့်တော်မင်္ဂလာပွဲ ကျင်းပမည်မှာ၊ နံက် တချက်တီးအချိန် ဝင်ရလိမ့်မည်။ ၎င်းအချိန်ကား တမျက် ဗျည်းသူ၊ ဒွန်းစဏ္ဍား ဝင်မြဲအချိန်ဖြစ်သည်။ ဒွန်းစဏ္ဍား နန်းတော်သို့အရောက်ဦး၍၊ မင်းကြီးမြင်မိသော်၊ ခက်ချိမ့် မည်။ သို့အတွက်ဒွန်းစဏ္ဍားကို၊ နံက်တချက်တီးအချိန်ကို မဝင်စေဘဲ၊ တချက်တီးကျော်မှဝင်ရန် အမိန့်ပေးထားမှ တော်မည်ဟု၊ တိုင်ပင်ညီညွတ်ကြပြီးလျှင်၊ ဒွန်းစဏ္ဍားထံ သင့်ရာ လွှတ်တော်လုလင်တယောက်ကိုစေလွှတ်၍ မိတ် ပင်ထားလေ၏။

ဒွန်းစဏ္ဍားလည်း၊ လွှတ်တော်လုလင်လာရောက်အမိန့် ပေးသည့်အတိုင်းနာခံလျှက်နေလေ၏။

နက်ဖြန်နံက်တချက်တီးအချိန့်တွင်၊ မျိုးတော်မတ်တော် သူဌေး—သူကြွယ်တို့သည်၊ မိမိတို့သားတူ စသည်တို့ကို၊ ဝတ်သန့်၊ ဝတ်ကောင်းဆင်ယင်စေပြီးခေါ်၊ နန်းတော် မင်းယင်ပြင်တော်သို့သွား၍၊ ရုံးဝေးလျက်၊ မင်းကြီးထွက် တော်မူလျှင်ရှေးဦးစွာမြင်တော်မူစေရန်၊ မိမိတို့ အကြံအ စည်နှင့်ပြိုဝပ်စွာနေကြလေ၏။

မင်းကြီးလည်း၊ ယနေ့၊ သားမက်ဖမ်းမင်္ဂလာ၊ အကြည့် မင်္ဂလာ၊ ထွက်တော်မူရသည်မှာ၊ နံနက်တချက်တီး ထွက် တော်မူလျှင်၊ တမျက်စည်းဗျည်းသူ၊ ဒွန်းစဏ္ဍားကို မြင်ရ



လိမ့်မည်ကားမချွတ်ဖြစ်သည်၊ သို့အတွက်ဒွန်းစဏ္ဍား ပြန် ချိန် တချက်တီးကျော် လောက်မှ ထွက်တော် မူရလျှင်၊ မင်္ဂလာမြောက်ရန် ရှိချေမည်ဟု၊ ထွက်တော်မမူဘဲ၊ အ တွင်းတော်၌ ဆိုင်းငံ့လျှက်စံတော်မူလေ၏။

အကြည့်ခံ မင်္ဂလာပွဲသို့ လာရောက် ရုံးဝေးကြသော၊ မျိုးတော် မတ်တော် တို့သည်လည်း၊ နံနက် တချက်တီး ကျော်တိုင်အောင်၊ မင်းယင်ပြင်နှိုက် ခစားနေကြရာ မင်း ကြီးထွက်တော်မမူသည်ကား အကြောင်းရှိလိမ့်မည်၊ အ ကယ်၍ အကြောင်းရှိပါမူကား၊ အတွင်းတော်က မည် ကဲ့သို့အကြောင်းရှိသည်ကို၊ အမိန့်တော်ပြန်ကြားရန်သင့် ပါလျက်၊ မပြန်မကြား နေခြင်းသည်ကား၊ ထူးသော အ ကြောင်းရှိဟန်လက္ခဏာ၊ တူချေသည်။ သို့အတွက်စောင့် ဆိုင်း နေကြသော်လည်း၊ နာရီအချိန် လွန်ပြီ ဖြစ်သော ကြောင့်၊ ခစားကြသောအစုအဝေးကိုရုပ်သိမ်း၍၊ မိမိတို့ အိမ်သို့ပြန်ကြရန်သာ ရှိချေတော့သည်ဟု၊ တိုင်ပင် ညီ ညွတ်ကြပြီးလျှင်၊ မိမိတို့သား-တူ စသည်တို့ကိုခေါ် ပြီး၊ နန်းတော်မှသက်၍ပြန်ကြလေကုန်၏။

နံနက်တချက်တီးအချိန် လွန်သည့်အခါ၊ ဒွန်းစဏ္ဍား လည်း၊ ယနေ့ မျိုးမတ်တို့ အမိန့်ပေးထားသည့်အတိုင်း နန်းတော်သို့ဝင်၍၊ မင်းယင်ပြင်တော်နှိုက်၊ တမျက်ခတ်၊ သုတ်သင်ရှင်းလင်းလျက်ရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးသည်လည်း။ ဤအချိန်သည်၊ တမျက်ဖွဲ့ည်း- ဒွန်းစဏ္ဍားဖြန်ချိန်ဖြစ်သည်။ငါထွက်တော်မူမှသင့်ချေမည်ဟု၊ ထွက်တော်မူရာ။ ဒွန်းစဏ္ဍားတံမျက်ဖွဲ့ည်း သည်ကို မြင်ရလေသည်။

ထိုအခါမင်းကြီးက၊ ဟဲ့-ဒွန်းစဏ္ဍား။နင့်ကိုနံနက် တချက်တီးအချိန်လာ၍ တမျက်ဖွဲ့ည်းရန်၊ ငါအမိန့်ပေးထားသည်ကို။ ယောင်မင်းသည် ဤအချိန်ကလွန်မှလာ၍၊ တမျက်ဖွဲ့ည်းခြင်းသည်ကား၊ မည်သည့်အတွက် ငါ့အမိန့်တော်ကို မတည်သနည်း။ မှန်မှန်လျှောက်ထား ရမည်ဟု၊ မိန့်တော်မူလေ၏။

ဒွန်းစဏ္ဍား လည်း၊ ရှိခိုး သံတော်ဦး တင်ပါသည် ဘုရား၊ ကျွန်တော်မျိုးသည်၊ အရှင်မင်းကြီး အမိန့်တော်မြတ်အတိုင်း တည်ကြည်ပျော်။ နေ့စဉ်နံနက်တချက်တီး အချိန်အတိုင်း၊ ပျက်ကွက်သည်မဟုတ်ပါ။ ဖွဲ့တိုက်ဝန်မင်း အသိဖြစ်ပါကြောင်း။ မနေ့က မှူးတော် မတ်တော် တို့က၊ နင်-သနေ့နံနက် တချက်တီးအချိန် ကျော်မှ၊ နန်းတော်တို ဝင်ရမည်ဟု၊ အမိန့်ချမှတ်ပါ၍၊ ယင်းသည့်အမိန့်အတိုင်း နာခံဆင်ရွက်ရပါကြောင်းပါဘုရား၊

ကျောင်းပြီ မောင်မင်း တင်လျှောက်ချက် အရ၊ ငါ မှူးတော် မတ်တော်များကို စစ်ဆေးတော်မူမည်၊ မောင်မင်း၊ ဤနေရာက မသွားလေနှင့်ဟု မိန့်တော်မူပြီးလျှင်၊



မှူးတော်-မတ်တော်တို့ကို၊ ညီလာခံဝင်ကြရန်။ သံတော်ဆင့်တယောက်စေလေ၏။

ဒွန်းစဏ္ဍားလည်း၊ ငါသည်မှူးမတ်တို့၏ အမိန့်အရ၊ နာရီအချိန်လွန်မှ နန်းတော်သို့ဝင်၍။ တမျက်ဖွဲ့ည်းခတ်သည်ကို။ မင်းကြီးအလိုမကျဟုပြီချေသည်။ မှူးတော်-မတ်တော်တို့ကိုခေါ်၍ စစ်မေးသော်၊ မှူးတော် မတ်တော်တို့က၊သူတို့အမိန့်မပေးပါဟုလျှောက်တင်ချေက၊ငါနိုက်မင်းဖြစ်-မင်းဒါဏ်ခံရချေတော့မည်ဟု၊နှလုံးတုံလျှက်၊ အလွန်ကြောက်သောစိတ်ကိုဖြစ်လျှက်နေရလေ၏။

ဝန်ရ, မှူးရ၊ မှူးတော် မတ်တော် အပေါင်းတို့သည်လည်း၊ အမိန့်တော်မြတ်နှင့်၊နန်းတော်မင်းယင်ပြင်တော်သို့၊ဝင်ရောက်ခစားလျှက်နေကြလေ၏။

မင်းကြီးသည်။ မှူးတော်-မတ်တော်တို့ ခစားလျှက်ဟုကြကြောင်း သိတော်မူ၍။ ထွက်တော်မူလာပြီးလျှင်၊ ဘယ့်နှယ်လဲ။ မှူးတော်မတ်တော်တို့၊ အကြည့်ခံမင်္ဂလာ အခမ်းအနားကိုမည်သို့ စီမံကြပါသနည်းဟု။ မေးတော်မူလေ၏။

မှူးမတ်တို့ကလည်း။မှန်ပါအကြည့်မင်္ဂလာ၊အခမ်းအနားကို၊ဘုရားကျွန်တော်ဝန်တို့အားယနေ့နံနက် တချက်တီးအချိန်တွင်အကြည့်ခံမင်္ဂလာပွဲကိုကျင်းပမည်၊ဤအချိန်၌၊ တမျက်ဖွဲ့ည်းဒွန်းစဏ္ဍား၊နန်းတော်သို့မဝင်ရ၊တချက်တီး

www.burmeseclassic.com

www.burmeseclassic.com



ကျော်မှ၊နန်းတော်သို့ဝင်ရမည်ဟု၊အမိန့်ပေးထားပြီးသော်၊ ကျွန်တော်မျိုးတို့ မှူးသားမတ်သား သူဌေးသူကြွယ်သား များကိုဝတ်သန့်ဝတ်ကောင်းဆင်ယင်စေပြီးလျှင်၊ နံနက်တ ချက်တီးက ၂ ချက်တီးခန့်တိုင်လာရောက်ရပ်ဝေးခစားလျက် ယှိနေကြပါကြောင်း၊အရှင်မင်းဧကရာဇ်ထွက်လာတော်မ မူခြင်းကြောင့်၊အချိန်လွန်၍ ကျွန်တော်မျိုးများပြန်ကြရပါ ကြောင်းပါဘုရား၊

အင်း–မောင်မင်းတို့ကလည်း၊ဒွန်းစဏ္ဍားကို၍အချိန်မ ဝင်ရန် တားမြစ်ထား ကြောင်း ကိုလည်း၊ ငါ့ကို သတိ ပေး လျှောက်ထားခြင်း မပြုကြချေ၊ငါကလည်း ၎င်းအချိန် သည် ဒွန်းစဏ္ဍားလာချိန်ဖြစ်သည်၊သင်းပြန်ချိန်ကျရောက် မှ၊ငါထွက်တော်မူသော် သင့်လျော်ချေမည်ဟု အကြံနှင့်၊ အချိန်လွန်မှထွက်တော်မူရာ၊ ဟောဒီဒွန်းစဏ္ဍားကိုတွေ့မြင် ရချေပြီ၊မှူးမတ်အပေါင်းတို့က၊ တောင်းရာကိုကြံစိပြုလုပ် ကြပေသည်၊ငါကလည်းတောင်းရာကိုကြံစည်ပြုလုပ်ခြင်း ဖြစ်ပေသည်။ အကြံအစည်ကောင်းကြသော်လည်း၊ တိုင် ပင်ကြံစည်ရသည် မဟုတ်သောကြောင့်၊ အကြံကောင်း လျက်လွဲချေပြီ။ သို့ကြောင့် မင်းတို့စကားမိုးကြိုးသွား ဆို ဘိသကဲ့သို့၊ ဥပဒေ ထုံးတမ်း ရှိသည် အတိုင်း လိုက်နာ ဆောင်ရွက်ကြရမည်၊ အမျိုးယုတ်ပင်ဖြစ်သော်လည်း၊မ လွဲမဖယ်သာ ယှိသဖြင့်၊ ဒွန်းစဏ္ဍားသို့ သမီးတော်ကိုနှင်း အပ်ရန်သာ၊ ပြီးစီးအောင် စီမံကြရမည်၊ မှူးတော် မတ်



တော်တို့ဟု၊ မိန့်တော်မူ၍၊ အတွင်း တော်သို့ ဝင်တော် မူလေ၏။

မှူးမတ်တို့လည်း၊ အမတ်မင်းတို့ အကြံကောင်းသော် လည်း၊အကြောင်းက မညီညွတ်ယှိကြပေတယ်၊ မင်းမှာ သစ္စာ၊လူမှာဂတိဆိုသိ၍သို့၊ ဘုရင် ဧကရာဇ် မင်းမြတ် လည်းရှေးအစဉ်အလာဥပဒေစည်းကမ်းထုံးတမ်းရှိသည် အတိုင်း၊မလွဲမဖယ်သာချေ လိုက်နာဆောင်ရွက်ကြရမည် ဟု၊မိန့်တော်မူပြီးလျှင်၊ အတွင်းတော်သို့ ဝင်တော်မူရာပြီ၊ ရွှေစိတ်တော်ကြည်သာတော်မူသည့်လက္ခဏာမဟုတ်ဖူ ဘူးဗျ၊မျက်နှာတော်ညှိုးလျက်ဖြစ်ချေသည်၊အမတ်မင်းတို့၊

မျက်နှာတော်ညှိုးရာပအမတ်မင်း၊ အကြံတော်လျက် ကနှင့် အလွဲချော်နေတော့၊ နှလုံးမသာစရာ ဖြစ်တော်မူ မှာပ၊တမျက်ဖျည်းဒွန်းစဏ္ဍားက တယ်ဟန်ကြပေတယ်၊ ပသာဒစန္ဒီမင်းသွီးကလည်း၊ဒွန်းစဏ္ဍါးနှင့်ကံဆုံဘို့ဖြစ်လါ တဲ့၊နဖူးစာဟာ၊ တယ်လိုအံ့ဩဖွယ်ရာကောင်းပါပေဗျား။

အံ့ဩဖွယ်ကောင်းတယ်သာဆိုကြတယ်၊မင်းသွီးက ဒွန်းစဏ္ဍားကို နှစ်သက်နိုင်မည် မဟုတ်ဖူးဗျ၊ ဥပဒေထုံး တမ်းအတိုင်းလိုက်နာအောင်ဟာ၊ ဘယ်လိုကြံ၍ လျှောက် ထားရမည်ကိုကြံကြပါဒုံးအမတ်မင်းတို့၊

ဟုတ်ပါပေတယ်၊မင်းသွီးကိုတော့၊ ရှေးကနန်းစဉ်ထုံး တမ်းစာလာဥပဒေစည်းကမ်းကို၊မလွှန်ဆန်ဘို့အကြောင်း ကိုပြောရမှာပ၊ ဒွန်းစဏ္ဍားကမခဲ့ယဉ်းပါ၊ မင်းသွီးကိုရ

www.burmeseclassic.com

www.burmeseclassic.com



မည်ပြောလိုက်ရင်၊ ဝမ်းသာလုံးကြီးဆို့ပြီးတော့ မေ့သွားမလား။ အားရဝမ်းသာနှင့်။ ထ ပြီးတော့- လက်ခုံမောင်းခတ်ပြီးလျှင်၊ ငါလိုလူ-ဇမ္ဗူ့ ဒီပါမှာ ရှိသေးလားတဲ့သို့၊ ကြိမ်း ဝါး ပြီးကများကာလိမ့်မလား။ မပြောတတ်ဖူးအမတ်မင်းတို့။

ထိုအခါမင်းသမီးက။ လက်ပါးစေအမျိုးတော်တယောက်ကိုစေလွှတ်၍။ ဒွန်းစဏ္ဍား၏။ ရုပလက္ခဏာ။ ၎င်း၏ပြောပုံ ဆိုပုံများကို။ ကွယ်ရာမှ ကြည့်ရှု နားထောင်၍။ တင်လျှောက်ရမည်။ စေလွှတ်လိုက်သည့်အတိုင်း။ အမျိုးတော်သည်။ အမိန့်အတိုင်းသွားရောက် ကြည့်ရှုနားထောင်လျှောက်သို့လေ၏။

မှူးမတ်တို့က။ ဟေ့ဒွန်းစဏ္ဍား။ ဒီကိုလာခဲ့ အုံးကွဲ့။

ဒွန်းစဏ္ဍားက။ ရော-မင်းကြီးသည်၊ ဘယ်လိုများအမိန့် မှတ်သွားပါလိမ့်မှာလဲ။ ငါကြောက်လိုက်ပါဘိတော့တယ်ဟု၊ ထိတ်ထိတ်ပြာပြာနှင့်၊ ဝန်ကြီးများ ဟိုရာသို့သွားလေ၏။

ဝန်မင်းများက။ အမောင်ဒွန်းစဏ္ဍား။ ဤခုံပေါ်တွင်။ ထိုင်တော့လောဟု နေရာပေးလေ၏။

ဒွန်းစဏ္ဍားက၊ အကျွန်ုပ်မထိုင်ဝန့်ပါ။ မိန့်တော်မူသည်ကိုနာခံရမည်ဖြစ်ပါသည်ဟု လျှောက်လေ၏။

ငါတို့ကအခွင့်ပေးသောကြောင့်။ အမောင်သည်ခုံပေါ်နှက်အပြစ်မဟုတ်။ ထိုင်သာထိုင်ပါဟု မိန့်ကုန်၏။



အပြစ်မဟုတ်သော်လည်း မထိုင်ဝန့်ပါ။ အမိန့်တော်ကိုသာ နာခံရမည်ဖြစ်ပါကြောင်း။

အမောင်ရှိသေခြင်းသည်ကား။ ရုက်ခြင်းမဟုတ်၊ သူခြင်းမမျှသောကြောင့်၊ တရားနှင့်အညီ စည်းကမ်း စောင့်၍ ရှိသေခြင်းသည်။ တော်ပါပေသည်။ အမောင်ပါမျှကြောက်ရန်မဟုတ်ဘူး။ အမောင်ကံကောင်းသည်ဟူ၍ မှတ်ပါလေ။

သည်လိုကွဲ့။ ငါတို့တိုင်းပြည် ဥပဒေစည်းကမ်း ဟူသည်မှာ။ ဘုရင်မင်းမြတ်သမီးတော်သည်၊ အချိန်အရွယ် အသက် ၂၀ ပြည့်သောကြောင့်။ ဘုရင်မင်းမြတ် ဦးခွံမြင်သောသူနှင့်သာ။ ထိမ်းမြားမြဲဟူသည်အတိုင်း။ အကြည့်တော်မင်္ဂလာပွဲခင်းကျင်းသည့်အခါ ဘုရင်မင်းမြတ်ထွက်တော်မမူ၍။ မင်္ဂလာအခမ်းအနား ရုပ်သိမ်းပြီး နောက်မှ၊ ဘုရင်မင်းမြတ် အတွင်းတော်မှထွက်တော်မူရာ။ အမောင့်ကိုတွေ့မြင်ရသဖြင့်၊ အမိန့်တော်မြတ်အရ၊ အမောင်သည်။ ဘုရင်မင်းမြတ်သမီးတော်ကို။ ထိမ်းပိုက်ခေါ်ဆောင်သွားရလိမ့်မည်ဗျား။

အော် မင်းဘုရားကြီးတို့တိုင်းပြည်မှာ၊ ရှေးအစဉ် အလာမပျက်။ ဥပဒေစည်းကမ်းဟူသောကြောင့်။ ဘုရင်မင်းမြတ်ကြီး အမြင်ဦးသူနှင့်။ သမီးတော်ကို ပေးမြားရမည်။ အကျွန်ုပ်တို့ အမြင်ဦးသောသူဖြစ်၍ စည်းကမ်း မပျက် ဘုရင့် ရင်သွေးတော်မြတ် ဖြစ်သော။ သမီးတော်ကို သိမ်းပိုက်ဆောင်ယူသွားရမယ်ဆိုပါတော့။

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်မောင်၊ဟုတ်ပေတယ်။ အမောင်သိမ်းပိုက်ဆောင်ယူရလိမ့်မယ်။

ဥပဒေယှိပေမဲ့။ဘုရင့်သမီးကို အကျွန်ုပ် မသိမ်းပိုက်လိုပါ။ သိမ်းပိုက်သော်လည်း အကျွန်ုပ်နှင့်၊ အကျိုးယှိမည်မဟုတ်ပါ။သို့အတွက် မယူလို။ မသိမ်းပိုက်လိုပါဘု ငြင်းပယ်လေ၏။

ဘုရင့်သမီးကိုရတာ။ အားရဝမ်းမြောက်စရာသာ ယှိရမည်မဟုတ်လားမောင်ရဲ့။

ဘာအားရ ဝမ်းမြောက်စရာ ယှိမှာလဲ။ အကျွန်ုပ်က၊ ခွန်းစလျှား။ သူတပါးသန္တာသမျှစွန့်သည်ကိုသာ တောင်းရမ်း စားသောက်သူဖြစ်၍။ မင်းသမီးမှာသာ ဂုဏ်နိမ့်၍ အကျိုးယုတ်စရာယှိမှာပေါ့မင်းဘုရားတို့။

အမောင်ဘာကြောင့်။အထင်လွဲနေပါသလဲ။မင်းကြီးသမီးကိုရသည်အတွက်။အမောင်ဂုဏ်ယှိမှာပေါ့ဟု၊ ဝန်တို့ကပြောပြလေ၏။

မင်းဘုရားတို့ပြောပြသော ဂုဏ်သည်။ဥပမာအားဖြင့်။ ရွှေရောင်ညီးသောပြသာဒ်ကြီးနှင့်၊ ကျီးကန်းနားသကဲ့သို့ ကျီးရောင်တခြား၊ ရွှေရောင် တခြား ဖြစ်မှာပေါ့၊ မင်းသမီးသည်၊ ခွန်းစလျှားကိုယူရသည်ကိုလဲ အများကကဲ့ရဲ့ကြမည်၊ ခွန်းစလျှားသည် မတူမတန်သည်ကို ရသည်ဟု။ အများကအပြစ်ဆိုကြစေမိမ့်မည်၊ သို့ကြောင့်အကျွန်ုပ်မယူလိုပါ။



မဟုတ်ပါဘူးမောင်ရဲ့။ မင်းသမီးကိုရသည့် အတွက်။ သူတပါးက၊ အပြစ်ပြောကြမယ်မဟုတ်၊ အင်မတန် ကံကောင်းပေတယ်ဟု-အံ့သြကြမှာပေါ့။ ငါတို့မှူးမတ်သားများနှင့်မထိုက်တန်၊မောင်နှင့်သာထိုက်တန်သောကြောင့်။ မင်းသမီးကိုရပေသည်။အမောင်ပါသြီးငယ်စရာရှိမလဲ။

မင်းဘုရားတို့ကသာ၊ မင်းမျိုးမင်းနွယ်ဖြစ်၍ ဝမ်းသာသင့်သည်ဟု။ မိန့်ဆိုသည်ကား မှန်ပါ၏။ အကျွန်ုပ် ကခွန်းစလျှားဖြစ်၍ ဝမ်းသာခြင်းစိတ်သည်။အလွန်ဝေးလှပါတယ်၊ မင်းသမီးကို ရသည်အတွက်-ဥပမာ။ ဘာနှင့်တူပါသလဲ ဆိုတော့။ ဆင်ဖြူတော် ဦးစီးနှင့် တူလှပါတယ်။ မင်းဘုရားတို့။

ဆင်ဖြူတော်ဦးစီးနှင့်တူဒါကိုပြောပြစမ်းပါအုံးမောင်ရဲ့။ ဆင်ဖြူတော်ဦးစီးသည် ဂုဏ်တော့ရှိပါရဲ့။ ဆင်ဖြူပေါ်သို့စီးသည့်အခါ၊ ရှိုး၍ အပေါ်က လိုက်ရသည့်အတွက်၊ ထူးသည်မဟုတ်လှပါ၊ သို့ကြောင့်၊ မင်းသမီးကို ရသည်အတွက်၊ ရှေးသို့ညိုးငယ်စရာအပုံကြီးများလိမ့်မယ်ထင်ပါတယ်မင်းဘုရားတို့။

ထိုအခါ မင်းသမီးက စေလွှတ်လိုက်သော၊ အမျိုတော်သည်၊ အကျိုးအကြောင်းကို သိရသည်အတိုင်း၊ မင်းသမီးအဆောင်တော်သို့ဝင်လေ၏။

မင်းသမီးက၊ ဘယ့်နှယ်လဲ ခွန်းစလျှားကို မြင်ခဲ့ပါရဲ့လား၊



www.burmeseclassic.com

www.burmeseclassic.com



မှန်လှပါ ဒွန်းစဏ္ဍားသည်၊ အလွန်မှ လှပထည်ဝါကျေးသူ ဖြစ်ပါတယ်၊ စကားပြောသောအသံကလေးသည်၊အလွန် မှသနားစရာ-ချစ်စရာကောင်းလှပါဘုရား၊

သူဘယ်လိုများပြောဆိုပါသလဲမမရဲ့၊

မှူးတော် မတ်တော်တို့က၊ ထိပ်ခေါင်တင်မကို သိမ်း ပိုက်ရမည်ဟု ပြောပါသည် ဘုရား၊ ဒွန်းစဏ္ဍားက၊ မယူ သင့် မသိမ်းပိုက်သင့်—မပိုက်သင့်ကြောင်းကို၊ငြင်းပယ်ပါ သည်ဘုရား၊ နောက်ဆုံး-မင်းသမီးကိုရသောသူသည်၊ ဆင် ဖြူတော်ဦးစီး နှင့်တူသည့်လို-ဒါဘဲမှတ်မိပါကြောင်းပါ၊

အတော်များပါသည်၊ မကြားတချက်ကြားတချက်နှင့် နားထောင်ရပါသည်ဘုရား၊

မင်းသမီးက၊ အတော်ဒွန်းစဏ္ဍားဘဲကို မမရဲ့-အနီးဖြင့် လျှင်၊ မမတို့လေးငါးယောက်သွား၍၊ ဝန်မင်းများကိုပြော ဆိုပြီးလျှင်၊ ဒွန်းစဏ္ဍားကို ကျွန်မအဆောင်တော် ခေါ်လာ ရမည်၊မြန်မြန်သွားကြပါ။

အပျိုတော်များလည်း၊အမိန့်တော်နှင့်အဆောင်တော် မှထွက်ခဲ့၍ မှူးတော် မတ်တော်တို့ ရှေ့ရောက်လျှင်၊ မင်း ဘုရားကြီးတို့၊ ဒွန်းစဏ္ဍားကို ထိပ်ခေါင်တင် မက၊ သူ့အ ဆောင်တော်သို့ခေါ်လာရမည်ဟု၊ဘုရားကျွန်မတို့ကို စေ လွှတ်လိုက်ပါသည်၊ အခွင့်ပြုတော်မူကြရန်၊

မှူးမတ်တို့ကလည်း၊ ကောင်းပြီ အထိန်းတော် အယာ တော်၊ အချော်တော်တို့၊ အမိန့်တော်နှင့်လာလျှင်၊ ယော



သူ့ဘဲခေါ်ကြလေတော့ဟုအခွင့်ပြုပြီးလျှင်၊ ဝန်ရမှူးရတို့ သည်နန်းတော်မှ သက်ကြလေထုန်၏ ။

ကိုင်း အမောင်ဒွန်းစဏ္ဍား၊တခါဖြင့်လိုက်ခဲ့ပေတော့၊

ဘယ်ကိုလိုက်ရမလဲ၊

အတွင်းဆောင်ကိုလေ၊

အတွင်းဆောင်တော်ကို ဘာလုပ်လိုက်ရမလဲ၊

ထိပ်ခေါင်တင်မဖုရားက၊အမောင့်ကိုတွေ့လိုသတဲ့၊

ထိပ်ခေါင်တင်မဖုရားဆိုဒါဘာလဲ၊

ရှင်ဘုရင့်သမီးတော်ဖြစ်တယ်၊

ရှင်ဘုရင့်သမီးတော်ကခေါ်သို့လိုက်ရမယ်လား၊

ဟုတ်တယ် ယခုအမြန်လိုက်ရမယ်၊

လိုက်လို့ရောက်တော့၊သူက ဘာလုပ်မှာလဲ၊

ဘာလုပ်မယ် ညာလုပ်မယ်မသိဘူး၊ ရောက်တော့သိ လိမ့်မယ်၊ တယ်ပြီးအမေးအမြန်းထူတယ်၊ လာ-ထ-အခု လိုက်ခဲ့ဟု၊ အပျိုတော်များကလက်ကိုဆွဲကြလေ၏၊

မမတို့ကျွန်ုပ်လက်ကိုမဆွဲကြပါနှင့်၊ အခုအမြန်လွှတ် ကြပါဟုပြောလေ၏၊

အမယ်လေးသူကမူရသေးတယ်၊တို့လိုအပျိုတော်ကို ယောကျ်ားဆို၍၊ ထိတ္တိရာ ဝေးရော၊ ကြည့်တောင်မှမ ကြည့်ရဘူးပေါ့၊ အခုအမိန့်တော်နှင့်မို့သာ၊ အမောင့်ကို လက်ဆွဲ၍ ခေါ်တာ၊ အမောင်က နာတယ် ထင်သလား တော့၊

www.burmeseclassic.com

www.burmeseclassic.com



အကျွန်ုပ် နှာလို ပြောတာ မဟုတ်ပါ။ မမတို့ကနန်းတော်သူ ဇာနည်ရှင်များဖြစ်ပါတယ်အကျွန်ုပ်ကခွန်းစဏ္ဍားသူတောင်းစားအမျိုးယုတ်ဖြစ်ပါတယ်၊ အမျိုးယုတ်သောသူ၏ လက်ကိုမမတို့ဆွဲကိုင်သည်မှာ၊မမတို့နိက်ဂုဏ်သရေနိမ့်ကျမည်ဘိုစိုးရိမ်၍ အကျွန်ုပ် တောင်းပန်ပါတယ်။ လက်ကိုလွှတ်ကြပါ၊ အမြင်မတော်ပါဘူး။ ချမ်းသာစွာနောက်ကလိုက်ပါမည်၊ ရှေ့ကသာသွားကြပါဟု တောင်းပန်သည့်အတိုင်း။လက်ကိုလွှတ်၍။ အပျိုတော်များရှေ့ကသွားကြလေ၏။

မင်းသ္မီး အဆောင် တော်သို့ ရောက်လျှင်။ ခွန်းစဏ္ဍားသည်မျက်နှာကိုအောက်ချပြီး။ရှိုနိုးလျှက်ခစားလေ၏။

မင်းသ္မီးက။ခွန်းစဏ္ဍားဆိုဒါ သူဘဲလားမမတို့။

ဟုတ်ပါကြောင်းပါဘုရား။

အမောင် ခွန်းစဏ္ဍား။ မျက်နှာကို အောက်မချ ပါနှင့်မော်၍ကြည့်ပါ။ ရှိမနိုးပါနှင့် ချမ်းသာစွာနေပါ။ ကျွန်မပြောမယ်နားထောင်ပါ။အမောင်နှင့်ကျွန်မကိုခမည်းတော်ဘုရားက။ ပေးထိမ်းမြားပြီး ဖြစ်သောကြောင့်၊ အမောင်ကျွန်မကိုသိမ်းမိုက်ရမယ်၊

အကျွန်ုပ် မသိမ်းပိုက်ဝံ ပါ၊ ဖုန်းချင်း ကံချင်းမတူပါ၊ မင်းသ္မီးကမြတ်သောအမျိုးဖြစ်ပါတယ်။အကျွန်ုပ်ကယုတ်ညံ့သောခွန်းစဏ္ဍားဖြစ်ပါတယ်၊ သိမ်းပိုက်ဖို့ကို မပြောပါနှင့်ရှေ့တော်သို့ဝင်ရသည်ကိုလျှက်။အလွန်ဖြစ်ပါတယ်။



အမောင် အမျိုးမြတ်သောဘုရင်မင်းမြတ်၏ သ္မီးတော်ကို။သိမ်းပိုက်ဖို့ဝေးစွ။ ဆင်းရဲသားသူသာမန်ဘို့၊ ဘုရင့်သ္မီးတော်ကိုရသည်ဟူ။အိပ်မက်မျှ မက်နိုင်မယ်မဟုတ်ပါ အမောင်သာ ကံထူး၍ ဘုရင်သ္မီးတော်ကို ရသည်ကား။ သာမညမမှတ်ပါနှင့်။ထူးသောကံဟု မှတ်စရာကောင်းပါတယ်။

ကံဘယ်လိုထူးသော်လဲ။အမျိုးချင်း,ဂုဏ်ချင်း သဏ္ဍာချင်းမတူ၍ အလွန်ခဲ့ယဉ်းပါကြောင်း၊

အမောင်အမျိုးယုတ်သည်အမျိုးမြတ်သည်ကား။ပဓာနမဟုတ်ပါ၊ ကံအကြောင်း သာလျှင် ပဓာန ဖြစ်ပါတယ်။ သီဟိုဠ်ကျွန်းကို အစိုးရတော်မူသော။နဂ္ဂါမဏိမင်းကြီးသားတော်။သာလိကုမ္မာအမည်ရှိသော မင်းသားသည်။စဏ္ဍာလအမျိုးမှဖြစ်သော။ ဒေဝီအမည်ရှိသောမိန်းမသည်၊ ဥယျာဉ်တော်တွင်၊အသောကပန်းပင်ကိုတက်၍ ခူးနေရာမင်းသားတွေ့မြင်သဖြင့်။ချစ်ရေရှုပတင့်တယ်ခြင်းကြောင့်နှစ်သက် ခြင်းစိတ် ရှိသဖြင့်။ အသင့်မှာ ထိမ်းမြား အပ်သောသူ ရှိသလောဟုမေးရာ၊ဒေဝီက–မရှိကြောင်းပြောလျှင်၊မင်းသား သိမ်းမိုက်တော်မူ၍။ အသောကာ ပန်းပင်နိုက်ရသည်ကို အစွဲပြု၍။အသောကမာလာဒေဝီ–ဟူ။ဘွဲ့ချီပြီ,လျှင်မိဖုရားကြီးမြှောက်သောထုံးရှိပါလျှက်။အမောင်ကျွန်မကိုငြင်းပယ်စရာမဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



မင်းသမီးပြောသည်ကားပါမှန်၏၊ အသောကမာလာဒေဝီသည် အမျိုးယုတ်သော စဏ္ဍာလ ဖြစ်သော်လည်း၊ သာလိကရမှာ မင်း၏ ဖုန်းတော်တ တိုင်းပြည်ကို အုပ်ချုပ်သောမင်းဖြစ်သောကြောင့်၊ မည်သူကမျှ စဏ္ဍာလမျိုးဖြစ်သောမိမ္မကို ယူသည်ဟု အပြစ်ပြောဝံ့ကြမည်မဟုတ်ပါ။ မင်း၏ ဖုန်းတော်ရိပ်ကို ခိုလှုံရသဖြင့်၊ အသောကမာလာဒေဝီကိုလည်း၊လူအပေါင်းတို့ခဝပ်ရိုသေကြရပါမည်ကား မလွတ်ပါ၊ အကျွန်ုပ်မှာဖုန်းကံမယှိ၊ ဆိမ်ချေကို ဈောက်၍ တောင်းရမ်း စားရသူ ဖြစ်သည်၊ သူတပါးသနား၍ ပေးကမ်းစွန့်ကြဲမှသာ အသက်မွေးရခြင်း၊ ချောင်ချည့်သော ဖုန်းရိပ်ကိုအကျွန်ုပ်ရယှိပါသည်။ ဤတောင်းရမ်းစားသော ဒွန်းစဏ္ဍား အရိပ်ကို ခိုသဖြင့်၊ အသင် မင်းသမီးအား၊ သူ တောင်းစားဒွန်းစဏ္ဍားဒေဝီတို့၊ အများတို့က ခေါ်ဝေါ်ကြမည်မဟုတ်၊အကယ်တ၍ တစုံတယောက်က အမှတ်မဲ့ ခေါ်ချေသော်၊ မင်းသမီး သည်းခံနိုင်မည် မဟုတ်ပေ။ တွေ့မြင်သောမိမ္မအပေါင်းတို့က၊သည်မင်းသမီးကားယောကျ်ားရှားတို့၊ ယောကျ်ားမရနိုင်တို့ထင်ပါရဲ့၊ ယုတ်ညံ့သောဒွန်းစဏ္ဍားကိုသူမို့ ရုံမက်နှစ်သက်ပေတယ်ဟု၊ ရှုံ့ချကဲ့ရဲ့ကြ ထိမ့်မည် မဟုတ်ပါလော၊ သို့ကြောင့် မင်းသမီး၏ ဂုဏ်အသရေကိုထောက်ထားပါသည်၊ အကျွန်ုပ်ကိုအမှီပြု၍ ၊ အသင်မင်းသမီး အမျိုးမြတ်သောအဖြစ်မှ၊ နိမ့်ကျမည်ကိုစိုးပါသဖြင့်၊မသိမ်းပိုက်လိုကြောင်းတောင်ပန်ပါတယ်။



မင်းသမီးသည် စိတ်ထဲနှိုက်အောက်မေ့သည်ကား။ ဤယောကျ်ားသည်၊ အမျိုးကို စောင့်သောအားဖြင့်၊ တည်ကြည်သော စိတ်ယှိပေသည်၊ မိမိနှင့် မတူမတန်သည့် အတွက်၊ ဖြင်းပါယ်ခြင်းသဘော ယှိပေသည်၊ တော်ပေစွတကား၊သို့သော်ငါထပ်၍ ပြောဦးမည် အမောင် လောကမှာ ချီးမွမ်းခြင်းကဲ့ရဲ့ခြင်းတို့သည်ကါးအမြဲမဟုတ်ချေ၊ဓမ္မတါအတိုင်းဖြစ်ပါတယ်၊မာတင်္ဂသည်ဒွန်းစဏ္ဍားမျိုး မဟုတ်ပါလား၊ ဒိဋ္ဌမင်္ဂလိကာသည်၊ မြတ်သော သေဋ္ဌေး၏သမီးမဟုတ်ပါလား၊ ဆဲတာစောင် မိဖကာပေးမြားတော့၊ ဒိဋ္ဌမင်္ဂလိကာ–က၊ ဒွန်းစဏ္ဍားမာတင်္ဂကို၊ကျောပိုး၍ မာတင်္ဂ နေရာအရပ်သို့၊ ယူဆောင်သွားရသည် မဟုတ်ပါလား။ တဆိတ်စဉ်းစားပါဦးမောင်။

မင်းသမီး ဒိဋ္ဌမင်္ဂလိကာသည်၊ဒွန်းစဏ္ဍားမာတင်္ဂကိုမြင်ရသောအခါ၊ မျက်နှာသုံ့မှုပြီးလျှင်၊ ဟဲ့-ဤသူယုတ်ကို ငါ မြင်ရခြင်းသည်၊ ငါနိုက် မင်္ဂလာ ဆုတ်ယုတ်သည်၊ ဤအကောင်ယုတ်ကို အမြန်နှင်ထုတ်ဖြစ်ကြဟု၊အမိန့်ပေးလျှင် အခြွေ အရံတို့က၊ မာတင်္ဂကို ရိုက်ပုတ် တွန်းထိုး နှင်ကြလေသည်။

တွန်းထိုး ရိုက်ပုတ် နှင်သည်ကို၊ အနာဒရခံရသဖြင့်၊ ဆင်ခြင်သည်မှာ၊ ဤသေဋ္ဌေးသမီးသည်၊ ဥစ္စာပစ္စည်းဂုဏ်၊ အမျိုးဂုဏ်၊အဆင်းဂုဏ်ဘို့ကိုရသောကြောင့်၊ အလွန်မာနလွန်သည်နှင့်၊ငါကြိက်သရေမင်္ဂလာမယှိသောအကောင်

www.burmeseclassic.com

www.burmeseclassic.com



ကိုမမြင်လို။ရိုက်ပုတ်ဝွန်းထိုး နှင်စေသည်မှာသော့ဗြွေးသို့ အပေါ် နှိုက်။များစွာအဖြစ်ကြီးလေးလျှက်ရှိချေသည်။ ထို အဖြစ်ကိုပပျောက်ရန် ငါမကာယ်ဆယ်ကသံသရာနှိုက်နှစ် မွှန်းခြင်း ဖြစ်တော့မည်။သော့ဗြွေးသို့နှိုက်စွဲကပ် ယုတ်မာ သောမာနစိတ်တို့သည်။ လွှတ်ကင်း၍ ။ စိတ်ဖြင့် မပြစ်မှား ရခြင်း။ ကိုယ်နှုတ်ဖြင့် မပြစ်မှားရခြင်း။ ကောင်းမှုတို့ကို ရှောင်ကြဉ်ခြင်း။ အာရတီ၊ ဝိရတီ -ဂုဏ်မှုသေလေးဖြတ် ထိုက်သောသူကို ဖျပ်ဝပ် ရှိသေရသော ဂါရဝေါဝဂုဏ်၊ မာနမယှိစွန့်ပယ်၍ မိမိကိုယ်ကိုနှိမ့်ချရသော နိဝါတောဝ ဂုဏ်။သူကြီးမိဘဆရာသွားပညာယှိ သူတော်ကောင်းတို့ ဆိုဆုံးမသည်ကို။ ဦးလည်မသုံ အမြန်နာယူ ကျင့်ဆောင် လေ့ယှိသော သောဝစဿတာ ဂုဏ်တို့ကို။ ရစေခြင်းငှာ ငါကယ်ဆယ်မှ။ ထိုသော့ဗြွေးသို့နှိုက် အဖြစ် ချမ်းသာယာ ရချေတော့မည်။ ငါ့ကြောင့်အဖြစ်ယှိသည်အားမလျော်ချေ ငါ့ကြောင့် အဖြစ်ယှိသည်ကို ချမ်းသာမှသာ။ ငါ၏တာ ဝန်ကင်းလွှတ်ချေမည်တကားဟု စဉ်းစား ကြံစည်ပြီးလျှင် သော့ဗြွေးသို့အိမ်တံခါးပေါက်-မြေပေါ်တွင် အလျှားမှောက် လျက်။ ဒိဋ္ဌမင်္ဂလိကာကို။ ငါအလို ယှိသည်၊ ပေးပါ ဟု တောင်းရမ်းလေ၏ ။

သို့လိုအောဲဟစ်တောင်းရမ်းသည်ကို။ လမ်းသွားလမ်း လာတို့ရှုရှုံး ကြည့်ကြရကား။ အုတ်အုတ်ကျက်ကျက် ဖြစ် သောကြောင့်။ သော့ဗြွေးကြီးက အကြောင်းကို သိသဖြင့်၊

ရွှေငွေ အဝတ်အထည်အစယှိသည်တို့ကို ပေးလေသည်။ ဤရွှေငွေ-အဝတ်အထည်ဘို့ကိုငါအလိုမယှိ။ဒိဋ္ဌမင်္ဂလိကာ ကိုသာ ငါအလိုယှိသည်ဟုပြောလေ၏ ။

နောက်သော့ဗြွေးကြီးက၊ ငါနှိုက် ဆင်မြင်းကျွဲ နွား-ဆိတ် တို့ပေါများပါသည်၊ အလိုယှိလျှင်တဝက်ခွဲ၍ ပေးပါမည်။ လယ်ယာ-ခြံဥယျာဉ်များကိုအလိုယှိလျှင်တဝက်ခွဲ၍ ပေး ပါမည် ယူပါဟုပေးဖြန်လေသည်ကို။ ဤပစ္စည်းတွေပေး သည်ကား။ငါ့နှိုက်အသုံးမကျ။ငါမယူလို။ ဒိဋ္ဌမင်္ဂလိကာကို သာငါအလိုယှိသည်။ ဒိဋ္ဌမင်္ဂလိကာ-ကိုငါမရလျှင်။ဤနေရာ က-ငါမထပြီ၊ငါ့အသက်ကိုအသေခံမည်ဟုပြောလေ၏ ။

မာဒင်္ဂသည်အစာငတ်၊ရေငတ်ခံ၍ ။မြေကြီးပေါ်မှမထ ဘဲ။ဒိဋ္ဌမင်္ဂလိကာကိုတောင်းရမ်းနေသည်မှာ၊ ခြောက်ရက် တိုင်ယှိလေသည်။ ထိုအခါ သော့ဗြွေးကြီးက-ဆိုသူသည်။ ငါ့သမီးကိုမရပါက။ ဤနေရာတွင်သေဆုံးစရာယှိလေသည်။ တောင်းရမ်းသောသူကို။ အလိုပြည့်အောင် မပေးချေက။ သေဆုံးသော်။ငါဘို့၌အမျိုးဂုဏ်ပျက်ချေမည်၊ လူအပေါင်း တို့ ရှုတ်ချကဲ့ရဲ့ခြင်းအဖြစ်ကို ခံရချေမည်၊ သမီးကိုနှမြော သည်အတွက်ကြောင့်။ မိမိဘို့အမျိုးဂုဏ် ပျက်ခြင်း။ သူတ ပါးတို့ကဲ့ရဲ့ခြင်းမှ ကင်းလွှတ်ရအောင်၊ သမီးကိုပေးလေ သင့်လျှော် ချိမ့်မည်ဟု-ဆင်ခြင်တိုင်းထွာလျှက် သမီးကို ခေါ်သေ၏ ။



www.burmeseclassic.com

www.burmeseclassic.com



ဒိဋ္ဌမင်္ဂလိကာ လည်း၊ အဖရှေ့-အပြစ်ပြောက်ပါး ကင်းရာက-ရှိသေစွာခစားလျက်ယှိလေ၏။ ထိုအခါသေဌေးကြီးက၊ ချစ်သမီးကို-သူတောင်းစားဒွန်းစဏ္ဍားက။ အသက်သေခံမလောက်မရမက—တောင်းချေပြီ။ ချစ်သမီးကို မရချေက၊ ၎င်းဒွန်းစဏ္ဍားသည်။ ချစ်သမီးအတွက်အသက်သုံးချေသော်၊ ငါအဖ၏ တာဝန် ဖြစ်ချေသည်တကြောင်း၊ အမျိုးတို့၏၊ ကျင့်ဂုဏ် ပျက်မည်တကြောင်း။ လူအများတို့ကဲ့ရဲ့ချေမည်တကြောင်း၊ ထိုအကြောင်းများကို၊ အစွန်းအညီ-မယှိစေရန်၊ ချစ်သမီးသည်၊ သူတောင်းစားဒွန်းစဏ္ဍားနောက်သို့လိုက်ချေတော့ဟု၊ အမိန့်ပေးလေ၏။

ဒိဋ္ဌမင်္ဂလိကာ သည်၊ အဖ အမိန့်ပေးသည်ကို မျက်နှာကြည်သာစွာနှင့်။ ဖခင်၏ အမိန့်အာဏာကို ငြင်းဆန်ဝံ့မည်သို့မဟုတ်ပါ။ ရှိသေစွာ(သောဝစဿတာ)မင်္ဂလာကို ခံယူပါတော့မည်ဟု အဖကို ရှိခိုးဦးချပြီးလျှင်၊ အိမ်ပေါ်မှဆင်းသက်၍၊ ယခင်က မာတင်္ဂကို၊ မင်္ဂလာမယှိ၊ အနိဋ္ဌဖြစ်သည်ဟု၊ အမျက်ထားသောစိတ်တို့သည်၊ ကင်းရှင်းလျက်။ မာတင်္ဂအနားသို့ ရှိသေစွာပျပ်ဝပ်ပြီးလျှင်၊ အရှင်သား-ကျွန်တော်မျိုးမ၏ ကျေးဇူးရှင်အဖသေဌေးက၊ အရှင်သား၏ အလိုဆန္ဒပြည့်ဝစေရန်။ အလုပ်အကျွေးအဖြစ်ဖြင့် အပ်နှင်းလိုက်ပါပြီ၊ အရှင့်သားခေါ်ဆောင်ရာသို့၊ ကျွန်တော်မျိုးမ။ နောက်က—ဖဝါးခြေထပ်လိုက်ရပါမည်အကြောင်းကို၊ သာယာစွာပြောလေ၏။



ထိုအခါမာတင်္ဂ-က၊ ဒိဋ္ဌမင်္ဂလိကာ၊ ငါ့မှာအသင်၏အစေခံတို့ထွန်းထိုးရိုက်ပုတ်သည်ကိုခံရ၍၊ ငါမထ-မသွားနိုင်ဖြစ်သည်။ သင်သည်ငါ့ကို ကျောပိုးပြီးခေါ်မှသာလျှင်၊ ငါလိုက်နိုင်တော့မည်ဟု ပြောသောအခါ၊ ဒိဋ္ဌမင်္ဂလိကာက၊ ချိုသာစွာ၊ ကောင်းပါပြီ၊ အရှင်၏နေရာ အရပ်ကိုသာညွှန်ပြပါတော့၊ ကျွန်တော်မျိုးမသည်၊ ဂါရဝေါစမင်္ဂလာ၊ နိဝါတောစမင်္ဂလာ-၂-ပါးကို ခံယူ၍၊ အရှင်သားအား၊ ကျောပိုး၍ ကောင်းမွန်စွာယူဆောင်ပါမည်။ ကျောပေါ်၌ ချမ်းသာစွာ လိုက်တော်မူပါဟု-ပြောပြီးသော်၊ ဆောင်ယူ၍ မာတင်္ဂ တဲပုတ်နိုက်၊ ရှိသေစွာလုပ်ကျွေးနေသည်ကား၊ ဒိဋ္ဌမင်္ဂလိကာသည်၊ နှစ်သက်သည်ဟုတ်မည်မထင်၊ မိမိတို့အမျိုးအရိုး အကျင့်ဂုဏ် ပျက်မည်ကိုစိုးသဖြင့်၊ အဖသေဌေးကြီး၏ အာဏာကို၊ မညင်းဆန်ပဲ မာတင်္ဂနောက်သို့လိုက်ပါရသည်။ မာတင်္ဂသည်၊ သာမညမဟုတ်။ ဘုရားအလောင်းဖြစ်သောကြောင့်၊ ဘုရားအလောင်းတော်တို့၏၊ အမိဋ္ဌာန် သစ္စာသည်ကား၊ ပြီးမြောက်မြဲ ဖြစ်ပေသည်။ ဒိဋ္ဌမင်္ဂလိကာသည်၊ ဒွန်းစဏ္ဍားမာတင်္ဂကို၊ ကျောပိုး၍ ယူဆောင်သွားသည်ကို၊ လူအပေါင်းတို့မြင်ကြရသော်၊ အော် ဒိဋ္ဌမင်္ဂလိကာသည်ကား၊ လွန်သောမာနတို့ကိုစွန့်လျက်၊ အဖသေဌေးအာဏာကို နှိမ့်စွာနာခံ၍၊ မိမိကိုယ်ကိုနှိမ့်ချသောအမှုကို၊ ဆောင်ရွက်ပေဘိကားဟု၊ အံ့သြချီးမွမ်းကြသည်ကား၊ အသံမစဲ ယှိပေသည်ဟု၊ မင်းသမီးအားပြောပြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မင်းသမီးက၊ အမောင် ပြောပြသည့်အတိုင်း ဟုတ်ပါပေတယ်၊ ဘုရားအဲလောင်း မာတင်္ဂသည်သေမွေး သမီးဖြစ်မှားသောအဖြစ်ကိုချမ်းသာစေရန်၊ ကယ်ဆယ်ခြင်း အမှုကိုဆောင်ရွက်ပါသည်။ သေမွေးသမီးသည်လည်း၊ မိမိ တို့အမျိုးဂုဏ်မပျက်စေရန်၊အဖ၏ အာဏာကိုကြိုးနှံ့လျက်၊ ခက်ထန်သော မာနကို ပယ်စွန့်ပြီးလျှင်၊ မိမိကိုယ်ကိုနှိမ့်ချ ခြင်းအမှုကိုပြုလုပ်သည်ကား၊ လူအပေါင်းတို့အံ့ဩချီးမွမ်း ခြင်းကိုခံရသည်မှာ၊ အမှန်ဖြစ်ပေသည်၊ ကျွန်မသည်ကား၊ အမောင့်ကိုဖြစ်မှားသူမဟုတ်၊ နန်းစဉ်ဥပဒေစည်းကမ်းယို သည်အတိုင်း၊ အဖဘုရင်မင်းမြတ်၏ အမိန့်အာဏာကို ကြိုးနှံ့စွာ-နာခံဆောင်ရွက်သောမိမ့်ဖြစ်ပါသည်၊ အမောင် မသိမ်းပိုက်သော်၊ ကျွန်မကို လူအများကဲ့ရဲ့၍ ဂုဏ်ပျက် မည်မဟုတ်ပါလော၊ မိဖအာဏာကိုလွန်ဆန်ရာ ကြရောက် မည်မဟုတ်ပါလော၊ ကျွန်မသည် အရှက်ကြီး၍ အသက် စည်းစိမ်ပျက်ခဲ့ပါသော်၊အမောင့်ကိုအမှီပြု၍ဖြစ်ရသဖြင့်၊ အမောင့်တာဝန်မဟုတ်ပါလော၊ အမောင်သည် ဘုရားဆု ပန်—မင်းယောကျ်ားမဟုတ်ပါလော။

ဒွန်းစဏ္ဍားသည်၊ မင်းသမီးပြန်ပြောသော အချက်တို့ကို စဉ်းစားဆင်ခြင်သည်ကား၊အော်—မင်းသမီးသည်၊ လော်ထီ ခြင်းတို့မှကင်းရှင်းလျက်၊ မိမိတို့ရှေးထုံးဥပဒေစည်းကမ်း ယိုသည်ကိုဖြောင့်မတ်စွာ လိုက်နာခြင်း၊ အဖ၏-အာဏာ ကို၊ မသွေမဖီ လိုက်နာခြင်းဖြစ်ပေသည်၊ ငါ-အတင်းငြင်း



ပယ်သည့်အတွက်၊မင်းသမီးနှိက်၊ တရုံတခုအန္တရာယ်ဖြစ် ခဲ့သော်၊ ငါ့ကိုအမှီပြု၍ဖြစ်သောကြောင့်၊ ငါ့အပေါ်နှိက် အပြစ်မကင်းရာ ရောက်ရေမည်၊ ငါ့တာဝန်ဖြစ်ချေသည်၊ သူတော်ကောင်းတို့မည်သည်၊ မိမိကိုအမှီ၍ သူတပါးချမ်း သာသည်ကိုသာ ဆောင်ရွက်မြဲဖြစ်ချေသည်၊ သို့အတွက် မင်းသမီးသည်-ငါ့ကိုအမှီပြု၍၊ ကိုယ်စိတ် ၂ ပါး ချမ်းသာ ရန်ကိုသာငါစောင်ရှောက်ရှန် ဝတ္တရားယှိချေသည်ဟု ကြံ အောက်မေ့ပြီးသော်၊မင်းသမီးသို့ပြန်ပြောလေသည်ကား။

မင်းသမီးသင်သည်၊ ဒိဋ္ဌမင်္ဂလိကာကဲ့သို့၊လွန်သောမာန စိတ်တို့ကိုစွန့်၍၊ နှိမ့်ချသော စိတ်မျိုးကို အစဉ်ယှိပါက၊ မင်းသမီးဆန္ဒကိုလိုက်၍၊ အကျွန်ုပ် သိမ်းပိုက်ဆောင်ကြဉ်း ပါတော့မည်၊ ကျွန်ုပ်မှာ-တောင်းရမ်း၍ အသက် မွေးသူ ဖြစ်တယ်၊မြို့စွန်မြို့ဖျားလူအများတို့တမျက်ချေးစွန့်ရာအရပ် နှိက်၊ ထမင်းလက်ရတ်မိုးကာလျက်၊မြေပြင်တွင်၊ မြေကြီးခဲ ကိုခေါင်းအုန်း၍၊ တမျက်ချေး စွန့်ရာတွင် ကောက်ရသော၊ ဂုအိုင်ရုတ်၊ အ င တ်ရုတ်များကို ခင်းခြုံ၊ ဝတ်ဆင်လျက်၊ အိုးကွဲခွက်ပဲ့တို့နှင့်ထည့်၍၊ ထမင်းနှင့်ရေကိုစားသောက် ရသူဖြစ်သောကြောင့်၊ မင်းသမီးသည်ကျွန်ုပ်ကဲ့သို့ဆင်းရဲမ ခံနိုင်တဲ့၊ စိတ်လက်ငြစ်ညူးမည်ကိုစိုးရိမ်ပါသည်။

မင်းသမီးလည်း အမောင် ကျွန်မကိုဖခမည်းတော်ဘုရင် မင်းမြတ်က၊ ကတိသစ္စာအတိုင်းတည်ကြည်စွာ ထိမ်းမြား ခြင်း ကို ပြုပြီး ဖြစ်ပါ သော ကြောင့်၊ ကျွန်မကို အမောင်

www.burmeseclassic.com

www.burmeseclassic.com



ဝိုင်ချေပြီ၊ ကျွန်မသည် ဘုရင်မင်းမြတ်၏ ဘွီးတော်ပင်ဖြစ်သော်လည်း။ အမောင်သည်သခင်ဖြစ်ချေပြီ၊ မိန်းမတို့မည်သည်၊ အမျိုးမြတ်သည်ဂုဏ်ကြီးသည်ဟုမမှတ်ရာ၊ အရှင်သခင်လင်ယောက်ျား၏ ခေါ်ရာ၊ ယောင်နောက်-ဆံတုံးပါမြဲဖြစ်၍၊ သခင်ဖြစ်သောလင်နောက်သို့လိုက်ပါရပါသည်။ သခင်ဖြစ်သော လင်သြဝါဒကို နာခံရပါသည်။ သခင်ဖြစ်သောလင်ရှာကြံ၍ပေးသမျှ ကျွေးသမျှနှင့်သာ၊ ယောင့်ရဲထင်းတိမ်ရပါသည်။ သခင်လင်၏ စိတ်ချမ်းသာစေခြင်းကိုဖျော်ဖြေရပါသည်။ သို့အတွက်မိန်းမကောင်းတို့အင်္ဂါနှင့်ညီစွာ ကျွန်မနာခံဆောင်ရွက်ပါမည်။ အမောင်တစုံတရာမိုးရိမ်ခွင့်မယှိုပါဟု-ဝန်ခံပြောဆိုလေ၏။

သာဓု-သာဓု-သာဓု-မင်းသွီး။ အခုပြောသည့်အတိုင်းညီညွတ်ပါလျှင် လိုက်ခဲ့ပါတော့။ ကျွန်ုပ်တဲဖုတ်သို့ သွားကြစို့။

မင်းသွီးလည်း၊ အဖ—ခမည်းတော် အာဏာနှင့်။ ဒွန်းစဏ္ဍား ခေါ်ရာ နောက်သို့ လိုက်ပါ ရပါမည့် အကြောင်း၊ လျှောက်ထား၍၊ အထိမ်းတော်။ အယာတော်။ အချိတော်။ အချော့တော်၊ ရွှေရံ အပေါင်းတို့ကို၊ နှုတ်ခွန်းတော် ဆက်တော်မူပြီးလျှင်။ ဒွန်းစဏ္ဍားနောက်က ရှိသေစွာ လိုက်သွားရာ။ တဲဖုတ်သို့ရောက်၍။ ကိုယ်စိတ်ချမ်းသာစွာနေထိုင်ကြလေ၏။



# အခန်း-၂။

ဒွန်းစဏ္ဍားလည်း။ ခါတိုင်းမှာ မိမိ တဝမ်းစာ ဖြစ်၍။ တောင်းရသည်မှာဝန်မလေး။ ယခုမှာ နှစ်ဝမ်းစာရအောင်တောင်းရမ်း ရသောကြောင့်။ အတော်အပင်ပန်းခံ၍ လှည့်ပတ်တောင်းရမ်း၍ မင်းသွီးအားပေးလေ၏။

မင်းသွီးလည်း တောင်းရမ်းလာသော စားကြွင်း ဟင်းထမင်းတို့ကို ဖက်ခင်း ပြီးသော်၊ ထမင်း-ဟင်း-အကြော်သနုပ်-ငါးပိစသည်များကို၊ တနေရာစီ သန့်ပြန့်စွာ ခွဲခြား၍၊ လက်ဆေးရေကို အိုးကွဲချမ်းတွင် ထည့်၍။ သောက်ရေ-လုပ်ဆေးရေကို အုန်းခွက်နှင့် ထည့်၍ ထားပြီးလျှင်။ ဘုရားကို ဆွမ်းတော်တင်ပြီးသော်၊ အမောင်-ထမင်းပြင်ထားပါသည်။သုံးဆောင်တော်မူပါဟုပြောလေ၏။

ဒွန်းစဏ္ဍားလည်း၊ ထမင်းစားရသည့်အခါ သင့်လျော်အောင်ပြင်ဆင်ကျွေးမွေးသည်ကို၊ တယ်ဟန်ရပါကလားဟုစိတ်ကအောက်မေ့ပြီးလျှင်။ ထမင်းစားလျှက်ယှဲ့လေ၏။ မင်းသွီးလည်း၊ ထမင်းဟင်းများကို ယင်ကောင် မနားရန်။ ရှိသေစွာ အဝတ်ပုတ်နှင့် ခပ်လျက်။ ဖြေးဖြေးသုံးဆောင်ပါ အမောင်။ အမောင်ဝဝစားနိုင်မှ အားယှိပါမည်။ အမောင်အားယှိမှ၊ ကျွန်မကို တောင်းရမ်း ကျွေးနိုင်ပါမည်။ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



အတွက်ကို မချန်ပါနှင့်၊ အရသာသည်ရောကို အကုန်ဘဲ သုံးဆောင်ပါဟု ချိုသာစွာပြောလေ၏။

ဒွန်းစဏ္ဍားထမင်းစားပြီးလျှင်၊ အမောင်-ဟောဒါ လုပ်ဆေးရန်ရေပါ။ ဟောဒါ သောက်ရန်ရေပါ၊ ဟောဒီ-အဝတ်ဇုတ်ကလေးရှော်၍ ထားပါတယ်၊ လက်သုတ်ပုဝါသုတ်ပါဟုပေးလေ၏။ ဟောဒီမှာ တောင်းရမ်းရသောကွမ်းဆေးများကို၊ ကွမ်းရာ ပြုလုပ်ထားပါတယ်။ ခံတွင်းအချင်ပြေ၊ ရေသည်ဆေးလိပ်ကိုဦးစွာသောက်ပါဟုရိုသေစွာပေးလေ၏။

မင်းသမီး ခါတိုင်းဆေးလိပ်အတိုသာ သောက်ရုရတယ်။ ယခု ဘယ်က အံ့ရှည်ရသလဲဟု မေးလေ၏။ မင်းသမီးက အမောင် ကောက်လာသော ဆေးသိပ်တိုများကို ဖျက်၍၊ ကြွင်းကျန်သောဆေးစပ်များကိုရုံပြီးလျှင်၊ ဟောဟိုက၊ ဗန့်ပွေးပင်ကကြွေကျသော အရွက်ချောက်ကို ကောက်၍၊ အသစ် ထပ်မံ လိပ်သော ဆေးလိပ် ဖြစ်ပါတယ်ဟု ပြောလေ၏။ ဒွန်းစဏ္ဍားက၊ အင်း-ကောင်းပေ့-ကောင်းပေ့။

မင်းသမီးလည်း ဒွန်းစဏ္ဍားသို့၊ စားဖွယ် သောက်ဖွယ်တို့ကို ပြင်ဆင် ကျွေးမွေး ပြီးသော အမှုကို ဆောင်ရွက်ပြီးနောက်၊ မိမိသည် တနေရာသို့ ရွှေ့၍၊ ထမင်းကျန် ဟင်းကျန်တို့ကို ချမ်းသာစွာစားသောက်လေ၏။

ထမင်း ဟင်း ကွမ်း ဆေးတို့မှ၊ စားသောက်ပြီးသော်၊ သခင်လင်အားပြုဘွယ်ကိစ္စယှိသော ဝတ်ကြီးဝတ်ငယ်တို့ကိုမချွတ်မယွင်းရိုသေစွာပြုပေ၏။



ညအခါကျရောက်သော်၊ အမောင်- ဟောဒီမှာ ခြေဆေးရေ, ချိုးရေများကို၊ အိုးကွဲနခမ်းပဲ့နှင့် ထည့်ထားပါတယ်။ သုံးသပ် တော်မူပါ။ ဟောဒီမှာ-အမောင် အိပ်သည့် အခါ ကိုယ်လက်နာမည်စိုးပါ၍။ သစ်ရွက်ခြောက်များကိုကော်၍၊ ထူထူဖြန့်ခင်းပြီးလျှင်၊ ဂုံအိပ်ဗုတ်တို့ကို အပေါ်က ခင်းထားပါတယ် ချမ်းသာစွာ အိပ်တော် မူပါဟု ပြောပြပြီးနောက်၊ မင်းသမီးသည် ရတနာသုံးပါးကို ရှိခိုးပူဇော်လေ၏။ နောက်နန်းတော်ယှိရာတက်သို့ဖှည့်၍၊ ခမည်းတော်, မယ်တော်တို့ကိုရှိခိုးကံတော့လေ၏။ နောက်မိမိသခင်လင်ကိုနင်းနှိပ်ပေးပြီးသော်၊ ဦးချကံတော့ပြီးမှ၊ နိမ့်လျှောရိုသေစွာ၊ ဂုံအိပ်အခင်းပေါ်တွင်၊ မြေကြီးခဲကိုဖက်နှင့်ထုပ်၍၊ ခေါင်းအုန်းကာအိပ်လေ၏။

မိုးသောက်သောအခါ၊ မင်းသမီးသည် ရှေးဦးစွာ ထ၍၊ မိမိသခင်လင်ယောက်ျားအိပ်ရာမှနိုးသောအခါ၊ အသင့်သုံးဆောင်ရန်၊ မျက်နှာသစ်ရန်အုန်းခွက်နှင့် ရေကိုငင်း၊ ကွမ်းယာ-ဆေးလိပ်တိုများကိုငင်း၊ အသင့်ပြင်ဆင်ထားလေ၏။

ဒွန်းစဏ္ဍားလည်း အိပ်ရာမှထ၍၊ မင်းသမီးအသင့် ပြင်ဆင်၍ ထားသည်များကို သုံးဆောင်ပြီးသော်၊ မိမိဆောင်ရွက်ရန်ယှိသောအလုပ်ကိုမဖျက်မကွက်၊ သူတောင်းစားတို့အသုံး အဆောင် ခွက်များကို စွဲကိုင်လျက်၊ အိမ်ချေကိုရှောက်၍ တောင်းရန်၊ မင်းသမီးအား ပန်ကြား ထွက်သွားလေ၏။ ။မင်းသမီးလည်း-စဉ်းစားသည်မှာ၊ ငါသခင်ပင်



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားသည်။ စင်စစ်ခွေးစလျှားမျိုး ဗျာတ်မည် မထင်။ ရုပ်ရေရူပကာလည်းတင့်တယ်ခြင်းယှိလေသည်။ဗုန်းပညာ လက္ခဏာနှင့်ပြည့်စုံသူ-ဟု ငါထင်သည်။ ဤသို့သော်-သူ့အကြောင်းကို တဖြေးဖြေး ငါသိအောင် စုံစမ်း ရမှာဘဲဟု အောင့်မေ့ဆင်ခြင်လျက်နေလေ၏။

ခွေးစလျှားလည်း။ ထမင်း,ဟင်းများကို တောင်းခံ၍ ပြန်လာပြီးသော် မင်းသမီးသို့ပေးအပ်လေ၏။မင်းသမီးလည်း ခါတိုင်းကဲ့သို့ ပြုဖွယ် ကိစ္စ များကို မကြွင်း မကျန် ပြီးမြေအောင် စီရင်ဆောင်ရွက်ခြင်းကိုပြုပေ၏။

မင်းသမီး၏အပြောအဆိုအနေအထိုင်။ အပြုအရမှစ၍။ အရာခပ်သိမ်းတို့သည်။မင်းသမီးစိတ်မဝင်းစားဘဲငြီးငွေ့ဖွယ်ပြုကျင့်သည်ကို။စိတ်ထဲးကအံ့ဩချီးမွမ်းလျက်၊ခွေးစလျှားသည်။မင်းသမီးကို၊စိန်းစိန်းကြည့်ကာနေလေ၏။

ထိုအခါမင်းသမီးက။ အရှင်သား ကျွန်မကို မျက်တောင်မခပ် စိန်းစိန်းကြည့်ရှု နေသည်ကား။ ကျွန်မအပေါ် နှိုက်။ အပြစ်ပြောဖွယ်ယှိပါက မြုံ၍မထားဘဲဖွင့်ဟပြောစေလိုပါသည်။အလိုကို သိရမှ။ အပြစ်ကိုချမ်းသာအောင်ပြုရနိုင်ပါမည့်အကြောင်းပါ။

ခွေးစလျှား။ ။အကျွန်ုပ်သည်။ မင်းသမီးအပေါ် နှိုက်။ အပြစ်ဆိုရန် မြူမှုန်လောက်မျှမယှိပေ၊မင်းသမီးသည်၊ အမျိုးမြတ်သောဘုရင်မြတ်၏ ရင်သွေးတော်ဖြစ်လျက်၊ မတူမတန်သော အကျွန်ုပ်ခွေးစလျှား၏ အလုပ်အကျွေးဖြစ်သည်



အလုပ် အကျွေး ဖြစ်သည် အတိုင်းလည်း။ မင်းသမီး တို့၏ အမူ အရာ စိတ်ကိုပကာတိကင်းမဲ့လျက်၊ မိန်းမတို့ ပြုကျင့် အပ်သော ဝတ်တရားကို။ မချွတ် မယွင်းပြုရ ပါပေသည်ဟု အကျွန်ုပ်စိတ်ထဲးကအံ့ဩခြင်းဖြစ်ပါကြောင်း။

မင်းသမီး။ ။အရှင့်သား၊ မိန်းမက, အမျိုး မြတ်၍၊ ယောကျ်ားကအမျိုးယုတ်သော်လည်း၊မိန်းမတို့မည်သည် လင်၏ခြေရင်း၊ အလုပ်အကျွေးမျှသာဖြစ်ပါတယ်၊ မိန်းမတို့၏ အရှင်သခင်သည်။ လင်ယောကျ်ားသာဖြစ်ပါတယ်။ မိန်းမကအမျိုးမြတ်၍ယောကျ်ားက အမျိုးညံ့သော်လည်း။ ယောကျ်ား၏ဗုန်းဂုဏ်သည်အလွန်မြင့်မြတ်ပါတယ်။အတုမယှိ-ဘုရားဖြစ်နိုင်သော ဂုဏ်ထူးရနိုင်ပါတယ်၊မြတ်တယ်ယုတ်တယ်ဆိုဒါ။ ဘဝ-ဘဝကပြုခဲ့ဘူးသော ဒါနကုသိုလ်ပါရမီအတိုင်း၊ယခုပစ္စက္ခမှာတမျိုးစီအကျိုးပေးခြင်းကိုခံစံကြရဒါဖြစ်ပါကြောင်းပါ။

ခွေးစလျှား။ ။မင်းသမီးပြောပြသည်မှာ-မှန်ပါပေတယ် လေးကနှိုက်ခပ်သိမ်းသောသူအပေါင်းတို့သည်-

၁။ အချို့ အမျိုးမြတ်သည်၊
၂၊ အချို့ အမျိုးယုတ်သည်။
၃၊ အချို့ ဗုန်းတန်းခိုးယှိသည်၊
၄။ အချို့ တန်းခိုးမဲ့သည်။
၅။ အချို့ စည်းစိမ်ဥစ္စာနှင့် ချမ်းသာ ကြွယ်ဝသည်။

www.burmeseclassic.com

www.burmeseclassic.com



၆။ အချို့ အလွန်အမင်းဆင်းရဲသည်၊
၇။ အချို့ ရောဂါအန္တရာယ်မယှဉ် ချမ်းသာသည်။
၈။ အချို့ အနာရောဂါများသည်။
၉။ အချို့ အသက်တိုသည်။
၁၀။ အချို့ အသက်ရှည်သည်၊
၁၁။ အချို့ လှပတင့်တယ်ခြင်းရှိသည်၊
၁၂။ အချို့ အရုပ်ဆိုးအကြည်းတန်သည်။
၁၃။ အချို့ ပညာသင်၍ကျော်စောသည်၊
၁၄။ အချို့ ပညာမဲ့သည်။

ဤဖော်ပြသော ၁၄-ပါးသည်။မိမိတို့ကံအတိုင်း၊ စီမံလာကြသည်ဖြစ်၍၊မည်သူမှပြုပြင်ထိုရနိုင်သည်မဟုတ်ချေ၊ သို့သော် ၁၄-ပါးအတိုင်း ခံစားကြသောသူများ။လောကနှ ထင်ပေါ်သည်ကား-ပဓာနမဟုတ်၊ဝမ်းထဲနှိုက်ဖြောင့်မတ်သော တရားကိန်းသည် ကိုသာ၊ သူတော်ကောင်းဟု ခေါ်နိုင်ချေမည်။ သူတော်ကောင်း အခေါ်ခံရသောဂုဏ်သည် အလွန်ခဲယည်းသည်။ သို့ကြောင့် ဖြောင့်မတ်တည်ကြည်သောစိတ်ကို ကောင်းစွာ နှလုံးသွင်းနိုင် ခြင်းသည်၊ အရေးကြီးဆုံးဖြစ်ပေကြောင်း။

အရှင့်သား၊ လောကကို စောင့်သော လောကပါလ တရား ၂-ပါးမှာ၊ ဟိရီ, ဩတ္တပ္ပ ဖြစ်ပါတယ်။ ထိုတရား ၂ ပါးကား၊ရှက်ခြင်း,ကြောက်ခြင်းကိုဆိုပါတယ်။သူတော်ကောင်းတို့ကဲ့ရဲ့ဖြစ်တင်မှာကိုရှက်ရမယ်။ အပါယ်ငရဲသို့ သွားရမည်ကိုကြောက်ရမယ်တဲ့။သို့လိုရှက်ခြင်း, ကြောက်ခြင်းတို့ကို ကင်းလွတ်အောင်နေပါက။အရှင့်သားမိန့်တော်မူသော၊ ဖြောင့်မတ်တည်ကြည်သောစိတ်ကို၊ ရသည်နှင့် တူပါသည်။



သို့ကြောင့်။ ယခင်က ဖတ်ရှုမှတ်သား ရဘူးသော၊ ဓမ္မသတ်ကျမ်းအဆို၊ မယားတို့ကျင့်ဝတ်မှာ၊

၁။ ထမင်းစသော၊ အစားအစာကို၊ ကောင်းစွာပြုပြင် စီမံတတ်ခြင်း။
၂။ ကွမ်းဆေး လဘက်တို့ကို၊ လိမ်မာစွာပြုပြင် စီမံ တတ်ခြင်း။
၃။ အင်္ကျီ,ပုဆိုး,အဝတ်တို့ကို။လျှော်ဖွပ်ပေးလေ့ရှိ ခြင်း။
၄။ အိုင်းဝါယက်ကန်းကောင်းစွာတတ်ခြင်း။
၅။ အိမ်ထောင်ပစ္စည်း ကောင်းစွာဆည်းပူးတတ်ခြင်း
၆။ လင်၏နောက်မှအိပ်ရခြင်း။
၇။ လင်၏ရှေးဦးစွာထရခြင်း။
၈။ အမှုကြီးငယ် ရှိသည်ကို လင်အားပန်ကြားခြင်း။
၉။ လင်၏နောက်မှစားသောက်ရခြင်း။
၁၀။ သာယာနာပျော်ဖွယ်စကားကိုဆိုလေ့ရှိခြင်း။
၁၁။ လင်ဆုံးမရာကို လိုက်နာ၍ကျင့်ခြင်း။
၁၂။ သူတပါးအိမ်သို့လှည့်မသွားခြင်း။

www.burmeseclassic.com

www.burmeseclassic.com



ပိဋကတ်တွက်။ မယားတို့ကျင့်ဝတ်တရား-၅-ပါးမှာ။

၁။ လင်အိပ်ရာမှမထမီ အလျင်ထခြင်းတဲ့။
၂။ လင်၏ နောက်မှအိပ်ခြင်းတဲ့။
၃။ ပြုရန်ကိစ္စတို့ကို ပန်ကြားခြင်းတဲ့။
၄။ လင်နှစ်သက်ဖွယ်ကိုပြုကျင့်ခြင်းတဲ့။
၅။ ပြုံးရယ် ရွှင်ပြစွာ စကားပြောဆိုခြင်းတဲ့။

အဲ-ဒီပြောပြသောမယားတို့၏ ဝတ္တရားများသည်၊ မိန်းမတိုင်းတို့၏ ပြုကျင့်အပ်သောဂတ္တရားများဖြစ်ပါတယ်။

ဦးနန်းစဏ္ဍား။ ။အခုပြောပြဒါ။ မင်းသိမ်းနန်းတော်မှာနေစဉ်တုံးက။ စာပေ ကျမ်းဂန်များကို ဖတ်ရ၍၊ မှတ်သားခဲ့ဒါတေမှတ်တယ်။

မင်းသိမ်း၊ အရှင့်သား နန်းတော်မှာနေခဲ့သည်ကိုမေးမြန်းခြင်းပြုစရာကိုသည်းခံတော်မူပါ။ ကျွန်မတို့မိန်းမသည် အမျိုးယုတ်သော ယောကျ်ားနှင့် ဂုဏ်ချင်းမတူပါ။ ကျွန်မတို့မိန်းမက သာ၍ ယုတ်ကြောင်းကိုကျမ်းဂန်မှာများသောအားဖြင့် တွေ့ဘူးပါသည်။ ကျွန်မတို့မိန်းမသည်တိရစ္ဆာန်ခွေးထီးလောက်မျှ မမြတ်ကြောင်းကိုသိရပါသဖြင့်။ မိမိအရှင်သခင်လင်ကို၊ ရိုသေစွာလုပ်ကျွေး ပြုရသောမိန်းမတို့သည်မြင့်မြတ်သောယောကျ်ားဆုကို၊ မတောင်းဘဲနှင့်ပြည့်ပါသတဲ့၊ မိန်းမတို့၏ အကျင့်ငါးပါး၊ မိန်းမမြတ်တို့အင်္ဂါ ယှဉ်ပါး။ မိန်းမမြတ်အင်္ဂါ ၉-ပါးယှဉ်ပါတယ်။ ထိုမြတ်သော



အင်္ဂါတည်းဟူ ပါဝင်ရန်။ အရှင်သားကို ဘုရားတဆူ၊ ရှုတလုံးကဲ့သို့၊ အမှတ်ပြု၍ ရိုသေစွာပြုရပါကြောင်းပါ။

မယားဘို့ဝတ်တရား ငါးပါးကို ကျက်ထားသောစာထဝ်ကလေးကို သတိရလာပါသေး။

ဆေးကွမ်းပြင်လက်ဖက်အုပ်နှင့်၊ လက်သုတ်မှုမြန်စွာ၊ ချက်ပြုတ်မှု လိမ္မာသည်၊ သူအိမ်ရာ မသွား။ မိုင်းဝါမှုကိုင်လုပ်ရှာတယ်၊ ပိုင်ဥစ္စာမြဲစောင့်ကြပ်ထား။ မှု ရှိတိုင်းပန်ဆို။ သံချိုချိုစကား၊ နောက်ချန်ကာ-အိပ်စားလို့။ ပိတ်တခါးလုံစွာ။ ပဆိုးစောင်ဖွပ်လျှော်ခြင်း၊ ဝတ်မယွင်းပြုတတ်ဖို့ပါ၊ ဖက်ရာမှ-လင်သဉ္ဇါအောင်၊ အလျင်သာ မယ်ထလို့။ ဩဝါဒဆုံးမထိုက်ရာ၊ လုံးဝလိုက်နာ။ ကြောင်းချင်းစုံလက္ခဏာကို၊ တသက်သာမြဲပါငဲ့လေး။

အရှင့်သား၊ မိန်းမမြတ်တို့အကျင့်ငါးပါးမှာ။

၁။ အိပ်ရာမှ-လင်မထမီ ထရခြင်းတဲ့။
၂။ လင်၏နောက်မှအိပ်ရတတ်ခြင်းတဲ့။
၃။ လင်၏ အမိန့်ကိုနာခံ၍။ လုပ်ကိုင် ဆောင်ရွက်ရခြင်းတဲ့။
၄။ ချစ်ခင်နှစ်သက်ဖွယ်သော အကျင့်ယှဉ်ခြင်းတဲ့။
၅။ ပြုံးခြင်းကိုရှေးရှု၍။ သာယာသော စကားကို ဆိုတတ်ခြင်းတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ထိုပြင်မိန်းမမြတ်တို့၏အင်္ဂါ ၉-ပါးမှာ။

၁။ ထမင်းစားသောက် အစာအဟာရတို့ကို၊ မိဖကဲ့သို့ လင်ကိုလုပ်ကျွေးပြုရတတ်ခြင်းတဲ့၊

၂။ လင်ဝတ်ဆင်သော၊ ပဆိုး- အင်္ကျီ- ပဝါ- ခေါင်း။ အစရှိ သည်တို့ကို၊ ကောင်းစွာ ဖွပ်လျှော်ပြုပြင်တတ်ခြင်းတဲ့၊

၃။ လင့်ကို- မောင် အရင်း ကဲ့သို့၊ ရိုသေ လေး မြတ်ခြင်းတဲ့၊

၄။ မိမိကိုယ်အား။ ကျွန်မကဲ့သို့ပျပ်ဝတ်ခါ။ လင်ကို လုပ်ကျွေးတတ်ခြင်းတဲ့။

၅။ ဘေးအန္တရာယ် တွေ့သောအခါ၊ အတိုင်အပင်ရခြင်းတဲ့၊

၆။ မွေ့လျော်- ပျော်ဖွယ်ရာကို၊ စီရင်ပြုလုပ် တတ်ခြင်းတဲ့။

၇။ အရှောင် အဆင်း တင့်တယ်ခြင်း စသည်ကို ပြုတတ်ခြင်းတဲ့၊

၈။ တရားသဖြင့် လင်ပြောသော စကားကို၊ နာယူရခြင်းတဲ့။

ထိုပြင်မိန်းမမြတ်တို့၏အင်္ဂါ ၉-ပါးမှာလည်း၊

၁။ အိပ်ရာနေရာကိုသုတ်သင်ရှင်းလင်းခြင်းတဲ့။



၂။ မိမိလင်မှ တပါး၊ အခြားသော ယောကျ်ားသို့။ စိတ်မပြောင်းခြင်းတဲ့၊

၃။ လင်ရှာခသောဥစ္စာပစ္စည်းကို။ကောင်းစွာသိမှီး၍။ တရားအတိုင်းသုံးစွဲးတတ်ခြင်းတဲ့။

၄။ အိပ်ရာကလင်မထမီ၊ ရှေးဦးစွာထခြင်းတဲ့၊

၅။ လင်၏နောက်မှ-အိပ်ရခြင်းတဲ့၊

၆။ အလုပ်အကြံ ရှိသည်ကို၊ လင်၏အစီရင်ဖြင့်ခံရခြင်းတဲ့၊

၇။ တရားသဖြင့်လင်၏ဩဝါဒကိုမဖီမဆန်ရခြင်းတဲ့။

၈။ နှစ်သက်ဖွယ်သော စကားကို ညွတ်နူးစွာပြောဆိုတတ်ခြင်းတဲ့။

၉။ အပူအချမ်းကို၊ကောင်းစွာသိတတ်ခြင်းတဲ့။

သို့လို အင်္ဂါတို့နှင့် ညီညွတ်အောင်၊ လိုက်နာ ဆောင်ရွက်နိုင်ကြမှသာလျှင်၊ မိန်းမကောင်း မိန်းမမြတ်ဟု ခေါ်ထိုက်ပါကြောင်း အရှင့်သား၊

ဒွန်းစဏ္ဍား၊ ၊မင်းသမီး ပြောပြ ဒါတွေ။ အင်မတန်အဖိုး တန်ပါပေတယ်၊ မိန်းမဆိုယင် မိန်းမ-ကျင့်ဝတ္တရားနှင့် ညီအောင် ကျင့်မှ၊ ကောင်းရာသို့။ ရောက်ဘူ ပေမယ်နော်။

မင်းသမီး၊ ၊အရှင့်သား၊ ကျွန်းဂန် စာပေကို သိလျက်သားနှင့် မကျင့်သောမိန်းမတို့မှာ။ မိန်းမ အမည်တွေး မပျောက်ပေဘူး၊မိန်းမနှင့်မတူ၊မိန်းမ- မပီဒါဘဲသို့ရှိပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အမျိုးမြတ်သည် ဂုဏ်ဖြိုက်ကြီးသည်ကို လိုက်၍။ မယားဝတ္တရား မကြေသူတို့ကို။ အပြစ်ကာ ရှောင်နေမယ်မဟုတ်ပါ။ တရားအတိုင်း ညီညွတ်စွာကျင့်မှသာ။အပြစ်ကအနားကို မချဉ်းဘဲ။ဝေးအောင်ရှောင်ကြဉ်ရမည်ဖြစ်ပါကြောင်းပါ။

ဤကဲ့သို့ ပေါင်းသင်းနေကြသည်မှာ တလကျော်နှစ်လခန့်မျှရှိကြလေ၏။

## အခန်း-၃။

ဓိတိမန္တ မင်းကြီးသည်။ တနေ့သောအခါ။ ညီလာခံနိုက်။နက္ခတ်ပွဲသဘင်ကျင်းပရန်ကို။ ပုဏ္ဏားတော်တို့ အခါတော်ဆက်သည့်အတိုင်း။ နောက် ၁၅-ရက်စေ့လျှင်။ဆင်ယင် ကျင်းပတော်မူမည်။ မင်္ဂလာ မဏ္ဍပ်ကို ကြီးကျယ်ခမ်းနားစွာ ဆိုင်ရာဝန်တို့က စီမံဆောက်လုပ်စေ။တိုင်းနေပြည်သူအပေါင်းတို့သည်။ မင်းရာကို မချန်ကြွင်းဘဲ။မိမိတို့သားသမီးနှင့်တကွ။ ဝတ်သန့် ဝတ်ကောင်း။ အပေါင်း အထုပ် ရှိသည်များကို ဆန်းကြယ်စွာ ဆင်ယင်၍။ မဏ္ဍပ်သို့ ဝင်ရောက်ကြပြီးလျှင်။ ငါဘုရင်မင်းမြတ်ကို ပူဇော်ကြရမည်-ဟု ဆိုင်ရာဝန်က။ မြို့ပြင် ၄-မျက်နှာမကျန်မကြွင်း



ရအောင်။ စည်တော် လည်ရမည်-ဟု အမိန့်တော်မြတ်မှတ်ပြီးလျှင်။ ညီလာခံ စဲလေ၏။

ဝန်ရ, မှူးရတို့လည်း။ အမိန့်တော်မြတ်အရ။ ဆိုင်ရာဆိုင်ရာ တာဝန်ယှိသည်အတိုင်း။ ပြီးပြေအောင်စီမံဆောင်ရွက်ကြလေ၏။

ပသာဒ္ဒီမင်းသမီးသည်။ ဒွန်းစဏ္ဍား မယှိခိုက်။ အမိန့်တော်နှင့် စည်လည်သည်ကို။ ကြားရသဖြင့်။ ဤနက္ခတ်သဘင်ပွဲမှာ။ မောင်ယ် ၂-ပါး၊ နတ်သား နတ်သမီးကဲ့သို့ ထင်မှတ်ကြရန်။ ဝတ်သန့် ဝတ်ကောင်း အဖိုးတန်တို့ကို ဝတ်ဆင်ပြီး သွားရန်။ ငါ့အရှင် သခင်လင်ယောကျ်ား၏ ပညာ စွမ်းကို သိရအောင်။ ငါပူဆာမည်-ဟု အကြံပြုလျက် နေလေ၏။

ဒွန်းစဏ္ဍားလည်း။ တောင်း ခံရာမှ ပြန်လာ ပြီးလျှင်။ မင်းသမီးကို ပေးအပ်၍။ မင်းသမီးလည်း။ ပြုဖွယ် ကိစ္စယှိသည်တို့ကို။ဝတ္တရားမပျက် စီမံပြုရလေ၏။

နောက်မင်းသမီးက။ အရှင့်သား-ယနေ့ နန်းတော်ကအမိန့်တော်နှင့် စည်လည်သည်ကို ကြားလိုက်ပါလား။

အင်း-ကြားလိုက်ပေတယ်။ နက္ခတ်ပွဲသဘင်သို့။ မည်သူမဆိုဝင်နိုင်ကြောင်းဆိုလား။

အဲဒီနက္ခတ်သဘင်ပွဲသို့၊အရှင့်သားနှင့်ကျွန်မနတ်သားနတ်သမီးကဲ့သို့ ဝတ်ဆင်ပြီးတော့၊ ဝင်လိုလှပါတယ်။ အရှင့်သား ကြံတော်မူပါမည့်အကြောင်း။

www.burmeseclassic.com

www.burmeseclassic.com



မင်းသမီး။ သင့်ကို ကျွန်ုပ်သိမ်းပိုက် သည့်နေ့က။ ကိုယ်စိတ် ၂-ပါး၊ များများကြီးချမ်းသာလာသည်မှာ။ ဒီစကားကိုကြားရသဖြင့်။ နောက်က ဧးချမ်းဒါတေဟာ ပျောက်ပီးတော့။ အခုအပူလုံးကြီး ဆို့လာချေပြီ။ ကျွန်ုပ်၏အသက်မွေးဝမ်းကျောင်းအလုပ်ကို၊ အသင်သိလျက်သားနှင့်။ ဘာ့ကြောင့်ဒီစကားကိုပြောရတုံး။ တန့်နောက်ထင်မပြောနဲ့။

အရှင့်သား၊ ကျွန်မ- ပြောခြင်းကား၊ အရှင့် သားကို နှိပ်စက်လိုသော စိတ်နှင့် ပြောပုံသည် မဟုတ်ပါ။ အရှင့်သားသည်။ ဗုန်းပညာယှိသော သူဟူ၍သာ- ကျွန်မစိတ်မှာစွဲမြဲလျက်သှိပါကြောင်းပါ။

မင်းသမီး၊ အသင်က ကျွန်ုပ်ကို ပညာယှိသည်- ဟု ထင်မှတ်ခြင်းသည် လွဲလိမ့်မယ်၊ ထင်သည်အတိုင်း မှန်ပါက။ မင်းသမီးအမြင်အတိုင်း၊ဤလိုအနေမျိုးနှင့် သူတပါး စလုတ်ပေါက်ကို တောင်းရမ်းစားမည်မဟုတ်။လောကမှာ မည်သူမဆို။ မိမိ ကိုယ် ကို ချမ်းသာအောင် ကြံစီ နေမှာပေါ့။ တယ်ပြီး လူဟုတ်ကြီးမမှတ်နဲ့နော်။

အရှင့်သား ဘယ်လိုလှည့်ပတ်ပြောပေမဲ့၊ ကျွန်မစိတ်က- နှမ်းစေ့ခန့်မျှ မယုံကြည်ပါ။ သို့လိုမင်္ဂလာ ပွဲကြီးသို့ အခွင့်ရ[illegible]အခါ။ ကောင်းမွန်စွာ ဝတ်ဆင်-မသွားရပါက။ ကျွန်မ အလွန်ကံဆိုးသည်ဟုမှတ်ရပါတော့မယ်။ သည်ပွဲလမ်းသဘင်ကိုမှ မဝင်ရလျှင်။ သေစရာအကြောင်းသာသှိပါတော့၊ သို့လိုကျွန်မသေခြင်းသည်၊ အရှင့်ကို အမှီပြု၍ သေရသည်ဟု စွဲလမ်းရန်သာယှိပါကြောင်း-ပြောပြီးလျှင် မထသောအိပ်ခြင်းဖြင့်။ စကားမပြောအိပ်၍ နေလေ၏။

ဒွန်းစဏ္ဍားလည်း မင်းသမီး မထဘဲ-၃-ရက်တိုင် ယှိနေသည်ကို မြင်ရသဖြင့်။ အော် ငါ့နှယ်။ မင်း သမီးကို ရခါမှ အပူကြီး ဆိုက်လာချေတကား။ ခက်ပါဘိတော့နော် ဟီး။ မင်းသမီးသည် အသံနှင့်ရုပ်ကိုဖမ်း၍၊ ငါ့အကဲကိုခပ်ခြင်းသည်ကား။ ပညာယှိမိန်းမနှင့်တူပေ၏တကား။

သူသည် နန်းထက်ဖွါး ဘုရင်၏ရင်သွေးတော်- မှန်ပါလျက်၊ ငါ၏ အလုပ်အကျွေး အဖြစ်နှင့်၊ မညည်း မညူ။ ချက်နှာညှိုးငယ်ခြင်းမယှိဘဲ၊ အဆင်းရဲကြီး ကိုသည်းခံလျက်၊ ငါ့အား ပြုစုကျွေးမွေးခြင်းသည်။ သာမည မိန်းမ-မဟုတ်ပေ။ ဝမ်းတည်း၌ သိမ်မွေ့ခြင်းတရားကိန်းသောမိန်းမမြတ်ဖြစ်ပါပေတကား။

ဤကဲ့သို့ ကောင်းမွန်သော တရားကို၊ နှလုံးသွင်းသောမိန်းမသည်၊ ငါ့အတွက်ကြောင့် ပျက်စီးခဲ့ချေက၊ ငါ့တာဝန်ဖြစ်တော့မယ်။ ငါနိုက် အပြစ် ကြီးကြီး လေး တော့မယ်တကား။

ငါ့ကိုမှီ၍ သူတော်ကောင်း တယောက် ချမ်းသာ ခြင်းသည်ငါနိုက် အကျိုးများစွာ ယှိပေမည်၊ ဟယ် မတတ်နိုင်ပါဘူး။ ငါ့ကိုအမှီပြု၍၊ မင်းသမီးချမ်းသာစေရတော့မလေ-အဟီး။

ဒွန်းစဏ္ဍားသည်။ မင်းကိုလက်တို့၍ ခေါ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဘာအကြောင်းဟုပါသလဲအရှင့်သား။

ထထ-စိတ်ကိုချမ်းသာစေ၊ မင်းသမီးအလိုရှိသောဆန္ဒကို။ ကျွန်ုပ် ပြည့်စုံအောင် ဆောင်ရွက် ပေးပါမည်။ ထပါ ထပါ-ဟုတွဲးထူလေ၏။

အရှင့်သားကြီးစဉ်ပေးမယ်ဆိုပါတော့၊ သာရ—သာရ၊ ကျေးဇူးရှင် သခင် လင်ယောကျ်ား ဗိုပါပေတယ် ဆို၍၊ ဦး-၃-ကြိမ်ချလေ၏။

ကိုင်း-ရေချိုး။ ဟုတဲ့အစာကလေးများကို စား၍ အားဖြည့်ဒုန်း။ စကား ရှည်ရှည်ပြောရန်မဟုတ်။ ကျွန်ုပ်ပြောတာကိုနားထောင်၊မြို့အရှေ့မျက်နှာ ကျုံးထိပ်အနီးမှာ၊အောက်က ဒုတ်ပလ္လင် ခံ၍ စိုက်ထားသော၊ ဗောဓိ ညောင်ပင်ရှိတယ်၊ ၎င်းဗိ ညောင်ပင်ကြီးက ကြွေကျ၍ ပက်လက် လံနေသော၊ အပေါက် အနာမဟုတ်သော ညောင်ရွက်ဖှာဖှာ-၄-ရွက်ကိုကောက်ချေဟုပြောလေ၏။

မင်းသမီးလည်း ကောင်းပါပြီအရှင့်သားဆို၍။ အဝတ်ရတ်အနွမ်းကို ခေါင်းမှာ တင်လျက်၊ ညောင်ပင် ဟိုရာသို့သွား၍၊ မှာလိုက်သည့်အတိုင်း၊ညောင်ရွက်ကိုကောက်ယူခဲ့ပြီးလျှင်ပေးလေ၏။

ညောင်ရွက်သွားကောက်ယူရဒါ၊ အတော်ဘဲမောပန်းလာတယ်မှတ်တယ်၊ ဟိုက်ထိုးဘာကလား။

အရှင့်သား၊ ကျွန်မ စိတ်ကတော့ မောပန်းတဲ့စိတ် အနည်းငယ်မျှ မဝင်စားပါကြောင်းပါ၊



ကောင်းပေ့ဗျာ။ ကောင်းပေ့၊ ကိုင်းစိတ်ကမမောသော်လဲ၊ အဟိုက်ပြေအောင် ခဏကလေး တုံးလုံး လှဲနေဒုန်းတော့ ဆိုပြီး ညောင်ရွက်-၄-ချပ် ကို မိမိအဘ သင်ကြားထားသောပညာအစွမ်းဖြင့်စီရင်လေ၏။

ကိုင်း အမောပြေသွားပလား မင်းသမီး၊ ရော့ ဒီညောင်ရွက် ၄ ချပ်ကို၊ သဘော်ဆိပ်သို့သွား၍ ရောင်းချေ၊ ရောင်းသောအခါ၊ ပဌမကိစ္စဟိုလျှင် ပဌမညောင်ရွက်၊ ဒုတိယကိစ္စဟိုလျှင် ဒုတိယညောင်ရွက်၊ တတိယကိစ္စဟိုလျှင် တတိယညောင်ရွက်၊ စတုတ္ထကိစ္စဟိုလျှင်စတုတ္ထညောင်ရွက်ကိုကြည့်ပါလေ၊ ထိုညောင်ရွက်က ပေါ်ဟှာသော အက္ခရာအတိုင်း လိုက်နာပါလေ။ ညောင်ရွက် တချပ်ကို အသပြာ (တထောင်) ပေးရမည်။ နောင်ညောက်ရွက်အကျိုးကို သိသောအခါ။ အဖိုးကိုလာ၍ ဆပ်ပါ။ ယခု အသပြာ (လေးထောင်) သည် စရန်မျှ ဖြစ်ပါတယ်လို့ ပြော၍ ရောင်းချေတော့။

ဤအခါ မင်းသမီးကပြုံးလျက်၊ အရှင့်သား သည်ညောင်ရွက်တချပ်ကိုအသပြာ(တထောင်)ပေး၍၊ မည်သူဝယ်လိမ့်မလဲ။ ကျွန်မစိတ်ကို ပြောင်းလဲသည်နှင့်တူသည်ဟု ထင်ပါတယ်။

မင်းသမီးကျွန်ုပ်ကို ပညာဟို ယောကျ်ားမှတ်ပါတယ်ဆိုဓိုးတော့အလိုသို့သည်ကိုပူဆာတယ်မဲ့ဟုတ်လား။ သင်အလိုဟိုသည်ကို ပြည့်စုံရန် ကျွန်ုပ်ညာဏ်စွမ်း အရှောက်။

www.burmeseclassic.com

www.burmeseclassic.com



စိမ်းပေးပြီ။ပေးသည့်အတိုင်းမင်းသိမ်းနှာခံဆောင်ရွက်ရန်သါ ယှိတယ်၊ စိမ်းသောကိစ္စကို မပြီးခင်က အကျိုးမသှိယောင် တကားဟု။စိတ်ကဆင်မှတ်ခြင်းသည်။ မင်းသိမ်းနိုက်အကျိုး ယုတ်ရန်သာသှိမှာပေါ့ဟု……

အရှင့်သားကျွန်မများပါပြီ။ သည်းခံတော်မူပါဟု ရှိခိုး ဦးချပြီးသော်။ ညောင်ရွက်ကို ယူ၍ သဘော်ာဆိပ်ကမ်းသို့ သွားလေ၏။

ဇယန မြို့က၊ ပါဝန-အမည်ယှိသော သဘော်ာသူကြီး သည်၊ အမြို့မြို့သို့သဘော်ာနှင့်ဖွာည့်ပတ်ရောင်းဝယ်လာရေ မင်းသိမ်းစောင့်နေသာဆိပ်သို့ ဆိုက်ကပ်လေ၏။

ထိုအခါမင်းသိမ်းက ညောင်ရွက် ၄ ချပ်ရောင်းရန်ယှိပါ တယ်။ ညောင်ရွက်တချပ်မှအသပြာ(တထောင်)သာပေးရ ပါမည်။ ဝယ်ယူပါဟုဟစ်အော်လေ၏။

အော်ဟစ်သံကြားလျှင် သဘော်ာ သူကြီးလည်း၊ စဉ်း စားဆင်ခြင်သည်မှာ။ငါသည်ဇယနမြို့ကခွာ၍ ဖွာည့်ပတ် ရောင်းဝယ်လာရာ၊ ဤကဲ့သို့ထူးထူးဆန်းဆန်းညောင်ရွက် ရောင်းတဲ့ ကုန်မျိုးကို မကြား မမြင်ခဲ့ရပေ၊ ဤဆိပ်ကမ်း ရောက်မှ ကြားရပေတယ်။ သို့သော် ငါပုံစံမ်းအုန်းမည် ဟု သဘော်ာမှ ဆင်းလာပြီးလျှင်။ ဟေ့-သူငယ်မ၊မင်းအော် ဟစ်တာဘာတုံး။

ဟောသည်ညောင်ရွက် ၄ ချပ်ပါရှင်။ တချပ်မှအသပြာ (တထောင်)ပါရှင်၊ ဝယ်နိုင်ရင် ဝယ်ပါရှင်၊ မြန်မြန် ဝယ်



ပါရှင်။ ။မင်းညောင်ရွက်တချပ်ကို၊အသပြာ(တထောင်) ရမယ်ဆိုဒါ ဟုတ်ပါရဲ့၊ ဘယ်လို အသုံးပြုရမှာ တုံးကွဲ့ ပြောစမ်းအုံး၊

မင်းသိမ်းက၊ ညောင်ရွက်၏ အကျိုးအကြောင်းကို မိမိ အရှင် သခင် လင်ယောကျာ်း- အမိန့်ပေးလိုက်သည် အ တိုင်း၊ အလုံးစုံပြောပြလေ၏၊

သဘော်ာ သူကြီးလည်း။ ကုန်ထူး ကုန်ဆန်း ဖြစ်ပေ သည်။ ငါမဝယ် ချေက။ ညှိုဖျင်းရာ ရောက်တော့ မည်၊ ညောင်ရွက်၏အကျိုးသည် နောက်မှ အဆိုးအကောင်းကို သိရပေ။ ညောင်ရွက် ၄-ချပ်ကို အသပြာ (လေးထောင်) ပေး၍ ဝယ်ယူသွားနိုင်ပေသည်ဟု လူအများ အုံသြသော ဂုဏ်ကို ငါဆောင်မည်ဟု အောက်မေ့ ပြီးလျှင်၊ အသပြာ (လေးထောင်)ပေး၍ ဝယ်ယူသွားလေ၏။

မင်းသိမ်းသည်၊ ညောင်ရွက် ရောင်းရသော အသပြာကို ရသဖြင့်။ ဝမ်းမြောက် ဝမ်းသာ ယူဆောင် လာပြီးလျှင် အသပြာ (လေးထောင်) ရခဲ့ကြောင်းကို ပြောလေ၏။

ကောင်းပြီ-မင်းသိမ်း။ အသင် အလိုယှိရာ။ စီရင် လေ တော့၊

မင်းသိမ်း လည်း။ ရယှိသော အသပြာ နှင့်။ မင်္ဂလာ မဏ္ဍပ်တွင်၊မောင်မယ် ၂-ဦးနေရန်။စင်နိမ့်စင်မြင့်ဆောက် ရန်။ လက်သွက်ကျွေး ပေး၍ စေခိုင်း ထားလေသည်။ မိမိ



www.burmeseclassic.com

www.burmeseclassic.com



ခင်ပွန်းဆင်ဝတ်ရန်၊ မင်းညီ မင်းသား အဆင် တန်းဆာမျိုးကိုစီရင်လေသည်၊ မိမိအမှီ မိဖုရားတို့ ဝတ်ဆင်သော အဆင်တန်းဆာမျိုးကို စီရင်လေ၏။

နာယကာဖြစ် အလုံးကိုလည်း၊ မိတိမန္တိ-မင်းကြီးအပိန့်တော်နှင့်၊ လမ်းများကိုသုတ်သင်ရှင်းလင်းစေခြင်း၊ အိမ်ရှေ့တို့နိုက် ရာဇမတ်ကာ၊ ငှက်ပြောပင်၊ကြံပင်တို့ကို စိုက်ထူစေခြင်း၊ တံခွန်-ကုက္ကား၊ မုလေးဖွား-ကြက်လျှာ-တို့ကိုစိုက်ထူ စေခြင်း၊ ညည့်အခါ မီးအမျိုးမျိုး ထွန်း၍၊ ရတနာသုံးပါးကို ပူဇော် စေခြင်း၊ သီလပိသုဒ္ဓိ ဖြစ်သော အသျှင် သင်္ဃာ တော် တို့ကို ပင့်၍၊ ရပ်ကွက် အရပ်ရပ် တိုင်းတို့နိုက်၊ ရတနသုတ်၊ မေတ္တာ သုတ်၊ မောရသုတ်၊ ပုဗ္ဗာဏှသုတ်၊ မဟာပရိတ်တော်ကြီးများဟောရွတ်သည်ကို၊ နာယူကြ၍၊ ထိုမဟာပရိတ်တော် ရေများကို၊ အိမ်ရှေ့နိုက် ပက်ဖျန်းခြင်း၊ ပရိတ် ပန်းများကို အိမ်နိုက် ဆင်ယင်ထားခြင်းကို၊ ပြုကြရလေသည်၊ဗလိနတ်စာကိုလည်း ကျွေးကြရလေသည်၊

နက္ခတ်သဘင်ပွဲ ကျင်းပရန် နေ့နိုက်၊ ဝန်းကြီးဝန်ရုံ၊ မှူးတော်၊ မတ်တော်၊ သေဌေး-သူကြွယ်၊ကုန်သည်လယ်လုပ်၊ အသည်အလား၊ ကပ်ပါးမှ မကျန်၊ အကောင်းဆုံး အဝတ်တန်းဆာတို့ကို၊ သူတက်ငါ-မသာသာအောင်၊ဆင်ယင်လျက်၊ ဝေါယဉ်၊ ရထားယဉ်၊ ဖှည်းယဉ်၊ ဖှည်းကြမ်းစသည်တို့ကို ဖှာပဋ္ဌာဆင်ပြီးလျှင်၊ မင်္ဂလာမဏ္ဍပ်သို့



လာရောက်နေထိုင်ရန်၊ သီးခြား ထားသော၊ နေရာတို့နိုက် သပ်ယပ်စွာ နေထိုင်ကြလေ၏၊

ဥွန်းစဏ္ဍားနှင့် မင်းသွီးလည်း၊ ဖှာပ ဆန်းကြယ်သော အဝတ် တန်းဆာကို ဆင်ယင်ပြီးသော်၊ ရထားယဉ်စီး၍ သွားလေသည်၊ မင်္ဂလာ မဏ္ဍပ်သို့ ရောက်သော အခါ၊မိမိတို့နေရာစင်ပေါ်သို့ တက်၍ ထိုင်ကြလေ၏၊ ဥွန်းစဏ္ဍား-မင်းသွီးတို့သည် ရထားနှင့် သွားသည့်အခါ၊ ယောက်ျား မိန်းမအပေါင်းတို့သည်၊ ကြည့်ရှုကြရာ၊ ကြည့်ရှု၍ မငြီးနိုင်အောင်၊ ဖှာပယဉ်ကျေးခြင်း ယှိပါပေတယ်၊ ဘယ်ကများဖြစ်ပါလိမ့်မလဲ-ဟု အံ့ဩချီးမွမ်း ကြသည်မှာ အုတ်အုတ်ကျက်ကျက်ယှိလေ၏။

မဏ္ဍပ်အတွင်း စင်ပေါ်သို့ ထိုင်လျက် နေသည့်အခါ၊ ပရိသတ်အချို့တို့က၊ အမယ်လေး ဘယ်က များပါလိမ့်မလဲ၊ ဖှလိုက် ပါဘိ တော့တယ်၊ နတ်သား နတ်သွီးနှင့် တူပါဘိတော့ တယ်ဟု၊ အံ့ဩချီးမွမ်းလျက်၊ မင်းသွီးနှင့် ဥွန်းစဏ္ဍားကိုမျက်တောင်မခပ်ဦးလည်လယ်ပြန်ပြု၍၊ စိုက်စိုက်ကြီးမော်ပြီးလျှင် ကြည့်ကြကုန်၏၊

ဝန်ရုံ မှူးရုံ၊ မှူးတော် မတ်တော် တို့က၊ စင့်မြင့်ပေါ်နိုက်နေသော၊ သတို့သား-သတို့သွီး-တို့ကိုသေသေချာချာ ကြည့်ကြစမ်းအမတ်မင်းတို့၊ ကျုန်ုပ်တို့ဘုရင်မင်းမြတ်၏ ခင်သွေးတော်နှင့်၊ ဥွန်းစဏ္ဍားမဟုတ်ဘူးလားဗျ၊

အင်းတူပေတယ် အမတ်မင်းတို့၊ ဆင်ယင် လာသော

www.burmeseclassic.com



အဝတ် တန်းဆာများသည်။ မင်းသွီးမင်းသား။ သွီးတော်များမက ဖြိုးဖြက်သော အရောင် အဆင်းတို့နှင့် အလွန်မှကြည့်ရှုဖွယ်မညီးနိုင်အောင် ရှိပါပေတယ်ဝန်မင်းတို့။

ဤမျှလောက် အဖိုးတန်သော။ အဝတ်တန်းဆာ များသည်။ သွီးတော်နှင့် သားမက်တော် တင့်တယ်ခြင်းဖြစ်အောင်။ ဘုရင်မင်းမြတ်က။ အသပြာ များကို ပရိယာယ်ပြု၍ တိတ်တဆိတ် ထုတ်ပေး သောကြောင့်။ ဤကဲ့သို့ဆင်ယင်လာနိုင်သည်လားမသိ။ နေရှာ့ကိုကလဲ။ စင့်နိမ့်စင်မြင့်ဗျ။

အင်းဒါမှာတော့၊ ကျွန်ုပ်တို့ကတွေးထင် ရခြင်းမျှသာဖြစ်ပေတယ်။ အပူဇော်ခံ ထွက်တော် မူလာမှဘဲ၊ အကြောင်းကို သိကြရမယ် ဝန်မင်းတို့ဟု၊ ပြောဆိုနှီးနှောလျက်နေကြလေ၏။

အခါပေး ဗုဏ္ဏားတော် တို့က။ အခါကြား လျှောက်သည်အခါ။ နန်းတော်ကြီးက။ မင်္ဂလာငွေမောင်း ဇချက်တီးပြီးနောက်မင်္ဂလာထွက်စည်တော်ကိုတီးရှန်းလေ၏။

ထွက်စည်တော်သံ ကြားလျှင်၊ မင်္ဂလာမဏ္ဍပ်တွင်ရှိသော ပရိသတ်တို့ကို၊ ကွမ်းမစားဆေးမသောက်ရ၊ စကားမပြောရ။ ငြိမ်ဆိမ်စွာ၊ အကံတော့ခံ၊ ရာဇပလ္လင်တော်သို့။ မျက်နှာအောက်ချ၊ ဦးတိုက်ကြစေ၊ ဖုန်းတော်ကြီးသောဘုရား ထွက်တော်မူပြီဟု သံတော်ဆင့်ကြီးအမိန့်အရ၊ စမြောင်အမှုထမ်းက ၃–ကြိမ်ဟစ်လေ၏။



ဘုရင်မင်းကြောရာဇ် ထွက်တော်မူ၍ အကံတော့ခံ ရာဇပလ္လင်ထက်နိုက်၊ စံပယ်တော် မူပြီးနောက်၊ ဗုဏ္ဏား ပညာယှ်ရှုပညာသှိတို့က။ အပူဇော်ခံအခမ်းအနားကို အလုံးရုံကျင်းပ၊ ဘိသိက်မင်္ဂလာ တင်မြှောက်ကြ ပြီးလျှင်။ အမိန့်တော်မြတ်အရ ဘုရင်မင်းမြတ်ကြီး၏ရွှေမျက်နှာတော်ကို ကံတော့ပူဇော်ကြစေ-ဟုအမိန့်တော်ပြန်သည်အခါ။ အားလုံးသောပရိသတ်တို့ ရွှေမျက်နှာတော်ကို ကြည့်မော်၍။ ကံတော့ပူဇော် ဖူးမျှော်ကြကုန်၏။

အကံတော့အပူဇော်ကိုခံယူပြီးနောက်။ဘုရင်မင်းမြတ်သည်။ မင်္ဂလာမဏ္ဍပ်-တောင်မျက်နှာနိုက်၊ စင်နိမ့်စင်မြင့်နှင့်ပူဇော်ကံတော်နေကြသည်ကား-အသူများဖြစ်သနည်းဟုဝန်တို့ကိုမေးတော်မူလေ၏။

ဝန်တို့က။ ဖုန်းတော် ကြီးသော ဘုရား၏ သွီးတော်ပဿာဒဓန္ဒီ-ထိပ်ခေါင်တင်တို့ဖြစ်ပါကြောင်းပါဘုရား။

ဘုရင်မင်းမြတ် မျက်နှာတော်ညှိုးတော်မူလျက်။ သင်းတို့ကို ရွှေတော်သို့သွင်းလိုက်ဟုမိန့်တော်မူလေ၏။

မှူးမတ်တို့လည်း။ သွား၍မင်းသွီးကို လျှောက်တင်ရာ၊ မင်းသွီးလည်း-စင်မြင့်ပေါ်မှဆင်း၍၊ မိမိခင်ပွန်းကို ရှေ့ကထားလျက်။ ရှိခိုး ဝပ်တွားခါ-ရွှေတော်နိုက် ဖျပ်ဝပ် ခစားကြလေ၏။

မင်းကြီးက။ နင်တို့ဆင်လာသော၊ ဤအဆင်တန်းဆာများကို အဘယ်မှာရဘိသနည်း၊

www.burmeseclassic.com

www.burmeseclassic.com



ခမည်းတော်ဘုရား၏ ရွှေမျက်နှာတော်ကို ဖူးမြော်ချင်လွန်းလို့၊ ခင်ပွန်းလင်ကို ပူဆာသည့်အခါ၊ ခင်ပွန်းလင်က ညောင်ရွက် ၄ချပ်ကိုအရောင်းခိုင်းရေး၊ သပြာ(လေးထောင်)ရသည်အတိုင်း စိမ်ဝတ်ဆင်လာပါကြောင်း၊ အလုံးစုံပြန်၍ လျှောက်တင်လေ၏။

ဖွယ် လူသူ-၄-ပါးကြားလိုမှမယုံနိုင်စရေး၊ ညောင်ရွက် ၄-ချပ်ကိုအသပြာ(လေးထောင်)ရသည်ဆိုဒါ၊ ဘယ်အခါမှ ငါ၏ ရွှေနားတော် ရှေးရှေးက မကြားခဲ့စဖူး၊ ဘယ်လိုလူမို့ သည်ညောင်ရွက်ကို ဝယ်မလဲ။ မဟုတ်မလျှားတင်လျှောက်ခြင်းဖြစ်သည်။ ငါ၏ နန်းတော်မှ တိတ်တဆိတ် ခိုးယူ သုံးစွဲသည်နှင့် တူသည်၊ သင်းတို့၏ ဝတ်ဆင် လာသောတန်းဆာများကိုချွတ်ယူ၍ နုတ်ရတ်သော အဝတ်ကိုဝတ်စေပြီးလျှင် ထောင်မှာသွင်း-အကျဉ်း ထားစေ။ အမိန့်တော်မှတ်ပြီးသော်မင်္ဂလာပွဲသဘင်အခမ်းအနားကို သိမ်းရုပ်၍ နန်းတော်သို့ဝင်တော်မူလေ၏။

ပရိသတ်တို့လည်းအုတ်အုတ်ကျက်ကျက်ဖြစ်ကြလေ၏။

ရှုးမတ်တို့လည်း၊ အမိန့်တော်မြတ် အတိုင်း တည်ကြည်လျက်၊ မင်းသမီးနှင့် ဒွန်းစဏ္ဍားကို ထောင်မှူးသို့အပ်လိုက်လေ၏။

ထောင်မှူး လည်းဘုရင်မင်းမြတ်၏ရင်သွေးတော် ဖြစ်သောကြောင့်၊ ကျေးဇူး တော်ကို ထောက်မျှော်၍၊ ရှိသေ



စွာ လျှောက်ထားပြီးလျှင်၊ ထောင်နိုက် ကောင်းမွန်စွာထား လေ၏။

အရှင့်သားကို ကျွန်မပူဆာမိသည့် အတွက်၊ အရှင့်သားပါ၊ အကျဉ်းထောင်နိုက် ချထားသော ဒုက္ခဘေး နှင့် တွေ့ကြုံရပြန်ပေါ့၊

အို......ဘာတေပြောနေပြန်သလဲ။ လောကမှာ၊ မိမိ အခြေအနေ ရပ်ပဲ့ နေပါလျက်၊ မထူမတန်ရာကို ပြုလုပ်လျှင်။ ဘေးအန္တရာယ် ဆိုဒါ တွေ့တတ် ထာဘဲ၊ သူတပါးတို့လည်း၊ စောင်းမြောင်းကဲ့ရဲ့ခြင်းကိုပြုတတ်ထာဘဲ မိမိတို့ ဖြောင့်မှန်သောအလုပ်နှင့် ပစ္စည်းရှာကြံရသော်လည်း၊ သူတို့ညာဏ်မမှီက၊ ယုတ္တိမယှိဟု အလွဲးထင်ပီး၊ ချော်တော ငေါ်ပီးတော့၊ တွေးကြံတတ်သည်မင်းသမီး။

အရှင့်သားအမိန့်ယှိတာမှန်ပါတယ်၊ လောကသဘောဖြစ်ပါတယ်၊ စာပေ ကျမ်းဂန်ကို-ကြည့်ရှုသူ နည်းပါး၊ တတ်မြောက်သူနည်းပါး၊ အမြော်အမြင်နှင့်ပြည့်စုံသူနည်းကြတော့၊ သို့လိုဖြစ်တတ်ပါကြောင်းပါ၊ သို့သော် ကျွန်မ ပူဆာမိသည့်အတွက်ကြောင့်။......

အို......မင်းသမီး၊ ဒါကို ထင်တလဲးလဲး စွဲလမ်းမနေပါနှင့်။ တော်ပါ-မပြော ပါနှင့်၊ ဖြစ်လျှင် ပျက်ရမည်၊ ပျက်လျှင်ဖြစ်ရမည်ဟု ပညာယှိတို့စကား ယှိပါတယ်၊ ထောင်နိုက် အကျဉ်းထားသည် တိုင်၊ ကျေးဇူး အလွန်ကြီးပါ

www.burmeseclassic.com



ပေတယ်၊အဘယ့်ကြောင့်ဆိုသော်၊အသက်ကိုမသတ်ဘဲ ချမ်းသာပေးတော်မူပေတယ်၊ ကောင်းစွာထား၍ ကောင်း စွာပန်းကန် ခွက်တို့နှင့် ကျွေးမွေးပေတယ်၊ တောင်းရမ်း စား ရသည်ထက် အပုံကြီး မြတ်ပေတယ်၊ အလျှင် စား သောက် နေထိုင် ရသည်ထက် အပုံကြီး မြတ်ပေတယ်၊ တောင်းရမ်းစားရသည်အခါက၊ ကျွန်ုပ်တို့ ခွဲးခွါရပါသေး တယ်၊ ယခုမခွဲးမခွါဘဲအတူနေရခြင်းသည်၊ အလွန်ဝမ်း မြောက်စရာကြီး ဖြစ်၍၊ ကျေးဇူးတော် ကြီးပါပေတယ်၊ ကျေးဇူးတော်ကို မပြတ်အောက်မေ့လျက်။ ကဲ့ ခမည်းတော် ကို၊ ဖုန်းတော်သမ္ဘာတော်ကြီးပါစေ၊ သက်တော်ရှည်ကျော် ရှည်ပါစေလို၊ ဆုတောင်း မေတ္တာ ကျိုးစား၍ မှိုပါ။ နန်း တော်သို့ တနေ့ကို ဦး-၃-ကြိမ် ခိုက်ပါဆို၍၊ စိတ်ကိုချမ်း သာစွာနေကြလေ၏။

BURMESE CLASSIC .com

## အခန်း-၄။

သုဇ္ဈတ-အမည် ယှိသော။ မင်းကြီး စံတော် မူသော၊ သုဘက် မြို့တော်၏။ သဘော်သဆိပ်ကမ်းနိုက် နေထိုင်ကြ သောသူတို့သည်ကား။ သင့်လျော်သော နေရာ တခုတွင်၊ တွင်းနက်စွာတူး၍၊ ၎င်းတွင်းထည်းနိုက်။ သစ်ချွန်း၊ ဝါးချွန် သံချွန် များကို စိုက်ထောင်လျက်။ ၎င်းတွင်း အပေါ်က၊



ထောက်အရှင် တစ်ထားခေသေချင်ကိုရှုံကျာင်းစွာလုပ်ထား ပြီးလျှင်၊ ထိုအပေါ်မှ ထမင်းဟင်းပွဲရုံအစုံဖြင့်လျှက်၊စတွေ ဒီသာရုံကဲ့သို့၊ ဆိပ်ကမ်းသို့ရာပ်သော သင်္ဘောသားများ ကို၊ ပင့်ဖိတ်၍ ကျွေးလေ၏၊ ထမင်းထိုင်၍ စားသောက် ကျသည့်အခါ၊ အမှတ်မဲ့ ထောက်တိုင် ဖြုတ်လိုက် သော်၊ စင်ပြိုပြီးလျှင် လူအပေါင်း တို့သည်၊ သစ်ဝါး၊ သံချွန်တို့ အပေါ်ကျ၍ ထိုးပေါက် သေဆုံးသည့်အခါ၊ တွင်းကိုမြေ ဖို့ထားကြလေသည်။ သင်္ဘောပါ ပစ္စည်းများကို သိမ်း ယူပြီးလျှင်သင်္ဘောကို မျှောက်ဖျက် ကြလေသည် ဤကဲ့ သို့ဆိုး-လိမ်လည် ဖျည်ဖြား စားသောက် အသက်မွေးကြ သည်အတွက်၊ဆိပ်ကမ်းမစည်ယှိလေ၏။

ဥောင်ချက် ၄-ချပ်ကိုဝယ်ယူခဲ့သော၊ ပါဝန-သင်္ဘော သူကြီး သည်လည်း၊ သင်္ဘော ဖွင့်ရာ၊ သုဘက-မြို့၏ ဆိပ်ကမ်းသို့ရောက်၍ ဆိုက်ကပ်လေ၏။

သင်္ဘောဆိုက်ကပ်ခဲ့လျှင်၊၎င်းဆိပ်ကမ်းသားတို့သည်၊ ဘုရားတကာ၊ ကျောင်းတကာ၊ ဥပသကာများကဲ့သို့ဝတ် သန့် ဝတ်ကောင်းများကို ဝတ်ဆင်ပြီးသော်၊ သင်္ဘောသို့ သွား၍၊ သင်္ဘောသူကြီးနှင့်တကွ သင်္ဘောသားအကုန်၊ ကျွန်တော်တို့ ကုသိုလ်ပြုလုပ်သော၊ ဓတုဒိသာ-ထမင်း ကျွေးခုံကြီးသို့၊ ထမင်းဟင်းလျာအစုံ၊ အချိုအချဉ်၊ အ ချေ ယာဂုတို့ကို သုံးဆောင်တော်မူရန် ကြွတော်မူကြ ပါ၊ သင်္ဘောနိုက် တခုတခုဘာမျှ မဖြစ်စေရပါ၊ဤဆိပ်



www.burmeseclassic.com

www.burmeseclassic.com



ကမ်းကို ရောက်သမျှ ဩဇာ့သည် တို့ကို ကျွန်တော်တို့က၊ ကျေးမွေး ကုသိုလ် ပြုမြဲ အစဉ်ဖြစ်ပါတယ်၊ ကျွန်တော်တို့၏ ကုသိုလ်ကို ချီးမြှောက် တော်မူပါမည့်အကြောင်း။

ပါဝန-သဘော် သူကြီး လည်း၊ ငါအမြို့မြို့ကို လှည့်ပတ်လာရာ၊ ဤမြို့ဆိပ်ကမ်းသည်၊ အစီအမံထူးဆန်းပါပေတကား၊ ဖိတ်ကြားလာသော လူကြီးများသည်။ သူတော်ကောင်းများနှင့် တူဟန်ရှိသည်၊ ကုသိုလ် ပြုသည်ကို မလိုက်ချေက—မလျော်။ ကောင်းပါပြီး ကျောင်း တကာတို့ သဘော်သား အကုန်လာရောက် ပါမည်၊ ကြွနိုင်ကြပါတော့ဟု အခွင့်ပြုလိုက်လေ၏။

သဘော်သူကြီး စဉ်းစားသည်မှာ။ ပဌမဦးစွာ တွေ့သော ထူးသော ကိန်းဖြစ်ပေတယ်။ ဩောင်ရွက်ရှင်မှာချက်အရ၊ ပဌမ ဩောင်ရွက်ကိုထောင်၍ ကြည့်ရှုရာ၊ (**အာသနံ ဒသာနေယျ**) ဟု။ အက္ခရာပေါ်လာ လေသည်။ အက္ခရာ အဓိပ္ပါယ်ကား။ အာသနံ၊ နေရာကို၊ ဒသံနေယျ၊ ရှုဆင်ရာ၏ဟု ဆိုပါကလား။ အင်း-ဩောင်ရွက် အက္ခရာအရ၊ သတိပြုရပေမည်ဟု။ သဘော်သားတို့ကိုခေါ် ၍။ အမောင်တို့၊ စေတနာဒါယကာ ထမင်းကျွေးရုံသို့၊ စားသောက်ရန် လာ၍ ပင့်ဖိတ်သည်။ အားလုံး သွားကြရမည်၊ ထမင်းရုံကြသော အခါ။ ကျွန်ုပ်ကဝင်ကြတက်ကြဆိုမှ၊ ဝင်ကြ တက်ကြမည် ပြောပြ၍။ ဆင်ယင်ပြီးလျှင် သွားကြလေ၏။

ထမင်းရုံစောင့် လူကြီးများ ကလည်း၊ ကြွတော်မူပါ



သဘော်သူကြီးမင်း၊ ဟော-သည် ထံခါးပေါက်က၊ ထမင်းရုံဝင်တော်မူပါဟုညွှန်ပြလေ၏။

သဘော်သူကြီးလည်း၊ ဩောင်ရွက်စကားအရ၊ ရုံစမ်းကြည့်ရှုရာ၊ အသက်တိုသေအောင် ပြုလုပ်စီမံထားသည်ကို တွေ့မြင် ရသောကြောင့်၊ မကောင်းကြံသောလူဆိုးများဖြစ်ကြောင်းကို သိ၍၊ မိမိ သဘော်သား တို့ကို၊ ၎င်းလူများ ဖမ်းဆီးချည်နှောင်ရန်အမိန့်ပေးလေ၏။

သဘော်သားတို့လည်း၊ အမိန့်အတိုင်း ဖမ်းဆီး ချည်နှောင်ကြပြီးသော်၊ သဘော်သူကြီးက၊ ၎င်းလူများကိုဆွဲ၍ ခေါ်ခဲ့ကြဟု ဆို၍၊ သုဇ္ဇတ မင်းကြီး ထံသို့ ဆက်လေ၏။

သုဇ္ဇတ- မင်းကြီးက အကြောင်းကို မေးတော် မူရာ၊ ၎င်းတို့ အကြံအစည် ပြုလုပ်ပုံကို၊ အလုံးစုံလျှောက်ထားလေ၏။

တော်ပေ့ မောင်မင်း၊ ငါ၏ ဆိပ်ကမ်း မစည်ကားယိုနေ သည်မှာ၊ သင်းတို့ ကြောင့် ဖြစ်ပေတယ်။ မောင်မင်း ရုံစမ်းဖမ်းဆီး ပေးသည့် အတွက်။ များစွာ ကျေးဇူးကြီးပါပေတယ်။ သင်းတို့ မကောင်းကျင့်သောအကောင်များကို ဖမ်းဆီးပေးသည့် အတွက်၊ မောင်မင်းအား၊ ဆုတော်ငွေ (နှစ်ထောင်) ပေးသနားတော် မူလိုက်မည် ယူလေတော့၊ ငါ၏ဆိပ်ကမ်းကို မောင်းမင်း ရောက်သည်း ငါ့ထံသို့အဆီး အတားမယှိ ဝင်နိုင် ထွက်နိုင်သည့်အမိန့်

www.burmeseclassic.com

တော်စဉ်ချွန်ကိုလည်း ပေးသနားတော်မူလိုက်မည်။ ဆောင်ယူသွားလော့။

သဘော်သူကြီးလည်း၊ ရွှေတော်ငွေ နှစ်ထောင် နှင့်၊ အမိန့် တချွန်တော်ကို ယူဆောင်၍၊ နန်းတော်မှ သဘော်သို့ဆင်းခဲ့၏။ သဘော်ကို ရောက်သည့်အခါ၊ အမောင်တို့၊ ပြောင်ရှက် လေးချပ်ဝယ်ခဲ့ရာ၊ ပဌမ ပြောင်ရှက်စကားကို နားထောင်ရ၍၊ ငါတို့ကနေတွေ့အသက်မသေဘဲ မင်းကြီးက ချီးမြှောက်သော စာချွန်တော်နှင့် ရွှေတော်ငွေ နှစ်ထောင်ရခဲ့ပေတယ်။ ဝယ်ခဲ့ရသော ပြောင်ရှက် အမိုးသည်၊ ယခုစာဆက်ကြသွားပေါ့ မောင်တို့။ အလွန်ပြောင်ရှက်ကျေးဇူးကြီးပါပေသည် ပြောဆို၍ နေကြလေ၏။

သုဓမ္မတာမင်းကြီးလည်း၊ သဘော်သူကြီးဖမ်းဆီးပို့လာသော ရာဇဝတ်ကောင်များကို၊ သွားမည့်တိုင်းလမ်း သွားစေဟူ-မှူးမတ်တို့ကို အမိန့်ပေး၍ အတွင်းတော်သို့ ဝင်တော်မူလေ၏။

မှူးမတ်တို့လည်း၊ ရာဇဝတ် ကောင်များကို၊ အဘော ပကွက်-ဖောင်ပြာန်၊ အရှင်တို့ကို စီရင်ရန် အပ်လိုက်လေ၏။

ဤကဲ့သို့၊ မကောင်းကျင့်ကြ အသက်မွေးသော ရာဇဝတ်သားများကို၊ သုတ်သင်လိုက်သည်ဟု အနှံ့အပြား ကျော်ကြား၍၊ သုဓမ္မာမြို့နယ်အတွင်း နေထိုင်သော လူအပေါင်းတို့သည် အလွန်မှ ငြိမ်းချမ်းလျက်၊ မိမိတို့သက်ယှ



သက်မဲ့ဖြစ်သော၊ အမိုးတန်ဥစ္စာ ပစ္စည်းများကို ခိုးယူ၍ ပျောက်ဆုံး မည်ကိုကား ငေးစွ၊ အိမ်နောက်ဖေးနိုက် လှန်းထားသော၊ အနီးရုတ်၊ ထမီရုတ်၊ ပဆိုးရုတ်မျှ၊ ပျောက်ဆုံးခြင်းမသိကြဘဲ၊ နေထိုင်ကြ ရလေသတည်း။

ပရိယာန-မင်းကြီး စိုးစံတော် မူသော၊ ပါသမြို့ဆိပ်ကမ်း၌၊ နေထိုင်သော၊ နရာဓမ၊ အမည်ရှိသော၊ မှော်ဆရာကြီး တယောက်သည်၊ မိမိစီရင်သော ဆေးရုပ်ကို ဂါထာမန္တာန် စိတ်သည် ယှိသော်။ အသက် ၁၆–နှစ် ယွှယ်၊ ရုပ်ဆင်း သဏ္ဍာန် လှပတင့်တယ်၊ ကြည့်ရှုဖွယ် မည်သီး။ မှတ်ပဒုမ်းဒါထိဆင်လျက်။ ကညာသတို့သမီး။ ဖြစ်လာချေ၏။ ငင်းဆေးရုပ် သတို့သမီးကို၊ မိမိသမီးပြုလုပ်၍၊ ဤဆိပ်ကမ်းသို့သဘော် ဆိုက်ကပ်လျှင်၊ သဘော်သူကြီးကိုခေါ်၍၊ သမီးကိုမယားပြုရန်၊ နှင်းအပ်လေ၏။ ယုံကြည်သော သဘော်သူကြီးတို့သည်၊ ငင်းသမီးကိုခေါ်၍၊ သဘော်၌ အတူပေါင်းဘော်ခဲ့သည်ယှိသော်၊ သတို့သမီးကအခိုးအနံ့ပြင်းစွာထွက်၍၊ သဘော်သားတို့၊ အခိုးအနံ့ကိုရှုမိသည့်အတွက်၊ တိမ်းလည်း သေဆုံး ကြလေသည်။ ထိုအခါ၊ နရာဓမ–ဆရာကြီးသည်၊ သဘော်ပါပစ္စည်းများကို သိမ်းယူ၍၊ သဘော်ကိုဖျောက်ဖျက်လျက်၊ ဤကဲ့သို့ထိမ်လည်လှည့်ဖြား အသက်မွေးလျက်ယှိနေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ညောင်ရွက် ဝယ်ယူသော၊ ပါဝန်-သဘော်သူကြီး သည်၊ သဘော်သွင့်လာရာ၊ ပါသမြို့-ဆိပ်ကမ်းနိုက်ဆိုက် ကပ်လေ၏။

နှရာ၀မ-ဆရာကြီးသည်။ နေ့ဝင်ဆဲ ညနေ အချိန်၊ သဘော်သို့ဆင်း၍၊ သဘော်သူကြီးမင်း။ ကျွန်ုပ်အိမ်သို့ လက်ဖက်ရည်-ချိုချဉ် များကို သုံးဆောင်ရန်၊ ကြွတော်မူပါ၊ သဘော်ဆိုက်တိုင်း-သဘော်သူကြီးများကိုပင့်ဖိတ်၍ ညှော်ခံကြွေးမွေးအဆွေခင်ပွန်းဖွဲ့ရပါတယ်ခင်ဗျား။

သဘော်သူကြီးလည်း၊ ဖိတ်ကြား လာသော ပုဂ္ဂိုလ် သဘ္ဘာဝန်ကို အကဲခပ်လိုက်၊ လိုက်ပါလာလေ၏။

ဆရာကြီးက-ဟောသည် ကမ္ဘလာပေါ်မှာ ထိုင်တော်မူပါ။ သဘော်သူကြီးမင်း၊

ဘာများလုပ်ကိုင်အသက်မွေးပါသလဲ ဘုရားတကာ၊

ကျွန်တော်များတော့၊မိုးစဉ်ဘောင်ဆက်။ သွားဆရာကြီးအလုပ်နှင့် အသက်မွေးပါတယ် သဘော်သူကြီးမင်း၊

ပရိယေသနအတွက် ပြည့်စုံပါရဲ့လား ဆရာကြီး။

အခု အနေထိုင်ဘဲ ကြည့်ပါတော့။ ကျွန်တော်များက သူနာများကိုချမ်းသာအောင်သာ ကုသိုလ်ဖြစ် အာရုံထားပါတယ်။ ဆေးဖိုး ဝါးခ-လပ်လာဘကို၊ တောင့်တခြင်း စိတ်မရှိပါ။

ကောင်းပေခင်ဗျာ။ ကြားရတာ တယ်ဖိုး ဝမ်းမြောက်ပါတယ်၊ သာရခင်ဗျာ၊သာရ-သာရ၊



ဟဲ့-သိမ်းရေ၊အဖိုးတန်သော ညှော်ကောင်း ရောက်လာပါတယ်။လက်ဖက်ရည်ချိုချဉ်ပွဲများယူခဲ့-ဟု ပြောလိုက်လျှင် ကွမ်းဆေးလက်ဖက် အချိုပွဲ အချဉ်ပွဲ လက်ဖက်ရည်ပွဲများကို မိုသေစွာပုဆစ်ထုဝ်ခါ၊ တည်ခင်းပေးလေ၏။

ဆရာကြီးက သုံးဆောင်တော်မူပါသဘော်သူကြီးမင်း အားနာခြင်း စိတ်ကို မထားပါနှင့်။ အခင်းကိစ္စ ယှိပါက၊ ဟောဒီကဆင်းသွားလျှင် နောက်ဖေးမှာ လုံခြုံစွာဆောက်ထားပါတယ်၊ အိုက်၍ ရေမျှားချိုးလိုက၊ ဟောဟို ကွမ်းပင်တင်ထားသော သရက်ပင် အောက်မှာ၊ အသင့်ယှိပါတယ်ဟုပြောပြလေ၏။

သဘော်သူကြီးနှင့် ဆရာကြီးသည်၊ စကား ဆွေးနွေး ပြောဆိုနေကြရာ။ အချိန်-၁၀နာရီခန့်ကြာယှိလေ၏။

ဤအခါ သဘော်သူကြီးက၊ ကိုင်း-ဆရာကြီး။ အချိန်လည်း အတော် ညည့်နက် သွားပီ ထင်ပါတယ်၊ ကျွန်ုပ် သဘော်သို့ဆင်း.....

အော်-ခဏ္ဍ ဆိုင်းပါဦး သဘော်သူကြီးမင်း။ အကြောင်းတခု ယှိတာကို အစီရင်ခံပါရစေ၊ ကျွန်တော်မှာ ဇနီး ပစ်သွားကထဲ:က။ ဟောဒီ သမီးကလေး နှစ်ခါလည် ကျန်ရစ်ခဲ့ရာ၊ ကျွန်တော်ကြည့်ရှု ယုယကျွေးမွေးလာရာ။ ယခု အသက် ၁၄-နှစ်ကျော်ပါပြီ။ မိဖ၏ဝတ္တရားအတိုင်း နေရာချရန် ကြည့်ရှုပါသော်လဲ၊ ဖြောင့်မတ်မည့်လူကို မြင် သောကြောင့်၊ ကြန့်ကြာ လျက် ယှိနေ ရပါ တယ်၊

www.burmeseclassic.com

www.burmeseclassic.com



သင်္ဘော သူကြီးကို ကြည့်ရ သည်မှာ၊ သူတော် ကောင်း အင်္ဂါလက္ခဏာထင်သွားပါ၍၊ ဤသမီးကလေးကို အလုပ် အကျွေးအဖြစ်ဖြင့်အပ်နှင်းလိုက်ပါရစေ။ သနားသဖြင့် ယခုဘဲ သင်္ဘောသို့ဆောင်ကြဉ်းသွားပါမည့်အကြောင်း။

ဆရာကြီးကျွန်ုပ်မှာ မယားကြီးသားကြီး ရှိပါတယ်။ တော်မည်မထင်ပါ။

သင်္ဘောသူကြီးမင်း၊ မယားကြီး သားကြီး ရှိသော်လည်း၊ ဖြောင့်မတ်သော တရားထိမ်းသော ပုဂ္ဂိုလ်၏ မယားသိမ်ဖြစ်ရခြင်းသည်၊ ဆင်းရဲပင်ပန်းမည် မဟုတ်ပါ။ အကျွန်ုပ်သမီး ကိုယ်ပိုတ်တို့မှ ချမ်းသာခြင်းကို ရလိမ့်မည် ဟုထင်ပါတယ်။ သို့ကြောင့် သင်္ဘော သူကြီး သနားခြင်း စိတ်ရှိတော်မူပါက။ သိမ်းပိုက်ယူဆောင်ပါလျှင်။ အကျွန်ုပ် အားသင်္ဂဟတရားအတိုင်း၊ ချီးမြှင့်ပေသည်ဟု။ ချမ်းသာ စွာ ရတိ ရလိမ့်မည်ဟု-ယုံကြည် စိတ်ချ ရမည် ဖြစ်ပါ ကြောင်း။

အင်း—ဆရာကြီးက အခွင့် ပြုလိုက်မင့်ကို၊ အကျွန်ုပ် မငြင်းပယ်နိုင်ပေ၊ ကောင်းပါပြီ-ယခုဘဲ ဆောင်ယူသွား ပါမည်။

ကောင်းပါလေဗျာ၊ သာဓု-သာဓုအခုမှဘဲ စန်းထုပ်ကြီး ကျသွားပေတယ်။ ကိုင်း ချစ်သမီး၊ အဖေပေးစားလိုက်သော ချစ်သမီး ခင်ပွန်း နောက်သို့၊ လိုက်လေတော့ဟု အခွင့်ပြု လေ၏။



ကိုင်း ဆရာကြီး အခွင့်ပြုပေတော့ဟုဆို၍၊ သတို့သမီး ကိုခေါ်ပြီးလျှင် သင်္ဘောသို့ဆင်းလေ၏။

သင်္ဘောထက်သို့ ရောက်လျှင်။ သတို့သမီးကို သင့်သော နေရာနိုက် ထား၍၊ သင်္ဘောသူကြီး စဉ်းစားပြန်သည်မှာ၊ အော်–ငါ့မှာ ယခု ဒုတိယ ကိစ္စ တခု ကြုံတွေ့ ပြန်ချေပြီ၊ ဒုတိယညောင်ရွက်ကို ကြည့်ဦးမှတော်မည်ဟုအောက်မေ့ ပြီးသော်။ ညောင်ရွက်ကိုထောင်၍ကြည့်လေ၏။

ညောင်ရွက်နိုက် (ရေဂံပဟာသေယျ) ဟု အက္ခရာ ထွက်ပေါ်လေ၏။ အဓိပ္ပါယ်ကား၊ ရေဂံ၊ တတ်နှစ်သက် ခြင်းကို၊ ပဟာသေယျ၊ ပါယ်ရာ၏–ဟု ဆိုပါ တကား၊ ညောင်ရွက်စကားကိုနားထောင်မှငါချမ်းသာရချေမည်ဟု သတို့သမီးအပါးသို့မချဉ်းမကပ်ဘဲနေလေ၏။

သတို့သမီးက၊ အရှင်အိပ်ချိန်တန်ပါပြီဟု ပြောလေ၏၊

သတို့သမီး-အသင် အိပ်လိုက အိပ်နှင့်ပါ။ ငါ နောက်မှ ဘဲအိပ်တော့မည်ဟုဆိုလေ၏။

သို့လို ပြောဆို၍၊ သင်္ဘော သူကြီးသည် သတို့သမီးကို ကြည့်လျက်နေရာ၊ သန်းခေါင်ကျော် လင်းအားကြီး အချိန် ကျလျှင်၊ သတို့သမီးသည်-တကိုယ်လုံးညိုလာပြီးလျှင်၊ မီးခိုး ကဲ့သို့ထွက်ငွေ့ပြီး၍၊ ရေတွေဖြစ်လာပါတော့ သတို့သမီး ပျောက်ပျက်သွားလေ၏။

သင်္ဘော သူကြီးလည်း၊ သင်္ဘောသားများကို ခေါ်၍၊ အကျိုးအကြောင်းဖြစ်သည့်အတိုင်းကိုပြောပြီးလျှင်၊ ထို



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးသည်၊ သူမျှားကို သေအောင်ပြုလုပ်။ အသက်မွေးသူဖြစ်ကြောင်းထင်ရှားလေသည်၊ ၎င်းအတွက် ၎င်းဆရာကြီးကို၊ ဖမ်းဆီးချည်နှောင်ပြီးလျှင်၊ ပရိမာန-မင်းကြီးထံသို့သွားရောက်ပို့ကြရမည်ဆို၍၊ ဆရာကြီးကို ဖမ်းဆီး၍ မင်းကြီးထံသို့အင်လေ၏။

မင်းကြီးက။ အသို့ ဖြစ်သနည်း ဟု မေးတော် မူ၏၊ သဘော်သူကြီးက ဖြစ်ခြင်းအကြောင်းအရာကို။ ကုန်စင်စွာ လျှောက်ထားလေ၏။

မင်းကြီးကတော်ပါပေ မောင်မင်း။ ငါ၏မြို့ဘော် ဆိပ်ကမ်း မစည်ကားဘဲ ယိုနေ သည်မှာ၊ အတော် ကြာပေပြီ မောင်မင်း။ သည်အကောင် ဖျက်ဆီးနေသည့်အတွက်။ ဆိပ်ကမ်းပျက်စီးခြင်း ယိုရချေသည်၊ မောင်မင်းဖမ်းဆီးပေးလို့သာ ငါသိရ ပေသည်၊ မောင်မင်းကျေးဇူးကြီးပါပေသည်၊ မောင်မင်းအား ဆုတော်ငွေ အသပြာ (နှစ်ထောင်) နှင့် ငါ၏ဆိပ်ကမ်းကိုရောက်သည့်အခါ၊ ငါ့ထံသို့ဝင်နိုင်ရန်။ အမိန့် စာချွန်တော်ပါ ပေးသနား တော် မူလိုက်မည်၊ ယူဆောင် သွားလေတော့-ဟုမိန့်တော်မူလေ၏။

နောက်မင်းကြီးက။ ငါ၏ ဆိပ်ကမ်းသို့ လာရောက်သော လူများကို၊ ဆေးအာတတ် ပညာနှင့် လှည့်စား အသက်မွေးသော၊ ဤရာဇဝတ်ကောင်ကို ထုံးစံသို့ရေ သွားမည့်တိုင်းလမ်း သွားစေဟု-မှူးမတ် များကို အမိန့် အာဏာမှာတော်မူပြီးလျှင်။ ညီလာခံ စဲလေ၏။ မှူးမတ်တို့လည်းအမိန့်တော်အတိုင်း ရာဇဝတ်ကောင်ကို ဆိုင်ရာသို့အပ်လိုက်လေ၏။



သဘော်သူကြီးလည်းသဘော်ပေါ်သို့ ရောက်သည့်အခါ သဘော်သားများကိုပြောပြသည်ကား၊ အမောင်တို့ညောင်ရွက်ကျေးဇူးသည်အလွန်ကြီးပါပေတယ်၊ မောင်တို့ကျုပ်တို့ အသက်သခင် ဖြစ်ပါပေတယ်။ ညောင်ရွက်-၂ချပ်နှင့်ပင်၊ အဖိုးငွေ အသပြာ (၄၀၀၀) ကြေသွားပေပြီကွယ်တို့။

ဟုတ်ပါပေ သဘော်သူကြီးမင်း။ အစတုန်းက ညောင်ရွက်ဝယ်သည်ကို၊ ကျွန်တော်တို့ဝမ်းထည်းကအပြစ်ပြုမိပါသည်၊ ယခုမှ ညောင်ရွက် တန်းခိုး ယို၍ အဖိုးတန်ကြောင်းသိရသည့်အတွက်။ အပုံကြီးအကျိုးကျေးဇူးများပါတယ်၊ သဘော်သူကြီးကို ကျွန်တော်တို့-မနောကံ ဖြစ်မှားမိသည်ကို။ သည်းခံတော်မူပါဟု ကံ တော့ကြလေ၏။

---

သုန္ဒရ-ဟု အမည် ထင်ရှား ကျော်စောသော မြို့တမြို့နှိုက်၊ နောက်ဆက်လက်မိုးစံသောမင်းတို့သည်၊ ညည့်အခါပျောက် ပျောက်သွားကြသဖြင့်။ အကြောင်းကိုမသိရ၊ မင်းမဲ့တိုင်းပြည် ဖြစ်၍နေလေ၏။ ပြည်သူ မှူးမတ်အပေါင်းတို့သည်လည်း။ မင်းလောင်းကိုတောင့်တမျှော် ယို့နေကြလေ၏။

သဘော်သူကြီးလည်း၊ သဘော်ာ ယှဉ့်လာရာ။ သုန္ဒရမြို့ဆိပ်ကမ်းနှိုက်သဘော်ကပ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



သုန္ဒရမြို့နန်းတော်သို့မှူးမတ်တို့ တိုင်ပင်ကြသည်ကား အမတ်မင်းတို့။ ကျွန်ုပ်တို့ မြို့ဆိပ်ကမ်းနိုက်၊ သင်္ဘောတစင်း ဆိုက်ကပ် နေသည်၊ သင်္ဘော သူကြီး ကို မင်းမြောက်ကြစို့ရဲ၊ မင်းစီး မင်္ဂလာရထားကိုသာ-က-ပေတော့၊ နန်းတော်ရောက်၍၊ ညဉ့်အခါနိုက် သင်္ဘောသူကြီး ပျောက်ခဲ့သော်၊ သူ၏ သင်္ဘောကိုသာ ကျွန်ုပ်တို့သိမ်းယူကြစို့ရဲဟု တိုင်ပင် ညီညွတ်ကြပြီးသော်၊ မင်္ဂလာရထားကို မင်္ဂလာမြင်းတော်-က၍။ အလံ တော် များစိုက် ပြီးလျှင်- ထီးဖြူ ရွှေထီးများ မိုးလျက်၊ သင်္ဘော ဆိပ်ကမ်းသို့ ရောက်သည် အခါ။ မှူးမတ်များ နှင့် ပုဏ္ဏားတော်တို့က။သင်္ဘောသူကြီး သို့ ဤတိုင်းပြည်ကိုအုပ်ချုပ် မင်းလုပ်တော်မူရန်၊ မင်းစီး မင်္ဂလာ ရထားဆိုက်တော် မူပါပြီ၊ ရထားထက်သို့ တက်တော်မူပါဟု-၃-ကြိမ်တိုင်လျှောက်ကြားပြီးလျှင်၊ ပုဏ္ဏားတို့က ဘိသိက်မင်္ဂလာသွန်းမြောက်၍၊ ခရုသင်း-၃-ကြိမ် မှုတ်ပြီးသော် မင်္ဂလာရထားပေါ်သို့ ပင့်တင်ဆောင်ယူ၍၊ မင်္ဂလာစည်တော်ရွှန်းလျှက်၊နန်းတော်သို့ ဝင်ကြလေ၏။

အမတ်မင်းတို့၊ ဂုတ်တရော် ကျွန်ုပ်ကို မင်းမြောက် မင်္ဂလာရထားနှင့်တင်ဆောင်၊ မင်္ဂလာ စည်တော်များရွှန်းပြီးလျှင်။ တိုင်းပြည်ကို အုပ်ချုပ်ရန် နန်းတော်ကို အပ်နှင်းကြသည်ကား။ အကြောင်းကိုသိလိုသည်။

မှူးမတ်တို့က၊ ။မှန်ပါ ဘုရားကျွန်တော်မျိုးတို့တိုင်းပြည်မှာ၊ မင်းမဲ့ တိုင်းပြည် ဖြစ်ပါ သောကြောင့်၊ နန်းစံ



မင်းစီးမင်္ဂလာရထားလွှတ်ရာ၊ အရှင့်ထံ ဆိုက်ကပ်ပါ၍။ အရှင်ဘုရားကို၊ ဘုရင် မင်းမြှောက် အဖြစ်သို့ တင်မြှောက်ကြရပါကြောင်းဘုရား။

အုပ်ချုပ်သော မင်းတို့မဲ့ခြင်း အကြောင်းကို သိလိုပါသေးသည်။

ဝန်တို့က၊ ။မှန်ပါ-ကျွန်တော်မျိုးတို့ တိုင်းပြည်နိုက် ရှေးရှေးကကဲ့ သို့မဟုတ်။ အကြောင်းကို မသိရ၊ မင်းအဖြစ်ကို တင်မြှောက် လိုက်ပါလျှင်။ ညဉ့်အခါ၌ အုပ်ချုပ်သောမင်းသည် ပျောက်ကွယ်လျက် ယှိနေပါသည်။ဤကဲ့သို့ဖြစ်ရခြင်းမှာ မင်းဆယ်ဆက် ယှိပါကြောင်းပါဘုရား။

ကောင်းပြီ- အမတ်မင်းတို့။ သတိဝိရိယ ယှိမှတော် ချေမည်။ သို့သော်- အမတ်မင်းတို့ ခေတ္တခဏ်းကြအုန်း။ ကျွန်ုပ်နန်းတော်တွင်းသို့ ဖွာည့်ပတ် ရှုစမ်းဦးမည် ဆို၍၊ အတွင်းတော်သို့ ဝင်လေ၏။

သင်္ဘော သူကြီးလည်း၊ ဤတိုင်းပြည်က ငါ့ကိုအားလုံးမင်းအဖြစ်ကို တင်မြှောက်ကြလေသည်၊ ဤကိစ္စသည်ကား။ တတိယ ကိစ္စဖြစ်ချေသည်၊ ဒေါင်ရွက်စကားကို နားထောင်ဦးမှ သင့်ချေမည် ဆို၍၊တတိယ ဒေါင်ရွက်ကိုထုတ်၍ ကြည့်ရာ (ရတ္တိ ဇာဂရေယျ)ဟု အက္ခရာပေါ်လာလေသည်။ အဓိပ္ပါယ်ကား။ ရတ္တိ၊ ညဉ့် အခါနိုက်။ ဇာဂရေယျ၊ နိုးကြားရာ၏ဟု ဆိုပါလား၊ ညဉ့်အရှင်နိုက်

www.burmeseclassic.com

www.burmeseclassic.com



ငါမအိပ်ဘဲ စုံစမ်းရသော်၊ အကြောင်း ပေါ်လိမ့်မည်ဟု အောက်မေ့လျက်။ အတွင်းတော်မှ ထွက်လာလေ၏။

နောက်-အမတ်မင်းတို့၊ နန်းစဉ်ဓားတော်များ ယှိသည် ကို၊ အကျွန်ုပ် ရှေ့သို့ အကုန် ယူ၍ ထုတ်ပြ ပါဟု ဆို လေ၏။

ဝန်တို့က၊ အမိန့်အတိုင်း နန်းစဉ် ဓားတော် များကို ထုတ်၍ ရှေ့တော်မှာပြကြလေ၏။

ဤအခါ၊ သဘော်သူကြီးသည်၊ဓားများကို တစင်းစီ ကောက်ယူ၍၊ လက်နှင့်- ဆခါ- ဆခါ- ကြည့်လေ၏။ တော်တော် လက်ဆကောင်းသော ဓားတစင်းကို ရသ ဖြင့်၊ ဝန်မင်းတို့ ဓားသွေးကျောက် ကောင်းကောင်း ယူ ခဲ့တုပြောလေ၏။

မျှူးမတ်တို့က၊ ဆိုင်ရာကို ဆင့်ဆိုလိုက်သည့်အတိုင်း၊ အမှုထမ်းတို့က၊ ဓားသွေး ကျောက်တော်နှင့်၊ ရေခွက်များ ကိုယူ၍ ရှေ့တော်နိူက်ထားလေ၏။

သဘော် သူကြီးလည်း၊ ဓားတော်ကို၊ ကျောက်ပေါ် တင်၍၊ မိမိကိုယ်တိုင် သွေးလေ၏၊ အတော် ကြာလျှင် ဓားသွားကို စမ်း၍ ကြည့်ရ။ ထက်မျက် သော အချေ ကို ရှိသောကြောင့်၊ ဓားကိုကိုင်၍၊ ဆခါ ခုတ်ဟန် ပြု လုပ်စမ်းသည်ကို၊ မျှူးမတ်တို့က မျက်နှာအောက်ချပြုံးကြ လေ၏။

နောက်–သဘော် သူကြီးက၊ အမတ် မင်းတို့၊ ကိဗ္ဗ



ပြီးပြီ။ ပြန်ကြ ပေတော့၊ ညအခါ အကျွန်ုပ် ထံသို့ မ လာကြနှင့်တော့။ ချမ်းသာ စွာသာ၊ နေကြ အိပ်ကြပေ တော့။ နံနက် မိုးသောက်လျှင် နန်းတော်သို့ ဝင်ခဲ့ ကြရ မည်ဟု၊ မှာကြား ပြီးလျှင်၊ နန်းတော်နိူက် စုံစမ်းလျက် နေလေ၏။

မျှူးမတ်တို့လည်း၊ မိမိတို့ဝင်းတော်အိမ်တော်သို့ ပြန် လာကြရ၊ ရှေ့ဝင်းတော်မျှူးအိမ်နိူက်၊ ခေတ္တစုံရုံးပြောဆို ကြသည်မှာ၊

ဘာများအကြံရှိသည် မပြောတတ်ဖူး အမတ်မင်းတို့၊ ဓားကိုင်ပုံ၊ ဓားသွေးပုံ၊ ဓားဆုပ်ပုံ၊ ဓားခုတ်ပုံတို့ကဖြင့်၊ တယ်-ဟန်ပါနေတယ်ဗျ။ ကျွန်ုပ်တို့ကဖြင့် ရှင်ဘုရင်-ရ စေတော့ထို့ သဘောထားပြီး၊ ကြံဖန်-မင်းမြှောက် ကြရ တယ်၊ ခံမှခံဘ-မလား၊မဆိုနိုင်ဘူးဗျ။

ဒါတေ ပြောမနေပါနှင့်လေ၊ နက်ဖြန်နံနက်သဘော်ကို သိမ်းယူရန်သာ၊ သဘောထားတော်မူကြပါ။ သူ့ထက်မ က၊ မင်းမျိုး မင်းရိုး ဖြစ်တဲ့၊ မှန်စီခေါင်းတေမှ၊ မခံနိုင် ဘဲးကဘဲ၊ ဒီလိုသဘော်သူကြီး-ဆေးဒန်း ရေး-ခေါင်းဆို ဒါ၊ ခံနိုင်လိမ့်မယ်ထင်သလား။ နန်းဖြန့်ခါ နန်းတော်ဝင်ထို တွေ့ရလျှင်၊ ကံကောင်းမှတ်ပါ–ဗျ။

မဟုတ်ပေါင်ပါ၊ အမတ် မင်းတို့၊ ဘာဖြစ်ထို့ သူ၏ ပျက်စီးကြောင်းကို ပြောရ-တာတုံး၊ ကျွန်ုပ်တို့တိုင်းပြည် မှာ အုပ်ချုပ်သောမင်း ကင်းမဲ့နေသဖြင့်၊ သဘော်သူကြီး

www.burmeseclassic.com

www.burmeseclassic.com



ကို အုပ်ချုပ်ရန်၊ မင်းအဖြစ် တင်မြှောက် ကြသည်မ ဟုတ်ပါလား။ သို့လို တင်မြှောက်ကြသည်အတိုင်း၊ ငါတို့ မင်းသည်၊ ဂုဏ်းကြီးပါစေ၊ ရန်သူကိုနိုင်ပါစေ ဆိုသော၊ ဆုတောင်း မင်္ဂလာပြုရမယ်ဗျ၊

, ဝန်မင်းကြီး အမိန့်ရှိတော် မူဒါမှန်ပါ ပေတယ်။ ဘာ ကြောင့်ဆိုတော့၊ မင်းလုပ်မို့ တင်မြှောက်တဲ့ သဘောမ ဟုတ်၊ ပစ္စည်းကို လိုချင်ကြလို့ ပြုလုပ်သည်နှင့် တူရာ ရောက်ပေတယ်၊ သည်လိုစိတ်မျိုး သဘောမျိုး ထားကြ ပါလျှင်၊ ကျွန်ုပ်တို့မှူးတော်,မတ်တော်,မဟုတ်ရာရောက် ကြလိမ့်မယ်၊ မှူးမတ် အင်္ဂါနှင့်မညီသဖြင့်၊ လိမ်မီးစား ကြသည်ဟု၊ ဤသတင်းပြန့်နှံ့သွားပါလျှင်၊ မြန်မြန်သေ ဒါကမြတ် လိမ့်မယ်ဟု......

ဟုတ်တယ်ဟုတ်တယ်၊ ဝန်မင်းကြီး အမိန့်ရှိဒါ မှန် လှပါတယ်၊ ဤမကောင်း သတင်း ပြန့်နှံ့ပါလျှင်၊ ကျွန် တို့ အားလုံး၊ သူဘပါး၏ တံတွေးခွက်မှာ ပက်လက်မျော စရာ၊သားစဉ်မြေးဆက် ဂုဏ်ပျက်စရာ၊ နိုင်ငံတော်လည်း ဖေးချမ်းသာသာတော့မည်မဟုတ် ပျက်စီးရာသာ ယိုတော့ မှာဘဲဝန်မင်းတို့၊

ကျွန်ုပ်တို့သည်၊ တသက်သျှာကားလုံး လူဖြစ်လာ၍ ဘဝ ကုသိုလ်ကြောင့်၊ မှူးမတ် သေနာပတိ၊ အဖြစ်ရ ကြသည်၊ မိမိတို့သေသည့်နောက်ကျန်ရစ်သော သူတို့ နှစ်မြော-ဝမ်းနည်း တောင့်တခုစ်လောက်အောင်သော



ထား တော်မူကြဗျ၊ ကိုင်း-သွားကြ ပေတော့ဗျ ဆို၍ ခွဲ ခွာသွားကြလေ၏။

ညည့်အချိန် ကျသော အခါ၊ သဘော် သူကြီးသည်၊ ငှက်ပျောပင်ကို ခုတ်ယူ၍၊ ၃-ပိုင်း,ပိုင်းပြီးလျှင်၊ မင်းတို့ စက်တော် ခေါ်သော- သာလွန် ပေါ်သို့၊ ငှက်ပျောတုံးကို ဆက်၍ တင်ထားပြီးသော်၊အပေါ်က-ကမ္ဗလာရှိစောင်ကို ခေါင်းမြီးရှိ သကဲ့သို့ လူနှင့်တူအောင် မြုပြင် ဖုံးထားပြီး လျှင်၊ မိမိသည် ကွယ်လောက်သော နေရာက မအိပ်ဘဲ ချောင်းလျက်၊ ဓားကိုထမ်း၍ ကြည့်နေလေ၏။

ညဉ့်သန်းခေါင်အချိန်တွင်၊ နန်းတော်အတွင်း မြေကြီး ထဲမှ ပေါ်တက် လာသော နဂါးကြီးသည်၊ သာလွန်ပေါ် နိုက်တင်ထားသော၊ ငှက်ပျောတုံးကို လူမှတ်၍ ပေါက်လေ ၏။ နဂါး အစွယ်ကို နှုတ်မရမီ၊ သဘော် သူကြီးသည်၊ ရုတ်ခြည်းထ၍ ဓားနှင့်နဂါးလယ်ပင်းကိုခုတ်ပိုင်းလိုက်ရာ ခေါင်းနှင့်ကိုယ်ထခြားစီဖြစ်၍ သေလေ၏။

အင်း—သည်တိုင်းပြည်နိုက်ညဉ့်အခါ-မင်းများပျောက် သည်မှာသည် နဂါးရန်ဘဲကိုး၊ သို့သော် နံနက်မိုးသောက် ၍၊ မှူးကြီး မတ်ကြီး များတို့ နန်းတော်ဝင်သည့်အခါမှ၊ ပြရတော့မည်ဟု-ခါးတောင်း ကျိုက်နှင့်၊ ဆောင့် ကျောင့် ထိုင်ကာ ဓားကိုကိုင်လျက်စောင့်နေလေ၏။

နံက်မိုးသောက် အလင်းသို့ ရောက်သည့်အခါ၊ ဝန်ရ



www.burmeseclassic.com

www.burmeseclassic.com



မှူးရတို့က၊ ကိုင်း-အမတ်မင်းတို့။ သခင်္ဘသူကြီး-ပါ မွား သွားပါပြီဗျ။ သခင်္ဘကိုသာ သွား၍ ယူချည် ကြပါဦးရဲ့၊ ကိုင်းလာကြဗျ။

ဝန်မင်းမလဲ၊ သူ့ပစ္စည်းကိုယူဘို့သာ သဘောထား သကိုဗျ။ နန်းတော်ကြီးကိုဝင်၍ သေသည် ရှင်သည်ကိုသိရသည့်အခါကျတော့ ဒီသခင်္ဘ ဘယ်ထွက်ပြေးမလဲ။ သူ၏ ကြံပုံကိုသတိထားမိကြရဲ့လား။နန်းတော်အတွင်းကိုယ်တိုင် လိုက်၍ ရှာစမ်းတယ်။ နို့ပြီးတော့ နန်းစဉ် လက်သုံးတော်ခါးများ တောင်း။ သူကိုယ်တိုင် ကျောက်မှာ သွေးတယ်။ ဆိုးသည့်ပြုမူပုံတေကို ထောက်ချင့်ကြပါ။ ဘာမျှစကား ရှည်ရှည် မပြောကြနှင့်။ ကိုင်း နန်းတော်သို့ ဝင်ကြမယ်ဗျဆို၍ ဝင်ကြလေ၏။

ဝန်ရမှူးရတို့ဝင်လာသည်ကိုမြင်လျှင်၊သခင်္ဘသူကြီးက၊ လာကြအမတ်မင်းတို့ဟု ရုတ်ခနဲ့ အော်ဟစ်ခေါ်ရာ၊

(ဝန်ရမှူးရတို့သည်၊ ထိတ်ကနဲ့ ဖြစ်ကြကုန်၏။)

လာကြ အမတ်မင်းတို့၊ အမတ်မင်းတို့ တိုင်းပြည်မှာ၊ ရှင်ဘုရင်ပျောက်ထာ-တခြားမဟုတ်၊ ညဥ့်အခါနဂါးလာ ပြီးချီ၍ ပျောက်ထာဗျ။နဂါးကို ထား နှင့်ပိုင်း သတ်လိုက်ပြီ၊ ဟော ကြည့်ပါလား။ ဟောသည် နေရာက ထွက်သဗျ၊ ဆိုးသည်နေရာ-အတွင်းခန်းကို ကြည့်ကြ အမတ်မင်းတို့၊ ပြော၍ ကြည့်ကြရာ၊ အဝ-လေးတောင်ကျယ်သောတွင်းပေါက်ကြီးကို တွေ့ကြလေ၏။ သည် တွင်း ပေါက်က



ထွက်၍ မင်းများကို သတ်သောရန်သူ ဖြစ်သောကြောင့်၊ မှူးမတ်တို့က ၎င်းအသေကောင်ကိုစီရင်ကြလေတော့၊

မှူးတော် မတ်တော်တို့က၊ အရှင်မင်းမြတ်သည် ဗုန်းတန်ခိုးတေဇာကြီးသည့်အတွက်၊ နဂါးရန်ကို နိုင်တော်မူပါပေဘုရားဟု -လျှောက်တင်ပြီးသော်၊ နဂါးရန်ကိုအောင်သောမင်းဖြစ်၍၊ အထိမ်းအမှတ်မင်္ဂလာကိုယူကြပြီးလျှင်နာဂအာရိမန္ဒ၊မင်းဟုဘွဲ့ချီတော်မူကြ၍၊အောင်စည်အောင်မောင်း၊ တီးခပ် ဆော်ရွှန်းလျက်၊ ဘုရိယာမျိုးရုံ တီးမှုတ်က ခုန် ကြပြီးသော်၊ သွစ်ပါးသော ပုဏ္ဏားတော် တို့က၊ သျှတ်ဖြာပြီးလျှင်၊ခရုသင်းမှုတ်၍၊အဘိသိက်မင်္ဂလာ ပွဲကြီးကိုကျင်းပတင်မြှောက်ကြကုန်သတည်း။

ထိုအခါ သခင်္ဘသူကြီးက၊ မှူးတော်မတ်တော် အပေါင်းတို့၊ ကျွန်ုပ်သည် နေရပ်မြို့က ထွက်၍ သခင်္ဘနှင့်လှည့်လည်ရောင်းဝယ်လာရာ၊ ၁၂-နှစ် တိုင်တိုင်ယှိခဲ့ပြီ၊ သို့အတွက် ကျွန်ုပ်သားမယားထံပြန်ဦးမည်၊ သားမယားများကို ချမ်းသာစွာတွေ့ခဲ့သော်၊ ၎င်းတို့ကိုခေါ်၍ ဤစည်းစိမ်ကို စိုးစံအုပ်ချုပ်တော်မူမည်၊

တိုင်းပြည်ကို မင်းကြီး-၄-ပါးတို့က ရှေးထုံးရှေးစံ အတိုင်းကျွန်ုပ်၏ ကိုယ်စား၊စီရင်အုပ်ချုပ်ကြရမည်၊ဝန်ကြီးအမတ်ကြီးတို့၏ အင်္ဂါ၊ ဝန်ရမှူးရတို့၏ အင်္ဂါ၊သံတော်ဆင့်၊ သံတော်ခံ၊ စာရေး စာချီ လုလင် တို့မှစ၍၊ မိမိတို့ရအပ်သောအင်္ဂါနှင့်ညီညွတ်အောင်ဆောင်ရွက်ကြမည်။

www.burmeseclassic.com

www.burmeseclassic.com



တရားသူကြီးတို့လည်း ထို့နည်းအတူမှတ်၊ ပုဏ္ဏားတော်များလည်းပုဏ္ဏားတို့အင်္ဂါနှင့်အညီ ဆောင်ရွက်ကြရမည်။

သာသနာဝန်ထမ်းရဟန်းတော်တို့မှာ၊ မြတ်စွာဘုရား၏ ဩဝါဒ ဝိနည်း သိက္ခာပုဒ်နှင့် ညီညွတ်အောင် ဆောင်ရွက်သော ရဟန်းတို့ ကိုသာ၊ တိုင်းနေ ပြည်သူ တို့က၊ ဆည်းကပ်ကိုးကွယ် ပစ္စည်း ၄ ပါးကို ထောက်ပန့်ကြရန်၊ အမိန့်တော်ပြန်၊ ဆင်းရဲသား ကျွန်တော်မျိုးတို့သည်၊ လူတို့ကျင့်အပ်သောဝိနည်း သိက္ခာပုဒ်—ငါးပါးသီလ ဂရုဓမ္မတရားကို အမြဲဆောက်တည်၍။ ကျင့်ကြရန် အမိန့်တော်ပြန်၊ ငါးပါးသီလမတည်သောသူတို့ကို စာရင်းကောက်ယူမှတ်သားထားကြရမည်။ အမတ်မင်းတို့။

ကျွန်ုပ်ကို ခွင့်ပြုကြပေအုန်းတော့၊ ယနေ့ သဘော်သို့ ဆင်း၍၊ ယနေ့တဲ့ကျွန်ုပ်မြို့သို့ထွက်ပါတော့မည်ဟုပြောပြလေ၏။

မှူးမတ်အပေါင်းတို့လည်း မင်းစီး မင်္ဂလာရထား ပေါ်သို့တင်ပြီးလျှင်၊ မင်္ဂလာစည်တော်ရှန်းလျှက် ချိမ့်ချိမ့် မွှမ်းမွှမ်း မင်္ဂလာအောင်ချင်းများကိုဆိုလျှက်။ သဘော်ဆိပ်သို့ လိုက်ပို့ ကြပြီးသော်၊ သဘော် သူကြီးကို ဦးခိုက်၍ နန်းတော်သို့ပြန်လာကြလေ၏။

နန်းတော်သို့ ရောက် လျှင် ဝန်ကြီးလေးပါး စည်းဝေးတိုင်ပင်ကျသည်မှာ၊

ဝန်ကြီး သတိုးမင်းထွာက၊ ဝန်မင်းကြီးတို့သဘော်သူကြီးပင်ဖြစ်သော်လည်း ဖုန်းကံကြီးပေသည်၊ နဂါးရန်ကို အောင်မြင်တော်မူသည့်အတွက်၊ များစွာ ဝမ်းမြောက်ကြရန်ဖြစ်ပါပေတယ်၊

ဝန်ကြီး သတိုး မင်းခေါင်က၊ သဘော် သူကြီး ဖြစ်တယ်လို့ ပေါ့ပေါ့ ဆဆ မပြုကြရဘူး၊ ရှေးကံပါရမီကြီးမား ပါပေတယ်။ ရဲးစွမ်းသတ္တိ ယှိပါ ပေတယ်၊ သူအမိန့်ပေးထားခဲ့တဲ့အတိုင်း၊ ကျွန်ုပ်တို့က လိုက်နာဆောင်ရွတ်ရမည့် ကိစ္စကယှိပေသေးတယ် ဝန်မင်းတို့၊

ဝန်ကြီး သတိုး ကျော်ထင်က၊ ဟုတ်ပါ ပေတယ်။ တိုင်းနေပြည်သူတို့ ဂရုဓမ္မတရား မြဲကြရန် အမိန့်တော်ပြန်ရမတဲ့ဗျ။ သာသနာဝန်ထမ်းရဟန်းသံဃာတော်တို့ကို ဝိနည်းတော်လာ သိက္ခာပုဒ်နှင့်ညီညွတ်သောပုဂ္ဂိုလ်များကိုသာ၊ ဆည်းကပ် ကိုးကွယ်ကြရန် အမိန့်တော်ပြန်ရမတဲ့ဗျ၊ ထို့ပြင် ဝန်ကြီး ၄ ပါးမှစ၍ အမှုထမ်း အရာထမ်းတို့သည်၊ မိမိတို့ကျင့်ဝတ်တရားနှင့်ညီညွတ်ရမတဲ့ဗျ။

ဝန်ကြီး သတိုးစည်သူက၊ အမိန့်တော် ထုတ်ပြန်ရန်ပေးအပ်သော အရာမှာ ကြည်ဗျ၊ အတော် ပညာယှိ ပေတယ်လို့မှတ်ပါ စဉ်းစားတော်မူကြပါ။ တိုင်းနေ ပြည်သူတို့ ဂရုဓမ္မတရားတည်လျှင်၊ အမှုအခင်း မယှိ။ နိုင်ငံတော်အေးချမ်းရောဗျ။ ရဟန်းတော်တို့ ဝိနည်း သိက္ခာပုဒ်နှင့်အညီကျင့်တော်မူလျှင်၊ သာသနာတော်ကောင်း၍ စည်ပင်သာယာခြင်း ဖြစ်ကရောဗျ၊ မှူးကြီး မတ်ကြီးတို့မှစ၍၊ အမှု



www.burmeseclassic.com

www.burmeseclassic.com



ထမ်း အရာထမ်းတို့သည် ကျင့်ဝတ်တရား အင်္ဂါနှင့်ညီအောင်၊ဆောင်ရွက်ကြရမည်အမိန့်ပေးတာက၊ထံစိုး၃ ပါး အဂတိ ၄ ပါးကိုမလိုက်စားရအောင်ဖြစ်ပေတယ်ဗျ။ မင်းကိုညာပြီးတော့အသက်မွေးသည်ကိုအလိုမယှိ၊ ဆဲး-ကျင့်ဝတ်အတိုင်းမှန်ကန်စွာ အမှုတော်ကိုထမ်းရွက်ကြမှ။ မှူးမတ်အင်္ဂါနှင့်ညီညွတ်ပေမယ်ဝန်မင်းတို့။

သတိုးမင်းလှာက။ ဘုရင်မင်းမြတ်ကချီးမြှင့်သောရိက္ခာတော်ကိုထောက်ထားပြီးတော့ မဟုတ်မလျှားမင်းအလိုတော်ကိုလိုက်၍ အမှုထမ်းအသက်မွေးကြပါလျှင်၊ မင်းကို ညာစားသောသူနှင့် တူကြမည်၊ ညာ-ဆိုသည်မှာ ထိမ်ဒါနှင့်တော့မခြားလှဘူးဗျ။ ထိမ်ဒါဖြစ်ပါက ခိုးခြင်း ၂၅ ပါးထဲသို့ပါဝင်နေတယ်။ သို့ကြောင့် ခိုးသူမဖြစ်ရအောင် သတိထားပါ၊ လောကမှာ ပကာသနဂုဏ် လိုက်ပြီး တော့၊သေတော့အပါယ်သွားရလျှင်။ လူ့ဘဝဆုံးကြလိမ့်မယ်ဗျ။

သတိုးမင်းခေါင်က။ ကောင်းပါပြီဗျာ၊ စီမံဆောင်ရွက်ရန်ယှိသည်ဘို့ကို၊ ဆိုင်ရာဆိုင်ရာ အမိန့်တော် ပြန်ကြပေရော့ဗျ။ ကျွန်ုပ်တို့ မြို့သည်နဂါးခုန်ကို အောင်မြင်သောမင်္ဂလာကိုရကြပါသဖြင့်။နန်းတော်အလုံးရေဆေး သုတ်သင်ရမယ်ဗျ။ ရွှေမြို့တော်အတွင်း သုတ်သင် ရှင်းလင်း၍ အိမ်ရှေ့တံခါးနိုက်ရေချမ်းအိုး ၇ ရက်ဘည်၍၊ ဆုတောင်းမင်္ဂလာပြုကြရန်၊ သီလဝိသုဒ္ဓိ ယှိတော် မူသော ၊ မဟာထေရ်ဖြစ်တော်မူသော၊ သင်္ဃာတော်၊တနေ့ (၅၀၀)ကျ နန်းတော်



ကြီးသို့ပင့်၍ ဆွမ်းကျွေးပြီးလျှင် ပရိတ်တော်ကို နာယူရမည်မှာ ၇ ရက်တိုင်တိုင်ဗျ၊ငင်းကိစ္စများကိုဆိုင်ရာမဟာဒါန်ဝန်ကစီမံရမည်။

ဖြဟ္မဏ အမျိုးစစ်သော ပုဏ္ဏား တော် တို့က၊ သျှင်မန္တာန်ညာပြီးလျှင်၊ ခရုသင်းမှုတ်၍ မင်္ဂလာသိဒ္ဓိသိက်သွန်းလောင်းရန်ကိုဆိုင်ရာပုဏ္ဏားဝန်ကဆင့်ဆိုရမည်၊

ပရိတ်တော်ရေများကို၊ နန်းတော်ပတ်လည် ပက်ဖြန်းကြရမည်ကို။ဆိုင်ရာသို့အမိန့်ပေးရမည်၊ရွှေမြို့တော်လေးဖြင်လေးရပ်ယှိ၊ရပ်တွက်တိုင်း ရပ်ကွက်တိုင်းတို့နိုက်၊ ပွဲလမ်းသဘင်ကို၊ ၇ ရက်ပတ်လုံး ကျင်းပကြရန်၊ဆိုင်ရာမြို့ဝန်က စီမံရမည်၊

သတိုး ကျော်ထင်က၊ အားလုံး အရပ်ရပ် ဆိုင်ရာယှိသည်များကို၊စီမံဆောင်ရွက်ပြီးကြရန်ဖြစ်သည်၊ သဘောသူကြီး ကြွလာသည့်အခါ၊ ကျွန်ုပ်တို့ဝန်ကြီးမင်း ၄ ပါး အပေါ် နိုက်၊ အပြစ်တင်ဖွယ်ရှုချမ်းမျှ မယှိကြရအောင်၊ ဝီရိယထုတ်ကြရမည်ဝန်မင်းတို့၊

သတိုးစည်သူက။ ဟုတ်ပါပေတယ်၊ အထက်ကာမင်းမဲ့နေသည့် အခါက။ ကျွန်ုပ်တို့ ဝန်ကြီးလေးပါးဘဲ နိုင်ငံကိုစောင့်ရှောက်စီမံလာကြသည်ကို။ တိုင်းပြည်နိုင်ငံအေးချမ်းခြင်းသို့ ရောက်သေးတာကဘဲ။ ယခုအုပ်ချုပ်သောမင်းကိုရပြီတကါးအထူးပိုးရိမ်ခွင့်မရှိပါ။ သို့သော်မင်းစီမံသွားပုံကို ထောက် ချင့်သော်။ နိုင်ငံကို အေးချမ်းအောင်

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက် အုပ်ချုပ်မည့်မင်းနှင့် တူပါပေတယ်။ သို့လို ပြောဆိုကြပြီးသော်။ လွှတ်တော်အချိန်ကုန်၍ မိမိတို့အိမ် တော်ဝင်းတော်သို့ပြန်ကြလေ၏။

ပါဝန-သဘော် သူကြီးက။ သဘော်သားများ တို့ကို အမောင်တို့ သိကြသည့်အတိုင်းဘဲ၊ ညောင်ရွက်ကျေးဇူး ကြောင့်ယခုတိုင်းပြည်ကိုအုပ်ချုပ်သော မင်းအဖြစ်သို့တင် မြှောက်ခြင်းကိုခံရပြန်တယ်။ ဆဲ့းဟာကအမြတ်ပဲးကွဲ့။သို့ သော်ငါတို့နေရင်းမြို့က ထွက်လာကြရာ ၁၂ နှစ်တိုင်ခဲ့ ပြီ၊ သားမယားမိဖ ဆွေမျိုး ညာတိတို့ကို၊ မောင်တို့လဲး လွမ်းဆွတ်ကြပေပြီ။ သို့ကြောင့် ငါတို့ မြို့ရှိရာသို့ မှန်းပြီး တော့။ လင်းယင်ဖွင့်၍လွှင့်ကြမောင်တို့ဟု-ပြောသည့်အ တိုင်း။ သဘော်လွှင့်လာလေ၏။

ဇယနမြို့သို့ညဥ့်အချိန်ဆိုက်ကပ်လေ၏။ သဘော်သူ ကြီးလည်း မိမိအိမ်သို့တက်သွားသောအခါ၊ မယားပဒုမ သည်၊ သား-ပဝိနာနှင့် ပြင်ခန်းတွင် လေညှင်းခံ၍ အိပ်နေ ကြသည့်ကိုမြင်လေ၏။

/ သဘော်သူကြီးသည် ကိုယ်လက်တုန်လှုပ်လျက်၊ ဒေါ သမျက်စွာထွက်ပြီးလျှင်။ ၂ ယောက်လုံးကိုဓားနှင့်ခုတ်ပိုင်း မည်ဟု၊ ဓားကိုကိုင်၍မြှောက်လိုက်သောအခါ။ စဥ်းစား မိသည်ကား၊ အော်-ငါ့မှာညောင်ရွက်တချပ်ယှိပါသေးတ ကား၊ ညောင်ရွက်စကားကို နားထောင်ဦးမှတော်မည်ဟု၊



စတုဣ ညောင်ရွက်ကိုကြည့်ရာ (**ကောခံ-ပဟာသေယျ။**) ဟုအက္ခရာ ပေါ်လာလေ၏။ အဓိပ္ပါယ်ကား။ ကောခံ၊ အ မျက်ကို၊ ပဟာသေယျ၊ ပယ်ရာ၏ဆိုပါတကား။ ဓားကို ချပြီးလျှင် မယားကိုခြေနှင့်ကန်၍နှိုးလေ၏။

မယားလည်း၊ ရုတ်ခြည်းထ၍ မျက်စိကို ပွတ်ပြီးလျှင် ကြည့်ရှုရာ။ အို-မောင်မင်းကြီး ဘယ်အချိန်ရောက်သလဲး ထမင်းများစားပြီးဘလား။

သဘော်သူကြီးက။ နင်ဒါတွေ ရှောက်ပီးမေးမနေပါနဲ့။ နင်ကျင့်ပုံတော်ရဲ့လား၊ ငါ့မှာ အမြို့မြို့သို့ လှည့်ပတ်၍နင် တို့စားသောက်ဖို့ ရှာကြံရတယ်။ နင်က-သယောက် လင် ငယ်နှင့်ပျော်ပါးအိပ်နေဒါတော်ရဲ့လားဟဲ့။

မယားက၊ အို အို.....မောင်မင်း၊ စဥ်းစားပြောပါ။ လူ ကြားလျှင် မတော်ပါ ရှက်စရာကြီး။ ဘာများ ဖြစ်လာရသ လဲး၊ စဥ်းစဥ်းစားစားမေးမြန်းပါဦးတော့ကို့နှယ်။ ကိုယ့် သားကလေး ၄ နှစ်ရှယ်က။ ကိုထွက် သွားတယ်။ ကျုပ် မှာ ဒီသားကလေးဘဲး မခွဲမခွာနိုင် အတူအိပ်အတူစားနေ ကြရာ၊ အခုသားကလေးအသက် ၁၆-နှစ်ရွယ်ယှိလာပြီ၊ ဒါကိုကြည့်ဘာလား။ ကိုနဲ့မတူဘူးလား၊အရုပ်အဆင်းချင်း တို့ကိုရုံစမ်းကြည့်ရော့ပကိုယ့်သားဟုတ်မဟုတ်ကို။ ......

လင်က။ဟင်-ဟုတ်လား။ကံကောင်းလို့ မမှားတယ်ရှင် မ။ညောင်ရွက်စကားကိုနားထောင်မိလို့သာညည်းတို့သား အမိလဲးချမ်းသာ၊ငါလဲးအပြစ်မရောက်ဖြစ်ပေတယ်ရှင်မ။



www.burmeseclassic.com

www.burmeseclassic.com



ဘယ့်နှယ်ညောင်ရွက်တုံး၊ ပြောပြပါအုန်း မောင်မင်း။

ညောင်ရွက်ကိုစ၍ ဝယ်ရသည်ကား၊ ညောင်ရွက်စကားကိုနားထောင်သည့်အတွက်၊ အကျိုးကျေးဇူး ယှိခဲ့ရသည်များကို အလုံးစုံဖြွန်ပြောလေ၏။

အင်မတန် ကျေးဇူးကြီးပါကလားမောင်မင်း။

ညောင်ရွက်ရှင်က ညောင်ရွက်အဖိုးသိခါမှ အဖိုးငွေကိုဆပ်လှဲ့ပါဟု မှာလိုက်တယ်ရှင်မ၊ အချိန်သမယ ကောင်းသည့်အခါညည်းတို့သားအမိပါသွားပြီးတော့ ညောင်ရွက်ဖိုးကိုဆပ် မယ်ပြောပြ၍ အားရဝမ်းသာနေကြလေ၏။

## အခန်း-၅။

တက္ကသိုလ်ပြည်က၊ မဏိကုဏ္ဍလ-ဆရာကြီး သည်၊ လေသာ အဆောင်ခန်းတခုတွင်၊ တယောက်ထည်းတွေးတောစဉ်းစားနေသည်မှာ။

အော်-မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ၊ ဤအပ္ပမညာတရား ၄ ပါးတို့ကို၊ အစဉ်အတိုင်းပွားများ နိုင်သော သဗ္ဗညုတ်ဖြစ်ဘွယ်မင်းဖြစ်ကြကုန်၍၊ ထိုသဗ္ဗညုတ်ဖြစ်ဘွယ်မင်းဖြစ်ကုန်သော မိမင်းဖမင်းတို့၏ သြဇာကို မငြင်းမပယ် ဆိုလွယ်ကုန်လျက်၊ ဝိဝါဟမင်္ဂလာကိုခံယူခဲ့ရပေဘယ်။

မိဖတို့၏ အပ္ပမညာမိုဃ်းကြောင့်၊ ဖုန်းတန်းတက်တိုး



သက်ဆိုးရှည်ကြာ သမ္ဘာသက်ပွ၊ ကြီတိုင်းရလျက်၊ လောကာ၏ အစီးအပွား၊ သာသနာတော်၏ အစီးအပွား၊ ဓေ့တကာ မျိုးတကာတို့၏ အစီးအပွား၊ အပါယ်လေးပါး တံခါးပိတ်ချုတ်၍ နတ်ရွာနိဗ္ဗာန်တံခါးပွင့်လျက်၊ တဆင့်ထက်တဆင့်၊ ရေသို့မြင့်လျက်ကိုးဆင့်သော လောကုတ္တရာ၊ မင်္ဂလာတိုင်အောင်ကောင်းကျိုးဆောင်နိုင်သော၊ နတ်ထွက်ဩဇာ နတ်ထွက်ပျုဟာ-ဩဘာသံ နိမိတ်သံများကိုခံယူ ပြီးလျှင်၊ ဩဒ-ပတ္တ ကိန္နိတိ ဟုသောတခုထည်းသောရွှေကြ်ဦလက်ကို အတူချ၍၊ ဤရေကဲ့သို့ညီညွတ်တူမျှလိုက်လျောကြကုန်သည် နေနှင့်လ-မြနှင့်ရွှေ-ကြာနှင့် ရေကဲ့သို့ဖြစ်ကြကုန်သည်။ မပြိုမကွဲ မြဲကြ ကုန်သည်၊ ဖြစ်ကြပါစေ သတည်းဟု-ဆုတောင်းမင်္ဂလာပြု၍၊ ပေါင်းဖေါ်ရသော ဇနီးအိမ်သူမှာ-မဏိရတနာပုံဖြစ်ပေသည်၊

ထို ဇနီးသည် ပေါင်းသည့် နေ့ကစ၍၊ ယခုထက်ထိ၊ လင်၏ စိတ်ကို ညစ်ညျုးအောင် တကြိမ်တခါမျှ မပြုခဲ့ဘူးချေ၊ မိန်းမတို့ပြုကျင့်အပ်သော ဝတ္တရား ငါးပါးနှင့်ပြည့်စုံပါပေတယ်၊ ဘယ်အရေးမျှချုတ်ယွင်းခြင်းမယှိဖြစ်ပေသည်။ မိန်းမမြတ်တို့အင်္ဂါနှင့်ညီညွတ်ပါပေသည်။

နို့ဒါဘေထားပါဦးတော့၊ အမြိုမြိုတလာ၍ ပညာရှင် နို့ကိုသောက်ကြသော၊ ဘုရင်သားတော်များ၊ သူဌေး သူကြွယ်သားများသို့ကြတယ်၊ ငင်းတပည့်ပေါင်းများစွာတို့ကိုလည်း၊ မည်သူကိုချစ်သည်၊ မည်သူကိုမုန်းသည်ဟု၍

www.burmeseclassic.com

www.burmeseclassic.com



မထင်ရ-မပြောရအောင်။ ကျောသား ရင်သားမှုပီးတော့၊ အပြစ်လွတ်ကင်းအောင် စောင့်ရှောက်မှုရသည့်အတွက်။ တပည့်အပေါင်းတို့ကလည်း။ မိခင်အရင်းကဲ့သို့ မှတ်ထင်ရှိသေကြပါပေတယ်။ သို့ပင်ဖြစ်သော်လည်း။ ကြာမျိုးငါး ပါးနှင့်ပြည့်စုံစွာစည်စည်ကားကား၊ ပေါက်လျက်ယှိသော ရေကန်ကြီးပင်ဖြစ်လင့်ကစား။ မြက်သင်ရုန်း။မြက်ဝမ်းပူ။ ဟင်းရန့်။ ကတောက်၊ ချောရက် ပေါက်သကဲ့သို့။ အမျိုး မြတ်သောသားများချည်းဖြစ်ကြသော်လည်း။စိတ်ယုတ်မာ သောသားများလည်း။ ပါဝင် ရောယှက်လျက် ယှိကြ ပေ သည်။

ငါတို့နိုက် ကေပုဏ္ဍ-ဆို သကဲ့သို့၊ သားကလေး တ ယောက် ထွန်းကား လာပေတယ်။ ထို သားကလေး ၏ ကြန်အင် လက္ခဏာကို ထောက်၍၊ ဝိစက္ခဏ–ဟူသော နာမကရဏ-မင်္ဂလာကိုခံယူစေသည်။ယင်းသည့်ဝိစက္ခဏ အမည်ကိုချီးမြှောက်ပေးသည့်အတိုင်း။ ဘဝပါရမီကြောင့် သင်ကြားလိုက်သောပညာများကို အဖအမွေခံနိုင်အောင် တတ်မြောက် ကျွမ်းကျင် လိမ္မာ ပါပေတယ်၊ အသက်က လည်း ၂၄ နှစ်ရွယ်ယှိလာပေပြီ။

အင်း–ပဏ္ဍုမြား ကျောက်ကောင်း ကဲ့သို့၊ သားတ ယောက်ဆို-ဆိုသလောက်၊ ဝမ်းမြောက် စရာကြီး အမိုး တန်ကြီးဖြစ်ပေတယ်၊ သို့လိုအမိုးတန် သားတယောက်ရ



ပေသည့်ဟု။ ထိုသားကိုကြည့်ရှုလို့မဝနိုင်အောင်ဘဲ။မျက် စိအဖြတ်မခံနိုင်အောင်ဘဲ ဖြစ်ချေသည်။

မိမိအသက်မက-ချစ်မြတ်နိုးတဲ့သားကလေးသည်၊ မိဖ ဂုဏ်ရှိန်၊ ပညာဂုဏ်ရှိန်ကိုအားထားပြီး။မာန်မာနတက်ကြွ မည်ကိုစိုးရိမ်သဖြင့်။ မာန်မာန-ပြတ်စဲ၍။ ဂါရဝေါစ မင်္ဂ လာ။ နိဝါတောစမင်္ဂလာ၊ သောဝစဿတာစမင်္ဂလာကို ရမှသာလျှင် ငါ့သားအပါယ်ငရဲဘေးမှ လွတ်ချေမည်ဟု၊ သဘောထားပြီးလျှင်၊ လာရောက် ပညာရင်နို့ကိုသောက် စို့ကြသောတပည့်အပေါင်းတို့အား၊ ဝတ်ကြီးဝတ်ငယ်ပြု စေရန်၊ အစေခံအဖြစ်ဖြင့် ချထားရာ (သောဝစဿတာ) မင်္ဂလာကိုခံယူလျက်၊ သေဝပ်စွာလုပ်ကိုင်ဆောင်ရွက်ပေး နေသည်မှာ။ ဘယ်အခါမှ မျက်နှာညှိုးငယ် သည်ကို။ မ တွေ့ရပေ၊ ဖြိုးကြည်သောမျက်နှာ ရွှင်ပြသောစိတ်နှင့်သာ လုပ်ကိုင်ဆောင်ရွက်ပေးရှာပေသည်။

(ခါးတောက်မြစ် ယှက်။ ဗိုက်ရောဖက်သား။ သရက်ပင် မင်း၊ သီးချိုကင်းသို့။)ဟု၊ ပညာယှိပုဂ္ဂိုလ်ကျော်တို့ စပ်ဆို တော်မူချေသည်၊အနံ့အရသာနှင့် ပြည့်စုံသော၊အာဘုနှံ့ ရ မျိုးမှဖြစ်သောသရက်ပင်၏ အသီးမင်ဖြစ်လင့်ကစား၊ ထို သရက်ပင်မင်း၏ အနီးအပါး၌ခြိရံ ပေါက်လျက်၊ တမာပင် ခွေးတောက်ပင်တို့ယှိလေ၏၊ ထိုအပင်တို့ကအမြစ်နှင့်။သ ရက်ပင်မင်း၏ အမြစ်တို့သည်။ရောထွေး ယှက်လိမ်လျက် ယှိနေကြသော်၊ သရက်ပင်မင်းက သီးသော အသီးသည်၊

www.burmeseclassic.com

www.burmeseclassic.com



ယခင်က ကဲ့သို့ မဟုတ်၊ ချိုသော အရသာအနံ့ တို့သည် ကင်းမဲ့ ချိုယွင်းခြင်း အဖြစ်သို့ ရောက်ရလေသကဲ့သို့။ ထို့ အတူ သားကာလေး-ဝိစက္ခဏာ သည်၊ တပည့်အပေါင်းတို့ အနက်၊ အကျင့်မကောင်းသော သူတို့၏ စကားကိုနာယူ လိုက်မှားချေသည်။

အကြောင်း သော်ကား။ အလွန်ခိုင်မာသော ကျောက် တောင်ထွတ် အငူကြီးပင် ဖြစ်ရကား။ ရေအလျဉ်တိုက်ပါ များက၊ ပျက်စီး ယွင်းယွား ခြင်းသို့ ရောက်ရဘိ သို့ရင်း။ တောင်ထိပ်နိုက် ပေါက်ရောက်သော၊ အရပ်ယှက်မျက်နှာ ခရီးတသောင်းခန့်က မြင်ရသောအဓိကရ တောစိုး သစ် ပင်ကြီးလျှင် ဖြစ်ရကား။ လေပြင်း မုန်တိုင်းနှင့်တွေ့ကြုံ သည့်အခါ။ ယိမ်းယိုင် ဖြိုလဲ၊ ပျက်စီးခြင်းကို ရောက်ရ ဘိသို့ရင်း။ တိုက်ပါများလျှင်၊ သစ်ငုပ်သော်မှ။ ကြွတက် ကျွတ်ရသည်ဟု၊ ရှေးသူဟောင်း စကားနှင့်အညီ။ သား ကလေးသည်၊ မကြံအပ် မကြံစည်ထိုက်သော၊ မိဖကို အ သက်ဆုံးရှုံးရန်၊(**ကာယကံ**)မြောက် အကြံဖြစ်ချေတကား။

**အဆောသနာခ မာရာနံ** ပုဒ်အရ၊ လူမိုက်ကိုမှီဝဲဆည်း ကပ်၍၊ လူမိုက်စကားကို နားထောင်မိသော ကြောင့်သာ ကြံမိရှာလေသတည်း။

နောက်-တပေါင်းလပြည့်နေ့ ညဉ့်အခါ၊ မယားမတော် ရတနာပုံ-ခေါ် ၍၊ မြောက်ဖက် ပန်းဥယျာဉ် ကွပ်ပြစ်ပေါ်၌ ထိုင်ပြီးလျှင်၊ ငါတို့သား မျက်နှာကို ကြည့်ရ ခြင်းသည်



ကား၊ လ-ထက်ဧးမြခြင်းဖြစ်လေသည်။ မာန်မာန ကင်း စေလို၍သာ၊ တပည့် အပေါင်းတို့၏ အစေခံ အဖြစ်ကို ထားရသည်ဟု၊ ကျေးဇူးရှင် မိဖ ၂-ပါး ပြောဆိုသံကို၊ သားကလေးချောင်းနေရာက ကြားလျှင်၊ ရှိခိုးကာ အမြန် လာ၍၊ ခြေထောက်ကို ဖက်လျက် ငိုပြီးလျှင်၊ အကြောင်း ကို ပြောပြ၍၊ တောင်းပန် ဝန်ချ ခြင်းကို၊ များစွာ ပြုပေ တကား။

သို့လိုဖြစ်မှားသည်အတွက်၊ နံက်မိုးသောက်သည်အ ခါ၊ တပည့်အပေါင်းတို့ရှေ့၊ တက္ကသိုလ်ပြည်နိုက်၊ဥပဒေ ထုံးတမ်း ယှိသည်အတိုင်း၊ မိဖကို ဖြစ်မှားသော သူတို့ သည်၊ ဦးနန်းစဏ္ဍား-အဖြစ်နှင့်၊ ဤတိုင်းပြည်မှ ထွက်၍၊ အ ခြားသော တိုင်းပြည်သို့၊ ၃-နှစ်တိုင် သွားရောက်၊ ထွက် လက်ခွဲ၍၊ တောင်းရမ်းစားသောက်နေရမည်၊ သူတပါး က မေးသော်လည်း၊ ဦးနန်းစဏ္ဍား မျိုးဟုသာ ပြောရမည်၊ ၃-နှစ် ကျော်လွန် သည့်အခါ၊ မိဖ-ရပ်ထံ သို့ပြန်လာရ မည်ဟု၊ အမိန့်ပေးလိုက်ရာ၊ မိဖတို့အာဏာ သားထွီးမှာ တည်စေ ဆိုဘိသကဲ့သို့၊ မျက်နှာညှိုးငယ်ခြင်းမယှိ၊ မိဖ ၂-ပါးကိုရှိခိုးပူဇော်ကန်တော့ပြီးသော်၊ **သောဝစသာတာ** မင်္ဂလာကို ခံယူလျက် ထွက်သွားရှာလေသတည်း။

မိခင်ဖြစ်သူမှာ၊ ချစ်ခင်လောက်သော သားတယောက် တည်း ဖြစ်ချေ၍၊ ရင်ထုမနာ-အသည်းကြွေမလောက်အောင် ထွဲလက္ခဏာ ဖြစ်ချေသည်၊ ဥပဒေ စည်းကမ်းကို ကြူး

www.burmeseclassic.com

www.burmeseclassic.com



လွန်မိသော သားဖြစ်၍ မှိုသာ၊ လျစ်လျူ ပြုရခြင်း ဖြစ်ပေလိမ့်မည်။ သို့သော်- စဉ်းစား လိုက်တော့၊ သားကလေး ထွက်သွားသည်မှာ၊ ၃--နှစ်က ကျော်လွန် လေပြီ။ တိုင်းပြည်သို့ ပြန်မရောက်သေးသည်ကား၊ အကြောင်းကိုမသိ ယှိရချေ၊ ဆရာကတော်ကို တိုင်ပင်၍၊ သားကလေးကို စုံစမ်း ရှာဖွေရန် လိုက်လေဦးမှ တော်လိမ့်မည် ထင်ပေတယ်ဟု။ တွေးတောဆင်ခြင်လျက် ယှိလေ၏။

ဆရာကတော်လည်း၊ လက်ဖက်ရေ-ပဲပြုတ်၊ငါးခြောက်ထန်းလျက်၊ ပဲလှော်ကြော်၊ လက်ဖက်၊ ဆေးလိပ်၊ ကွမ်းယာများကိုပြင်ဆင် ယူခဲ့၍၊ ဆရာကြီးရှေ့နှိုက်တည်ခင်းပေးပြီးလျှင်၊ ရှိသေစွာထိုင်လျက်ယှိသေ၏။

ဆရာကြီးလည်း၊ လက်ဖက်ရေ များကို၊ သုံးဆောင်သည့်အခါ၊ ဆရာကတော်သည်၊ တဖန် ထသွား၍၊လက်သုတ်ပဝါ၊ ထွေးခံ၊ ရေတံခါင်းများကို ယူ၍၊တည်ထားပြီးလျှင်၊ နေမည်းသောနေရာတွင်၊ထိုင်နေလေ၏။

ဆရာကတော်။ ။ဆရာကြီး-ယနေ့နံက် ဤပြင်ခန်းနှိုက်နေသည်မှာ၊ အတော် ကြာသောကြောင့်၊ စားဖွယ်သောက်ဖွယ်များ၊ အေး- ကုန်မည်ကို စိုးပါ၍၊ ယှိရာသို့ လာရောက်ပို့ရပါသည်၊ ဘာများအကြံဖြစ်နေပါလိမ့်-ဟု အောက်မေ့မိပါ......

အော်--ဆရာကတော် မေးလို့ယှိမင့်၊ ပြောရဦးတော့မည်၊ မောင်ဝိစက္ခဏ- အကြောင်းပေါ့- ဆရာကတော်၊



သားကလေး အတွက်၊ ဘယ်လိုများ စိတ်ကြ ဖြစ်နေရပါသလဲ။

ဆရာကတော်၊ ။ခွဲးခွာသွားစကဖြင့်၊ အတော်ဘဲနှုံးမှုပန်ခြင်းတို့သည်၊ အိပ်မပျော် စားမဝင်၊မနေတတ်၊ မထိုင်တတ်၊ရူးမလောက် ဖြစ်နေရပါကြောင်း၊ နောက် တဖြေးဖြေး စိတ်ကို လျော့၍၊ မသေလျှင် တွေ့ရမှာဘဲဟု အောက်မေ့ပြီး ဖြေဖျောက်နေရပါတယ်အရှင်၊

ကျွန်ုပ်လည်း၊ ဆရာကတော်ကဲ့သို့ မှတ်ပါ၊ ဥပဒေစည်းကမ်း အတိုင်း၊ မစီရင်သော်၊ အဂတိ လေးပါးကို လိုက်စားရာ ကျလိမ့်မည်၊ ဂတိ လေးပါးကို လိုက်စားမိလျှင်၊ လောက-သံသရာ-မကောင်း၊ လောကကျိုး၊ သံသရာကျိုး ဆုတ်ယုတ်ပချေက၊ တရားသိုလ် တိုင်းပြည် ပျက်စီးခြင်း သို့ ရောက်ရာ ချေသည်၊ တယောက် ချမ်းသာ ကိုယ်ကို ရှာသည်၊ သတ္တဝါပေါင်း၊ ဆင်းရဲကြောင်းကို မဖြစ်စေရဘူးတဲ့၊ သားတယောက်ကိုထောက်ညှာသည့် အတွက်၊ထိုင်းပြည်မှောက်မည်ကိုစိုးရိမ်ရသည်၊ သို့အတွက် ပြည်သူတို့၏ မျက်နှာကို ထောက်ရမည်၊ သားတယောက် မျက်နှာကို မထောက်ရချေ၊ အမှုနှင့်တူအောင် စီရင်ရပေသည်ရှင်မ၊

ဆရာကတော်၊ အတိုင်းတိုင်း အပြည်ပြည်က၊ ဘုရင်မင်းအပေါင်း တို့၏ အပူဇော်ကို ခံယူနေသော၊ ဆရာကြီး ဖြစ်ပါလျက်၊ မင်းတို့ အကြည်ညိုပျက်ကွက်အောင် မပြုစ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းပေ။ သီလ-သမာဓိ-ပညာ ဂုဏ်သည်။ နိဗ္ဗာန် သို့ ရောက်က ဆုံးပါသည်။ ၎င်းဂုဏ်ပျက်ချေသော်။ အပါယ် ငရဲရောက်မှတ္တန်းပါသည်။ ထို့အတွက် မိမိနှိုက်ရှိသော ဂုဏ်တို့သည်။ မဖြုန်းကောင်း။ အသုံးသာ ကောင်းခဲ့မည် ဖြစ်ပါတယ်အရှင်။

ဆရာကြီး။ ။အင်း ကောင်းပေ့။ သာဓု-သာဓု။ ပညာရှိတို့မည်သည်။ လောကကျိုး။ တမလွန်ကျိုးဖြစ်ထွန်း အောင် ဆောင်ရွက်မြဲ ဖြစ်ပေတယ်။ သူတပါးအကျိုးသို့ ရန်ကို။ ရည်သန်ခြင်းသည် မိမိအကျိုး အလိုလိုပြီးမြောက် ခြင်းသို့ရောက်ပါတတ်သည်။

ထိုသော်-သားကလေး။ ထွက်သွား သည်မှာ။ ၃ နှစ် ကျော်လွန်လာပြီ။ ပြန်၍မရောက် သတင်းလည်း မကြား ရသဖြင့်။ ကျွန်ုပ်သားကလေးကို ရှာဖွေရန် တပည့် ပေါင်း ၅၀ လောက် ခေါ်၍။ သဘော်နှင့် ထွက်လေဦးမှ။ တော်မယ်ထင်တယ်။ မောင်ဝိစက္ခဏအမေ။

အလွန်မှ သင့်လျော်ကြောင်းပါအရှင်။ စားနတ်ရိက္ခာ။ အဝတ်ပုဆိုးစသည်များကိုအသင့်ဖြင်ဆင်၍ထားပါမည်။

ကောင်းပြီ ဆရာကတော်။ ရက်ကောင်းနေ့ကောင်း ကျ ရောက်သည့်အခါ။ ကျွန်ုပ်ထွက်မည်။ အသင့်သာဖြင်ထား ပေတော့ဟု ဆို၍။ ရက်ကောင်း နေ့ကောင်းကို ရွေးချယ် လျက်နေကြလေ၏။



ဇယာနမြို့၊ ပါဝန-သဘော်သူကြီး ဇနီး-ပဒုမာ။ သားပဝိနာ တို့တိုင်ပင်ပြောဆိုကြသည်ကား။

ပဒုမ-ပဒုမာရေ။ ညည်းသား ပဝိနာကော ဘယ်သွားသ လဲ။ ခေါ်လိုက်ပါ၊ ခဏဒီကိုလာကြဒုန်း။

သား ပဝိနာကိုခေါ်၍ အနီးသို့လာကြပြီးလျှင်။ ဘာများ အကြောင်းရှိပါသလဲဟုမေးလေ၏။

ကိုင်းကိုင်း-ထိုင်ကြဒုန်း-ထိုင်ကြဒုန်း။ သည်လိုကွဲ့။ ညောင်ရွက် ၄ ချပ်ရှင်သို့ ညောင်ရွက် ဖိုးငွေ ဆပ်ရန်။ အ မြန်သွားမှတော့မည်ဟုအကြံရတယ်။

အို-အမြန်သွားမှတော်တော့မပေါ့။ ပဝိနာတို့အဖေ အ သက်သခင် စည်းစိမ်သခင်ဖြစ်ပါပေတယ်။ သူ့ကျေးဇူးကို မြန်မြန်သွားဆပ်မှတော်မည်။ အေးနေလို့မတော်ဘူး။သခေါ် ရမှကယ်ရှိပေတယ်။

ဘယ်မြို့ကိုသွားရမှာလဲဖခင်။

နာယကမြို့ကိုသွားရမယ်။

ခရီးဘယ်မျှကွာလိမ့်မလဲ့ဖခင်။

အင်း-လေရိုးငြိမ်သက်လို့ ရွက်ကောင်း ဖွင့်တိုက်သွား ရလျှင် ၁၀ ရက်နှင့်ရောက်နိုင်တယ်။

နို့ကို့တပည့် ပုရနှင့်ဘဲ သွားကြမည်မဟုတ်လား။

ဟုတ်ပါ ရိုးလား။ ညည်းတို့ သားအမိနှင့် အခြွေအရံ များ။ သဘော်သားတို့၏ သားမယားများပါခေါ်၍။ ဆိုက် သိုက်ဝန်းဝန်းသွားလိုသည်။ ညောင်ရွက်ဖိုး ဆပ်သည့်အ

www.burmeseclassic.com

www.burmeseclassic.com



ခါ မင်္ဂလာပွဲးလမ်းသဘင်ကျင်းပ၍၊ အခန်းအနားပြုလုပ်ဆပ်ရမည်ရှင်မ။

ယခုစီမံဒါ။ အင်မတန်မှ ကောင်းပါပေတယ်။ ညောင်ရွက်ရှင်ကို အင်မတန်မြင်ချင်ဖူပါတယ်။

အဝတ်အထည်က ဝတ်ဆင်လာဒါညံ့လို့သာ ရုပ်ရေရူပက တယ်ချောတယ်။ ဖြုံးခြင်းကိုရှေ့ရှု၍ စကားပြောပေတယ်။ အလွန်မှ သနားစရာကောင်းတယ်၊ ဟိုရောက်တော့တွေ့ရပါလိမ့်မယ်။

အင်မတန် တွေ့ချင်ပါတယ် မြင်ချင်ပါတယ် ပဒိနာတို့အဖေရယ်။

မောင်လုလင်လေး ပဒိနာရေ၊ ငါတို့သဘော်သားများကို အကုန်လာကြရမယ်လို့သွားပြောချေကွယ်။

သွားပါမည်ခင်ဘုရား ဆို၍ အဖ အမိန့်ပေးသည် အတိုင်း။ သဘော်သား အကြီးအမှူးလူကြီးကို သွား၍ပြောလေ၏၊ သဘော်သ အကြီးအမှူး လူကြီး လည်း၊ မိမိလက်အောက်ငယ်သားများကိုခေါ်၍၊ သဘော်သူကြီးအိမ်လာရောက်ကြလေ၏။

အော်–ရောက်လာကြဘလားအမောင်တို့၊ ကိုင်းကိုင်းကောဇ်းမွှန်စွာ ထိုင်ကြအုန်း။ သား–ပဒိနာရေ၊ မင်းအမေပြောလိုက်။ စားရန်သောက်ရန်များယူခဲ့လို့။

သားလည်း အဖအမိန့်အတိုင်း အမိကို ပြော၍၊ အမိ



နှင့်အတူ။ စားဖွယ် သောက်ဖွယ်များကို ယူလာ ပြီးလျှင်၊ တည်ခင်းလေ၏။

ကိုင်း–အမောင်တို့စားကြသောက်ကြပါ။ နေထိုင်ကြရတာ၊ တော်တော်စိတ်များချမ်းသာကြပါရဲ့လား။

ဟုတ်ပ–ကျွန်တော်တို့သားသမီးမယားနှင့်တကွ။ ကိုယ်စိတ် ၂ ပါးချမ်းသာကြပါသည်ခင်ဘုရား။

အင်း–ကြားရပါ တယ်ဗျီးတော့ ဝမ်းမြောက်တယ် သာဓု–သာဓု–သာဓု။

မောင်တို့ကိုခေါ်ဒါ၊ အခြားဟုတ်ပေဘူးမောင်တို့လဲအသိဖြစ်ကြတယ်၊ ညောင်ရွက်ရှင်မကို ညောင်ရွက်မြိုး ဆပ်ရန်သွားကြဘို့ကိစ္စယ်ပေတယ်။

ဟုတ်ပါပေတယ်ဦးမင်း၊ ရောင်းစဉ်အခါက၊ ညောင်ရွက်၏ အကျိုးကိုသိမှ၊ အမိုးကို လာဆပ်ပါဟု၊ မှာလိုက်ပါပေတယ်၊ ညောင်ရွက်အကျိုးကလည်း၊ ၂ ချပ်က– ငွေရင်းကြေး၊ တချပ်က–ရှင်ဘုရင်ဖြစ်၊ တချပ်က–မယားနှင့်သား၊ အသက် ချမ်းသာ။ အကျိုးက– ထင်ပေါ်လာပေတာကို။ ဂတိယှိသည်အတိုင်း သွားဆပ်မှတော်ပါမည်၊ ဦးမင်းခင်ဘုရား။

သွားဆို–သည်လိုကွဲ့၊ ငါတို့သားမယား အခြွေအရံများပါ၊ မောင်တို့က သားသမီးမယားများပါ၊ ပျော်ပျော်ပါးပါး သွားလိုသည်။ မောင်တို့ သားမယားများကို ခေါ်နိုင်ကြမည်မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



ဘယ့်နှယ်မခေါ် နိုင်ဘဲ ယှိမလဲ။ သင်္ဘော သူကြီးက ခေါ်တယ်ဆို။ သားမယား များက၊ ဝမ်းမြောက် လွန်းလို့ က-တောင် က-ကြပါလိမ့်မယ်။ ဘယ်ရက်ဘယ်နေ့ထွက်မည်ကိုသာ အမိန့်ယှိတော်မူပါခင်ဘုရား။

ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့သည်၊ ဘုရား ဖြစ်တော်မူသော၊ မင်္ဂလာ—အခါရက်နေ့ဖြစ်သည်၊ ၎င်းရက်၎င်းနေ့မျိုး အတော်ကြုံကြိုက်ခဲ့သည်။ ဘုရား ဖြစ်တော် မူသောရက်မြတ်မင်္ဂလာကို ဦးထိပ်ထား၍ ထွက်ကြရမည်၊ ပဏ္ဍုလျှား အငြိမ့်၊ စောင်းအငြိမ့်၊ မိကျောင်း အငြိမ့်များကို၊ တပါတည်း စားနတ် ရိက္ခာပေး၍ ခေါ်လာ ကြရမည်ဟု-ပြောလိုက်လေ၏။

ကောင်းပါပြီ ခင်ဘုရား၊ အမိန့် ပေးသမျှကို တလုံးတဝတည်း ပြည့်စုံအောင်၊ ဆောင်ရွက်စီမံပါမည်၊ ချမ်းသာစွာ ရှိစေလိုပါကြောင်းပါ-အစီရင်ခံ၍၊ သင်္ဘောမှူးလည်း အိမ်သို့ ပြန်လာပြီးလျှင်၊ အရပ်ရပ်ဆောင်ရွက်ရန်ယှိသောကိစ္စကို မိမိကိုယ်တိုင် စီမံ ဆောင်ရွက်လျက်ယှိလေ၏။

---

ရှည်သည့် ဘုရင်မင်းဘို့မှ မပိုင်ဘဲ ချန်ထားပ ထားရသော၊ သမ္ဘွ—အမည်ရှိသော ကျွန်းကြီးတကျွန်း ယှိလေသည်၊ ၎င်းကျွန်းသည် ဆိပ်ကမ်း- အကြီးအကျယ် ဖြစ်သည်၊ အတိုင်းတိုင်း အပြည်ပြည်မှလာကြသောသင်္ဘော



မှန်သမျှ၊ ၎င်းဆိပ်ကမ်းကို ဆိုက်ကပ်ပြီးမှသာ၊ လိုရာအရပ်ကို သွားကြရသည်၊ ထိုကျွန်းသည်ခရီးလမ်း ဗဟိုရ်ဖြစ်ချေသည်၊

---

တက္ကသိုလ်ပြည်က၊ မဏိကုဏ္ဍလ— ဆရာကြီးလည်း တပည့်ပေါင်း ၅၀-နှင့်သင်္ဘောလွှင့်လာရာ၊ လမ်းခရီးနိုက် ဆိပ်ကမ်းတည်ရာ၊ မြို့များသို့ ဝင်ရောက်၊ သားကိုစုံစမ်းရာ မတွေ့၊ သတင်းလည်း မရယှိချေသည်၊ ဆိုက်ကပ်ရာပြည်ရှင်မင်းတို့က၊ စုံ စမ်း ထောက်လှမ်း ပေးပါမည်ဟု၊ ဝန်ခံလိုက် ကြပြီးလျှင်၊ ဆရာကြီးအား၊ ကန်တော့ လက်ဆောင်များကို ပူဇော်လိုက်ကြလေ၏။

ဆရာကြီးလည်း၊ ကန်တော့ လက်ဆောင်များကို ခံယူပြီးလျှင် သင်္ဘောလွှင့်ခဲ့ရာ၊ တလတိုင်တိုင် ယှိလာသဖြင့်၊ သမ္ဘွ-ကျွန်းကြီး၏ ဆိပ်ကမ်းနိုက်၊ သင်္ဘောဆိုက်ကပ်နားနေ စုံစမ်းလျက်ယှိလေ၏၊

---

## အခန်း-၆။

### သင်္ဘောသူကြီးနှင့်တက္ကသိုလ်ဆရာကြီး တွေ့ဆုံခန်း။

ဇယနမြို့၊ ပါဝန သင်္ဘောသူကြီးသည်လည်း၊ မိမိအခြွေအရံ၊ သင်္ဘောသားတို့နှင့်သင်္ဘောလွှင့်လာရာ၊ သင်္ဘော

www.burmeseclassic.com

www.burmeseclassic.com



နိုက် ပါသော အခြိမ့် သဘင်သည့် တိုက၊ သမုဒ္ဒရာ နှင့်ဆိုင်ရာ၊ ရာသီနှင့်ဆိုင်ရာ၊ တေးထပ်၊ တေးဖွဲ့၊ ဘောလယ်ပတ်ပျိုး၊ သီချင်းခန့်ကြီး၊ ယိုးဒယား၊ သီချင်းများကိုဆို၍ ပတ္တလားတဖျည်း၊ စောင်းတဖျည်း၊ မိကျောင်း တဖျည်းစီတီး၍ သီဆိုဖြေဖျော်လျက် ပျော်ပျော်ပါးပါးလိုက်လာကြကုန်၏။

၇—ရက်တိုင်ရောက်ခဲ့သော်၊ သမ္ဗန္ဓ-ကျွန်းကြီး၏၊ ဆိပ်ကမ်းသို့၊ သင်္ဘောဆိုက်ကပ်နားလေ၏။

ထိုအခါ၊ တက္ကသိုလ်ဆရာကြီးက သင်္ဘော ဆိုက်ကပ်သည်ကို မြင်သော အခါ၊ သင်္ဘောကို သွား၍၊ စုံစမ်းသည်မှာ—

ဘယ်မြို့ကလာသော သင်္ဘောဖြစ်ပါလိမ့်။

ဗယာနှ-မြို့ကထွက်လာပါတယ်ဟု ပြောလေ၏။

ဗယာနမြို့ဆိုဒါ အောင်ခြင်း သဘောကို ရသည်၊ သဒ္ဒနိမိတ်ကောင်းသော မင်္ဂလာကိုကြားရပေတယ်၊ နို့အမောင် သင်္ဘောသူကြီးအမည်ကတော့။

သင်္ဘောသူကြီးမင်း အမည်ကတော့—ပါဝနလို့ခေါ်ပါတယ် ခင်ဘုရား။

ခင်း—ပါဝန အဓိပ္ပါယ်က ဖြူစင်သူဆိုသည်၊ ကောက်ကျစ်စဉ်းလဲခြင်း မယှိ၊ စိတ်သဘော ဖြူစင်သူဟု-ဆိုပေသည်၊ မြို့အမည်-သင်္ဘော သူကြီးအမည်ကတော့ သုတိ



ဘွဲ့ဘာ ကောင်းသောနိမိတ် မင်္ဂလာကြီးဖြစ်ပေတယ်၊ နို့—မောင်ရယ်၊ သင်္ဘောသူကြီးမင်းနှင့်၊ တဆိတ်တွေ့ရန်အခွင့်များမရနိုင်ပေဘူးလား။

တွေ့နိုင်ပါတယ်-တွေ့ရပါတယ် ခင်ဘုရား။ ယခုကျွန်တော်သွား၍၊ ကြားပြောပါမည်ဆို၍၊ သင်္ဘောသူကြီးထံသွားလေ၏။

ဘာအကြောင်းယှိပါလဲ၊ သင်္ဘောမှူး။

ခေါင်းပေါင်းဖြူ ဖော့လုံးနှင့်၊ ထိုင်မသိမ်း အင်္ကျီနှင့်၊ ပန်းကွက်ပုဆိုးဝတ်လျက်၊ ဘုရားတကာတယောက်ဦးမင်းနှင့်တွေ့လိုကြောင်းပြောလာပါ......

ဘယ်ကလာသောဘုရားတကာလဲးကွဲ့။

ဟောဟို အရှေ့ဘက်က-ဆိုက်ကပ်နေသော သင်္ဘောက ဆင်းလာသည်ကိုမြင်ရပါတယ်။

ကောင်းပါကွယ်-သွားပင့်ပါ-ပင့်ဖိတ်ပါ၊ ရှိရှိ သေသေနော်......

အိုခင်ဘုရား၊ ဘုရေးတကာ သင်္ဘောသို့ကြွပါမည့် အကြောင်းဖိတ်ကြားလိုက်ပါသည်။

ကောင်းပါပြီမောင် သာရ-သာရဆို၍ သင်္ဘောပေါ်သို့လိုက်သွားလေ၏။

ဆရာကြီး လာသည်ကို သင်္ဘော သူကြီး မြင်တည့်လျှင်၊ ရုပ်ရှုပ တင့်တယ် လျောက်ပတ် သည်ကို မြင်ရသဖြင့်၊ ကြည်ညို သောစိတ် ဖြစ်သည်နှင့်၊ ထိုင်ရာမှ ထ၍၊



www.burmeseclassic.com

www.burmeseclassic.com



လာရောက် ဆီးကြို-ကြွပါခင်ဘုရား၊ ကြွပါခင်ဘုရား ဟု ခေါ်လေ၏။

ကျိန်းမာတော်မူပ-သင်္ဘောသူကြီးမင်း။

မှန်ပါ-မေတ္တာ တော်ကြောင့်၊ ကိုယ်စိတ် ၂ ပါး ချမ်းသာခြင်းနှင့် ပြည့်စုံပါကြောင်းပါ၊ ဟောသည့် ဖိုးပေါ်နိုက် ထိုင်တော်မူပါ။ လက်ဖက်ရေ သောက်တော် မူပါ။ ကွမ်းဆေးလက်ဖက်၊ အချို အချဉ်များကို သုံးဆောင်တော်မူပါ။ ဘုရားတကာ။

ကောင်းပေ့ဗျာ။ သာခု-သာခု......ဘာကုန်များတင်လာပါသလဲ။ မည်သည့်မြို့သို့ သွားမည်ဖြစ်ပါသလဲ၊ အငြိမ့်တူရိယာ-အပျော်အပါးဖြစ်တေနှင့်ကိုး......

ကုန်တော်များမှာ၊ ရောင်းရန်ကုန် မပါဘာ။ ဗြောင်ရွှက်ရောင်းသူကိုကျေးဇူးဆပ်-သွားရန် ဖြစ်ပါကြောင်းပါ၊

ဗြောင်ရွှက်အတွက်ဘယ်လိုကျေးဇူးကြီးလိုပါလိမ့်၊

ဗြောင်ရွှက်ကျေးဇူးအကြောင်းကို အစ အဆုံးပြောပြလေ၏။

ဗြောင်ရွှက်ကိုတဆိတ်လောက် မကြည့်ရပေဘူးလားခင်ဗျာ။

သင်္ဘောသူကြီးက၊ ကြည့်ရပါတယ် ကြည့်ရပါတယ် ဆို၍ယူပြီးတော့ပြလေ၏၊

လည်ဗြောင်ရွှက်နိုက် စီရင်သော အက္ခရာ မျိုးသည်၊ ဤဇမ္ဗူဒိပ်ကျွန်းတွင်၊ ကျွန်ုပ်နှင့် ကျွန်ုပ်သားမှ တပါး၊ အခြားသူတို့မစီရင်နိုင်ချေ။ကျွန်ုပ်သား၏ အတတ်ပညာ ဖြစ်ပါတယ်။ ဤသားကလေးကိုကျွန်ုပ်လိုက်၍ရှာနေပါတယ်၊



ဘုရားတကာကဘယ်မြို့ကပေလဲခင်ဘုရား။

တက္ကသိုလ်ပြည်က၊ မဏိကုဏ္ဍလ ဆရာကြီး ဆိုတာ ကျွန်ုပ်ပါဘဲ။ ဆရာကတော် ကတော့ မဏိရတနာပုံ ပါ တဲ့။ သားကလေး ကတော့ ဝိစက္ခဏပါတဲ့၊ သင်္ဘော သူကြီး၏ ဗြောင်ရွှက်ကို စီရင်သော အက္ခရာသည်။ မောင်ဝိစက္ခဏ-အတတ်ဖြစ်ကြောင်းပြောပြလေ၏။

အို-သည်လိုလား၊မဏိကုဏ္ဍလ ဆရာကြီးဆိုတာအတိုင်းတိုင်းအပြည်ပြည်က၊မင်းတို့၏ အပူဇော်ကိုခံသော။ နာမကျော်ကြားသောဆရာကြီးရယ်လို့အသံသာကြားဘူးတယ်။ ယခုကုသိုလ် ကောင်းလို့ ဆရာကြီး ကိုယ်တိုင်ကို ဖူးတွေ့ရခြင်းသည်၊ အကျွန်ုပ်တို့ အလွန် ဇကျိုးကြီးလှပါတယ်။ ကိုင်းကိုင်းသင်္ဘောသူကြီး ကတော်ရေ၊အားလုံးအခြွေအရံ တွေကိုခေါ်ပါ ခေါ်ပါ၊ ဝတ်စုံတစုံ- ကလပ်ပေါ် တင်၍ ယူခဲ့၊နိုင်ငံ ကျော်ကြားသောဆရာကြီးကိုကန်တော့ကြရအောင်ဆို၍ ပူဇော်ကန်တော့ကြမည်ဖြစ်ရာ......

အင်း......ကောင်းပေ့ ကောင်းပေ့၊ ကဲ......တဘက်ကလေးများယှိုရင်တင်ကြ၊ ယောကျ်ားများကဆောင့်ကြောင့်ထိုင်၊ မိန်းမ များကကြို့ကြို့ထိုင်၊ ဦးချကြပေတော့ ဦးချသည်ဆိုဒါ မိမိတို့နှာဖူးနဲ့ သင်္ဘောကျမ်းပျဉ်သို့ ထိအောင် ဦးချ ရတယ်၊ ဆဲတာ ဦးချသည်။ ဦးခိုက်သည်။ ဦးတင်

www.burmeseclassic.com

www.burmeseclassic.com



သည်အဓိပ္ပါယ်ရတယ်၊ ဤလို ဦးချဒါဟာ၊ ကာယကံ ဆို တယ်။ ဝစီကံက လိုပေ သေးတယ်၊ လိုက်၍ ဆိုကြ ပေ တော့……မှန်ပါ။

ဩကာသ၊ ဩကာသ။ ဩကာသ၊ ကာယကံ၊ ဝစီကံ မနောကံ၊ ထိုကံသုံးပါးတို့ဖြင့်။ ဖြစ်များခဲ့သည် ယှိသော်၊ ထိုအဖြစ်တို့မှပျောက်ပါစေခြင်းအကျိုးငှါ၊ ပဌမ-ဒုတိယ တတိယ-တကြိမ် နှစ်ကြိမ် သုံးကြိမ် မြောက်အောင် ရှိခိုး ပူဇော်ကန်တော့ပါ၏ ဆရာကြီးခင်ဘုရား။

နားထောင်ကြအုန်း၊ ကာယကံ ဆိုတာက၊ ကိုယ်ဖြင့် ထိခိုက်ခြင်း၊ရိုက်နှက်ခြင်း၊ပုတ်ခပ်ခြင်း၊လူကြီးများထိုင်နေ စဉ်မတ်တတ်ရပ်နေခြင်း၊ လူကြီးများအနီးသို့မကုန်းမကွျး ဘဲ ဘိနပ်စီး၍ သွားခြင်း၊ လူကြီးများ အထက် အမြင့်ပေါ် ကထိုင်၍နေခြင်း စသည်တို့သည်၊ ကာယကံဖြစ်တယ်၊

ဝစီကံဆိုသည်မှာ။ မိဖ လူကြီး ဆရာများကိုဆဲခြင်း၊ တိုင်းထွာခြင်း။ အော်ခြင်း။ ငေါက်ခြင်း ပြုသည် များကို၊ ဝစီကံဆိုတယ်။

မနောကံဆိုသည်မှာ၊ မိမိတို့ဝမ်းတွင်းစိတ်နှိုက်၊ သူတ ပါးမသိအောင်ဒေါသ ထားခြင်း။ မထေ့မဲ့ ပြုခြင်းတို့ကို ဆိုတယ်မှတ်ထားကြနော်….. မှန်ပါ။

ထိုဖော်ပြသော ကံသုံးပါး တို့ဖြင့် ကျူးလွန်မိသည် ယှိ သော်၊ အပြစ်မှပျောက်စေရန် တောင်းပန်ဝန်ချ ကန်တော့ ခြင်းဖြစ်တယ်။ ယခုပစ္စုပ္ပန်နှိုက် ဆရာကြီးနှင့်ယခုမှ တွေ့



ကြုံရတယ်၊ ထိုကံမျိုးကိုဆရာကြီးအား ငါတို့ ပြစ်မှားဘူး သည်မယှိဟု ဆိုလိုက ဆိုနိုင်၏၊ ဒို့သော် နောက်နောက် သောဘဝတို့က ကံကြွင်းတရားယှိခဲ့ပါမူ။ ထိုအပြစ်တို့မှ ယနေ့ကစ၍ ပျောက်ပျက်ရန်ပူဇော်ကန်တော့သည်ဟုမှတ် ကြရမယ်နော်……မှန်ပါ၊

အဲ……အသက်ဖြင့် ကြီးသောသူ၊ သီလဂုဏ်ဖြင့်ကြီး သောသူ၊ ပညာ ဂုဏ်ဖြင့် ကြီးသောသူ၊ သိက္ခာ ဂုဏ်ဖြင့် ကြီးသောသူတို့အား။ အရိုအသေ အလေးအမြတ်ပြု၍ ရှိ ခိုးပူဇော်ကန်တော့ကြရသောအကျိုးအားကြောင့်။ ဘုရား အစယှိသော သူတော်ကောင်းတို့၏ တောင့်တစံပျော်ရာ နိဗ္ဗာန် ချမ်းသာမြတ်ကို၊ မျက်မှောက်ပြုနိုင်ကြပါစေ။ နိဗ္ဗာန် ကိုမရမီအကြားအဆင်းရဲနှင့်ငရဲကင်း၍၊ မိမိတို့လိုအပ် သောဆန္ဒနှင့်၊တလုံးတဝတည်းပြည့်ရုံကြပါစေ။ သူတော် ကောင်းနှင့် ပေါင်းကြရပါစေ၊ သူတော်မဟုတ် သူယုတ် မာနှင့်လွဲကြပါစေ၊ ထိမဲ့ ခလုတ် ဆုတ်ပါစေ၊ လာမဲ့ဘေး နှဲဝေးပါစေ၊ မကောင်းမှုကိုပယ်၍ ကောင်းမှုကို ပွားများ အားထုတ်နိုင်ကြပါစေသတည်း။

ပေးသောဆုနှင့်တလုံးတဝတည်းပြည့်ရုံရပါလို၏ ခင် ဘုရား။

အင်း သာဓု-သာဓု-သာဓု။ ဗုဒ္ဓဘာသာ၏ အစ ဆိုသော် သိကြရဲ့လား……မသိ ပါဘူး ခင်ဘုရား၊ အင်း မှတ်ထား ကြနော်။

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဘာသာ၏ အစဆိုတာ။ သုံးပါးသော သရဏဂုံကို ဆိုလိုတယ်။နိဗ္ဗာန်သို့ ဝင်ရန်တံခါးပေါက်သည်။သရဏဂုံ သုံးပါးကိုဆိုတယ်၊ ၎င်းသရဏဂုံသုံးပါး မတည်ခဲ့သော်၊ သရဏဂုံသီလ ပျက်သည်လို့ ဆိုတယ်၊ ယခုလူတို့ ခါး ဝက်ပဆိုးကဲ့သို့လုံခြုံအောင် ကာကွယ်ဆည်းရသော အ ဆင်တန်ဆာသည်။ဂရုဓမ္မ ခေါ်သောငါးပါးသီလကိုဆိုလို တယ်။ ၎င်းငါးပါး သီလကို၊ ခါးဝတ် ပဆိုးကဲ့သို့၊ လုံခြုံ အောင် ဆည်းကာ နိုင်ပါသော်၊ လောကဘေး သံသရာ ဘေး။ ပပျောက်ကင်းကွာနိုင်ပေတယ်နော် ..... မှန်ပါ။

ကျောင်း၏ပရဝုဏ် ခေါ်ဆိုသည်မှာ။ အပြင်ကျောင်း ၏နယ်နိမိတ် အစပ်တို့နိုက်ဖှည့်ပတ်ကာရံခြင်း၊ တံတိုင်း မီးတား ပြုလုပ်ခြင်းတို့သည်။ အကာအကွယ် ဆိုသည်။အ ကာအကွယ်၏ အတွင်း၊ ကျောင်းတလင်း မြေပြင် သည်။ ပရဝုဏ်ခေါ်၏။ အကာအကွယ် အဆည်းအတားမယှိက ပရဝုဏ် ပျက်စီး တတ် သည်၊ ကျောင်းထိုင် သတင်းသုံး သော ဘုန်းကြီး၏ အကာအကွယ် အဆည်းအတားကား။ ဝိနည်းတရား ဥပဒေတော်အရ (၂၂၇) ပါးသော သိက္ခာ တော်ကို ဆိုတယ်၊ ထိုသိက္ခာတော် လုံခြုံက၊ အကာအ ကွယ်ဖြို့ အဆည်း အတားခိုင်ခန့်တယ်လို့ ခေါ်တယ်၊မလုံခြုံ က၊ ပျက်စီးတတ်တယ်နော်မှတ်ထားကြ ..... မှန်ပါ။

လူတို့၏ နေထိုင်သော အကာ အကွယ် အဆည်း အ တားမှာ၊ စည်းခြံပြုလုပ်ခြင်း။ ခိုင်မာသော သစ်တို့ဖြင့်ကာ



ကွယ် ထားခြင်းတို့သည်၊ စည်းတားခြင်း ဖြစ်သည်၊ ထို စည်းခြံ မလုံက၊ အန္တရာယ် များ၍၊ အိမ်၏ ဥပစာပျက် စီးတတ်တယ်။အိမ်နိုက်နေထိုင်သော၊ယောကျ်ားမိန်းမတို့ ၏ အဆည်းအတား အကာအကွယ်ကား။သရဏဂုံသုံးပါး နှင့်ငါးပါးသီလတို့ဖြစ်တယ်။ ၎င်းတို့ကို အကာ အကွယ်မ ပြုလုပ်နိုင်ပါက၊ လောကဘေး သံသရာဘေးဝင်ရောက်ထိ ခိုက်သဖြင့်၊ ပျက်စီးတတ်တယ်။ ကြပ်ကြပ်နှလုံးသွင်း၍၊ ကာကွယ်နိုင်ကြရမယ်နော် ..... မှန်ပါ။

အန္တိ–သဘော်သူကြီး။ ဤဉောင်ရွက်ကို ဘယ်မြို့က ဝယ်ယူခဲ့ရပါသနည်း။

နာယက– မြို့ဆိပ်ကမ်းတွင်၊ ဇာပယည်ဝှဲ့ကျေးသော–သူ ငယ်မတယောက်။ ဇာ၍ရောင်းပါသည်ဆရာကြီး။

နာယက -မြို့ဆိုဒါ။အကြီးအမှူး၊ ခေါင်းဆောင်ပြုလုပ် သောမြို့ဟု–ဆိုပေသည်၊မြို့နာမည်ကဖြင့်အလွန်တင့်တယ် ပေသည်၊ နို–ဒုပ်ဗိုးတဲ့မင်း၏အမည်ကိုတော့ ......

ဒုပ်ဗိုးတဲ့ ဘုရင်၏ အမည် ကတော့၊ မိတ်မဋ္ဌု–ဟု ပြောကြပါတယ်ဆရာကြီး။

မိတ်မဋ္ဌု၊ အဓိပ္ပါယ်က၊ သဘော ဖြောင့်စဉ်း တည် ကြည်သော မင်းဟုဆိုပါတကား။ကြားရခြင်းသည် ကြက် သရေ မင်္ဂလာနှင့် ပြည့်စုံသဖြင့်၊ သားကလေးကို တွေ့ရ တော့မည်–ဟု စိတ်ချသည်နှင့်၊ နို– သဘော်သူကြီးမင်း နာယက–မြို့ဆိုဒါ။သည်ကခရီးဘယ်မျှကွာဘာသိမ့် ....

www.burmeseclassic.com

www.burmeseclassic.com



သည်က လေ ဖြောင့်ဖြောင့်နှင့် ရွက်တင် လွှင့်ရပါလျှင်၊ ၃ ရက်ခရီးနှင့်ရောက်နိုင်ပါကြောင်း။

ကျွန်ုပ်မှာ-သင်္ဘော သူကြီးမင်းနှင့် တွေ့ဆုံရသည်မှာ။ သမာ ဒေဝနတ်များ ကူညီ ပေးသည်-ဟု ထင်မှတ် ဝမ်းမြောက်ရခြင်းဖြစ်ပါတယ်၊ သားကလေးကို တွေ့ဘို့ရန်ကို အကြောင်းညီညွတ်ခြင်းဖြစ်ပါတယ်၊ သည်သင်္ဘောဆိုက်သောဆိပ်ကမ်းကျွန်းကြီးအမည်ကလည်း၊သမ္ဗန္ဓ-အမည်ဖြစ်တော့။ အဓိပ္ပါယ်မှာ- စေ့စပ်ခြင်း သဘော ဖြစ်ပေတယ်။ တဦးနှင့်တဦးကို စေ့စပ်ပေးသော ကျွန်းကြီး-ဟု ဆိုပါတယ်။ နိမိတ် ကောင်းသော ကျွန်းကို ဆိုက်ကပ်ရသဖြင့်၊ နိမိတ်ကောင်းသော အဆွေခင်ပွန်းကို တွေ့ရပေတယ်၊ အလွန်ကျေးဇူးတင်ပါကြောင်း၊ သို့သော်သင်္ဘောသူကြီးကတော် အမည်—သားကလေး အမည်များ-ဘယ်လိုခေါ်ပါ......

အော်—ကျွန်တော်မျိုး ဇနီးအမည်က ပမုဒပါတဲ့၊သားကလေးက—ပဝိနာပါတဲ့၊

ပမုဒ-ဆိုဒါ၊ ဝမ်းမြောက်ခြင်းသဘောကိုရပေတယ်၊ မည်သည့် အရာကို လုပ်ကိုင် စီမံရ သော်လည်း ဝမ်းမြောက်ခြင်း စိတ်သာ ရှိသော၊ ဇနီးသူဟု- ဆိုလိုသည်။ ဝိဖုနာ—အမည်ကတော့။ လိမ္မာသူလို့ ဆိုပေတယ် ဟုတ်ပါ့စ .....

ဆရာကြီး မိန့်တော်မူသည့်အတိုင်း။ မယားရော၊သား



ရော၊ အမှန်ဟုတ်ပါကြောင်းပါ— သို့သော်၊ နက်ဖြန်- နံက်နေ ထန်းတ ဖျားခန့် အချိန်၊ သင်္ဘော ထွက်ရန် ဖြစ်ပါကြောင်း။

ကောင်းပါပြီ၊ သင်္ဘောသူကြီးမင်း၊သည်ကထွက်လျှင်နောက်က လိုက်မှီရန် ယှိပါတော့။ နို့-သင်္ဘောသို့ပြန်၍တပည့်များနှင့် တိုင်ပင်ရန်ယှိပါသေး-အခွင့်ပြုပါမည့်၊

ကောင်းပါပီ-ကောင်းပါပီ၊ ကြွတော်မူ ပါအုန်း။ ကျွန်တော်များ၏ အသက်သခင်ကျေးဇူးရှင်၏ ဖခင် ကြီးပေကွယ့်.....အမောင်တို့၊ ဟောသည်ကကန်တော့ကြသော—ပဆိုး-ပဝါနှင့်၊ စားဖွယ် သောက်ဖွယ်များကို ဆရာကြီးသင်္ဘောသို့လိုက် ပို့လိုက်ကြကွယ်။

သင်္ဘောသားများလည်း၊ ဆရာကြီးနောက်ကလိုက်၍ပို့ကြသည်၊ သင်္ဘောပေါ်ရောက်သည့်အခါ။ ဆရာကြီးကဟောဟိုခုံပေါ်တင်ခဲ့ကြပေတော့မောင်တို့။

သင်္ဘောသားတို့လည်း၊ ဆရာကြီးပြသော ခုံပေါ် နိုက်တင်ထားပြီးသော်၊ ဆရာကြီး ခင်ဗျား၊ ကျွန်တော်များဦးတင်ပါသေး......

ဧးဧးကောင်းပီမောင်တို့။ ချမ်းသာကြပါစေ ချမ်းသာကြပါစေ၊ သွားကြပေအုန်းတော့။ မောင်တို့ သင်္ဘောသူကြီးကိုပြောပါ၊ အလွန်မှကျေးဇူးတင်ပါတယ်လို့၊

သင်္ဘောသားများ သွားကြပြီးနောက်။ မိမိတပည့်များကိုခေါ် ၍၊တပည့်တို့-ဆရာ၏သားကို တွေ့ရတော့မည်၊



www.burmeseclassic.com

www.burmeseclassic.com



သားကလေးယှိရာမြို့ကိုလည်းသိရပေပြီ။ ညောင်ရွက်ဝယ်သော သဘော်သူကြီးနှင့်တွေ့၍ အကြောင်းမျိုးစုံကိုပြန်ပြောပြီးလျှင်ပေါ်ဟုဆိုအပေါ်-သဘော်သူကြီးက ကန်တော့လိုက်သောပဆိုးပဝါစားဖွယ်သောက်ဖွယ်များရှိတယ်။ပဆိုးပဝါကို သိမ်းထား၊ စားဖွယ်သောက်ဖွယ်များကို စားကြပေတော့။ နက်ဖြန်ခါ နေထန်းတဖျားခန့် အချိန်။ သဘော်ထွက်ရမည်။ ဟိုသဘော်ထွက်လျှင်။ ငါတို့သဘော်လည်းထွက်၍။ နောက်က လိုက်ရစေမည်ဟု ပြော၍ နေကြလေ၏။

နံက်မိုးသောက်နေထန်းတဖျားခန့်ရှိသောအခါ၊ သဘော် ၂ စင်းမှသည့်လင်းယဉ်ထွ၍၊ ရွက်ဖွင့်လာကြရာ။ ၃ ရက်တိုင်ရှိခဲ့သော်၊ နံနက်တချက် တီးအချိန်။ နာယကမြို့ ဆိပ်ကမ်းကိုရောက်၍သဘော်ဆိုက်ကပ်ပြီးလျှင်။ တက္ကသိုလ်ဆရာကြီး၏ သဘော်က။ အထိမ်းအမှတ်ပြု၍ အမြောက် ၃ ချက်ပစ်ဖေါက်လေ၏။

မိတ်မန္တြီ မင်းကြီးလည်း၊ အမြောက်သံ ကြားလျှင်၊ လွှတ်တော် မင်းကြီး ၄ ပါးတို့ကို၊ လုင်ကျော်စေလွှတ်၍ ခေါ်စေရာ။သမင္ဂသေနာပတိ။ သမ္ဗဇညသေနာပတိ။ပဝေဏီရသေနာပတိ၊သံသဋ္ဌသေနာပတိ၊ဝန်ကြီး ၄ပါးတို့ရှေ့တော်သို့ဝင်၍ ဆိုင်ရာက၊ခစားလျက်ရှိကြလေ၏။

သေနာပတိတို့။ အမြောက်သံ ကြားကြခဲ့ မဟုတ်လား၊ အဝေးတိုင်းပြည်က မဟာမိတ် အကြည်တော်တို့၊ ဆိုက်



ရောက်မည်ဖြစ်ပါက၊ ကြိုတင်၍ သဝန်လွှာများကို၊ ပို့မြဲအစဉ်ယှိသည်၊ ယခုသဝန်ရွှေပေ၊ မရောက်ဘဲလျက်၊ အမြောက်သံပေးခြင်းသည်၊အကြောင်းအသို့ဖြစ်ပေသနည်း၊

မှန်ပါ-အမြောက်သံပေးသော အကြောင်းကိုဝန်တို့ကအမှန်ကို မသိရ သေး ဖြစ်ပါကြောင်း၊ ဆိုင်ရာ မြို့ဝန် ကိုထောက်လှမ်းစေပြီးမှ၊အကြောင်းကိုတင်လျှောက်ရပါမည်ဖြစ်ပါကြောင်း။

ကောင်းပြီ သေနာ ပတိတို့ဟု၊ မိန့်တော်မူပြီးလျှင်။ အတွင်းတော်သို့ဝင်တော်မူလေ၏။

သမင္ဂဝန်မင်းက၊သမ္ဗဇညဝန်မင်း အမိန့်တော်မြတ်အတိုင်း၊ဆိုင်ရာမြို့ဝန်သို့ လွှတ်တော်ဆိုင်ရာလုင်ကိုစေလွှတ်လေရော့အမတ်မင်း၊

သမ္ဗဇညသေနာပတိဝန်ကြီးလည်း။ လွှတ်လုင်ကိုမြို့ဝန်ထံ စေလွှတ်လေသည်။ မြို့ဝန်လည်း လွှတ်တော်မင်းကြီးများအမိန့်အရ၊ အဆောင်ကိုင်များနှင့် သဘော်ဆိပ်သို့၊ ဆင်စီး၍ သွားလေ၏။

သဘော်ဆိပ်သို့ရောက်သောအခါ၊ ဆင်ပေါ်မှ ဆင်း၍ ဘယ် သဘော်က အမြောက်သံ ပေးပါ သနည်းဟု -မေးလေ၏။

သဘော်သူကြီးက။သည်တက္ကသိုလ်ဆရာကြီးသဘော်ကပစ်ကြောင်းကိုပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



မြို့ဝန်သည်၊ သဘော်သို့သွား၍ အမြောက်သံပေးခြင်းသည်အကြောင်းအသို့ဃှိပါသနည်းဟုမေးရာ၊

ကျွန်ုပ်လာကြောင်းသိရန်အတွက်အထိမ်းအမှတ်ပြုပါကြောင်းပါ၊

မည်သည့်ကိစ္စနှင့်ကြွလာပါသနည်း။

လာရခြင်းအကြောင်းမှာ၊ သည်ဏာ သဘော်သူကြီးနှင့် ၂ယောက်ရှင်းကြရမှ၊ထင်လင်းစွာသိရပါမည်အကြောင်းပါခင်ဗျား။

ကိုင်း-သဘော်သူကြီးမင်းက ပြောဖြပါအုန်း၊

ကျွန်ုပ်သည်၊ ဤဆိပ်ကမ်းက၊ ဟုပယဉ်ကျေးသောသူငယ်မတယောက်ထံမှ၊ ညောင်ရွက် လေးချပ်ကိုအသပြာလေးထောင် နှင့် ဝယ်ယူသွားရာ၊ညောင်ရွက်ကျေးဇူးများပါသောကြောင့်၊ယခုညောင်ရွက်ဖိုးဟာ၍ဆပ်ပါကြောင်း။

ဟယ်-ပေါ်ဘဟဲ့ ပေါ်ဘဟဲ့ထို့ အားရဝမ်းသာအော်လိုက်ရာ၊

(သဘော်သားအပေါင်းလည်း၊ ထိပ်ထိပ်ပြာပြာ နားနြေမရ၊ အောက်ကြည့် အထက်ကြည့်နှင့်ယှိကြလေ၏။)

သည် ညောင်ရွက် ရောင်းတဲ့သူငယ်မ ဆိုဒါ အခြားမဟုတ်၊ ကျွန်ုပ်တို့ဘုရင်မင်းမြတ်၏ ရင်သွေးတော်-ပဿဒစန္ဒီမင်းသမီးဗျ၊ နို-ဆရာကြီးကအမိန့်ယှိပါအုန်း၊

သည်ညောင်ရွက်မှာအက္ခရာကိုစီရင်သူကား အခြားမဟုတ်၊ အကျွန်ုပ်၏ သား-ဓိစက္ခဏာဖြစ်ပါတယ်၊ သူ့ကိုအ



ဖြစ်ယှိ၍၊ဥပဒေစည်းကမ်းအတိုင်း ဒွန်းစဏ္ဍားအဖြစ်နှင့်၊ ခွက်လက်စွဲ၍ ၃ နှစ်အတွင်း တောင်းရမ်းစားရန်၊ တိုင်းပြည်ကနှင်ထုတ်လိုက်ရာ၊ ၃-နှစ်က ကျော်လွန်၍ ပြန်မလာသောကြောင့် ယခုလိုက်လာရပါကြောင်း။

ဟယ်-ပေါ်ပြန်ပီ ပေါ်ပြန်ပီထို့ အားရ ဝမ်းသာ အော်ပြန်လေ၏၊

(သဘော်သားတို့လည်း ထိုင်ရာမှထ၍ ခုန်ကြပြီးလျှင်၊ ထိတ်ထိတ်လန့်လန့်ယှိ၍သဘော်ပေါ်သို့ အပြေးတက်ကြလေ၏။)

သဘော်သူကြီး၊ ၊ဘာမျှားပေါ်ပြန်ဒါလဲ-ပန်မင်းကြီး၊ ၂ ကြိမ်တိုင်အားရဝမ်းသာအော်ဟစ်ပေတယ်၊

မြို့ဝန်က-ဖြစ်ပျက်သည့် အကြောင်းကို၊ ပြန်ပြောပြီးလျှင်၊ ဆရာကြီးနှင့် သဘော်သူကြီးတို့ ရှေ့တော်ဝင်ရပါမည်၊ ရထားယဉ်တော်ကိုစီး၍ နန်းတော်သို့ဝင်ရန် ကျွန်ုပ်ယွတ်တော်သို့ လုလင်စေလွှတ်တောင်းပါဦးမည်ဆို၍ လုလင်စေလွှတ်လိုက်လေ၏၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း–၇။

### နန်းတော်ဝင်ခန်း။

ဝန်ကြီးများလည်း၊ မြို့ဝန် လျှောက်စာအရ၊ သင်္ဘော ဆိပ်သို့ရထားလွှတ်လိုက်လေ၏။

မြင်း ကသော–ရထား ရောက်လျှင်၊ ဆရာကြီး နှင့် သင်္ဘော သူကြီးတို့ကို၊ ရထား ပေါ်သို့ တက်စေ၍၊ နန်း တော်သို့မြို့ဝန်နှင့်အတူဝင်ကြလေ၏။

လွှတ်တော်ရှေ့ ရောက်လျှင် ရထား ရပ်လေသည်။ ရ ထားရပ်လျှင်၊ လွှတ်တော်မင်းကြီးများ။ လွှတ်တော်ပေါ်မှ ဆင်းဟွာ ကြသည် အခါ။ မြို့ဝန်က-ယာ ဘက်က တက္က သိုလ်ဆရာကြီး။ ဝဲဘက်က သင်္ဘောသူကြီး ဖြစ်ကြောင်း ကိုလျှောက်လေ၏။

ဝန်ကြီးများက၊ တက္ကသိုလ် ဆရာကြီးကို။ ကျန်းမာ တော်မူပါလားဟု အရိုအသေပေး၍ နှုတ်ခွန်းများ ဆက် ကြလေသည်။ နောက်-သင်္ဘောသူကြီးကိုလည်း နှုတ်ခွန်း ဆက်ကြလေသည်။

ဆရာကြီး က။ ဟုတ်ကဲ့ဝန်မင်းကြီးတို့ပို့သသော မေတ္တာတော်ကိုခံယူရလျက်။ ရတနာသုံးပါး ဂုဏ်ကျေးဇူး ကြောင့် မထောင်းတာ ဖြစ်ပါကြောင်းပါ။

သင်္ဘောသူကြီးက။ ၊ဝန်မင်း ကြီးများ မေတ္တာနှင့် ကျန်းခန့်ပါကြောင်းပါ။



ဝန်ကြီးများက။ ၊ရထားပေါ်မှဆင်း၍ လွှတ်တော် ပေါ်သို့ကြွတော်မူကြရန်ဖြစ်ပါ......

ဆရာကြီးနှင့်သင်္ဘောသူကြီးတို့၊ လွှတ်တော် ပေါ်သို့ လိုက်ကြရာ။ ဝန်ကြီးများက သည်ခုံမှာထိုင်တော်မူကြပါ ဟုနေရာပေးကြပြီးသော်။ လွှတ်တော်သံတော်ဆင့်ကိုခေါ် ၍၊ မြို့တိုက်တော် အတွင်းဝန်များထံ စေလွှတ်သည်၊ အ တွင်းဝန်များက။ အဝေးရောက်ဝန်သို့ လိုက်နာရန် ကြား လေသည်။ အဝေးရောက် ဝန်က မြို့တိုက် သံဆင့်ကို။ အ တွင်းတော်-သံတော်ဆင့်ကြီးထံ စေလွှတ်လိုက်သည်။ သံ တော်ဆင့်ကြီးက အမိန့်တော်ခံ၍၊ ဝင်စေ အမိန့်ကို၊ မြို့ တိုက်သို့ ပို့သည်၊ မြို့တိုက်တော် အဝေးရောက် မင်းက၊ လွှတ်တော်သို့ပို့လိုက်လေသည်။

မင်းကြီးလည်း နေရာတော် များကို။ စနုဆောင် ရွှေဖ ထိုင်ပေါ်တွင် ကတ္တီပါစိမ်းဖိုကို ခင်းထား စေသည်၊ ရွှေဖ ထိုင်တော် ယာဘက်က ရွှေယက်ပြားသပ်နှ တတောင်ယှိ သောဖုံတော်ကို ခင်းစေသည်၊ ဝဲဘက်က ကတ္တီစိမ်းကွပ် သော သင်ဖြူးကိုခင်းစေသည်၊ လက်ဖက် ရေတော်။ ကွမ်း ရေတော်များကို အသင့်ဖြင့်စင် ခင်းကျင်းထားရန် အမိန့် မှတ်တော်မူလေ၏။

လွှတ်တော် ဝန်ကြီး တို့က။ ဟော-အတွင်းတော်က၊ ဝင်စေ အမိန့်ရောက်ပါပြီ၊ ရွှေတော်သို့ ဝင်ကြရန် ဖြစ်ပါ ကြောင်းဆိုပြီးလျှင်၊ တက္ကသိုလ် ဆရာကြီးနှင့် သင်္ဘောသူ

www.burmeseclassic.com

www.burmeseclassic.com



ကြီးတို့ကို ခေါ်၍၊ မြီးတိုက်တော်၊ မြီးတိုက်တော်က-အတွင်းဝန်များနှင့်ရှေ့တော်သို့ဝင်ကြလေ၏။

ဝန်ကြီးများနှင့် အတွင်းဝန်များ သွားကြသည်ကို၊ သံတော်ဆင့်ကြီးကမြင်လျှင်၊သူငယ်တော်ကို အတွင်းတော်သို့စေလွှတ်လိုက်သည်၊ဘုရင်မင်းမြတ်လည်းထွက်တော်မူ၍ ကြည့်တော်မူလျှင်၊ သမဂ္ဂ သေနာပတိ ဝန်ကြီးက ပြောပြသည်အတိုင်း၊ အဝေးရောက်ဝန်က သံတော်ဆင့်ကြီးကို ပြောပြရာ၊ သံတော်ဆင့် ကြီးက ဘုရင်မင်းမြတ် အပါးတော် ချဉ်း၍၊ တက္ကသိုလ် ဆရာကြီးကို ညွှန်ပြ ရလေသည်။

ဘုရင်မင်းမြတ်လည်း၊ အားရဝမ်းသာ ကြိုဆို၍၊ ဆရာကြီးကြွတော် မူပါဟု-ဂါရဝေါစ-နိဝါတောစ မင်္ဂလာကိုခံယူလျက်၊ လက်ကို ဆွဲပြီးလျှင်၊ ရွှေဖထိုင် ပေါ်နိုက်ထိုင်ရန်အရိုအသေပြုလေ၏။

သဘော်သူကြီးကို ဝဲဘက်၊ ကဏ္ဍိပါမိမ်း ကပ်သော၊ သင်ဖြူးနိုက်ထိုင်ရန် အခွင့်ပေးလေ၏။ ဘုရင်မင်းမြတ်မှာ ဒုတတောင်ယှိသောရွှေယက်ပြားသပ်၊ ယာဘက်ဖုံတော်ပေါ်နိုက်စံပယ်တော်မူလေ၏။

ဝန်ကြီး၊ အတွင်းဝန်၊ သံတော်ဆင့်၊ နာခံတော်၊ အတွင်းစာရေး တော်ကြီး တို့လည်း၊ နေရာချထား သည့်အတိုင်း၊ ဆိုင်ရာ ဆိုင်ရာ သင်ဖြူးပေါ်နိုက် ပျပ်ဝပ်ခါ ခစားလျက်ယှိကြလေ၏။



မင်းကြီးက၊ ဆရာကြီးကျန်းခန့်သာပါ၏......

ဆရာကြီးက၊ ဖုန်းတော်ကြောင့်၊ မြတ်အသာ လာဝ်ကို ရယှိပါကြောင်းပါ......

တက္ကသိုလ်တိုင်းပြည်၊ မဏိကုဏ္ဍလ ဆရာကြီးရယ်ထို၊ မွေးကြိုင်သော သတင်းနံ့ကို ခံယူရပါသည်။ ယခုမခေါ်မဖင့်ဘဲ ဤတိုင်းပြည်သို့ ကြွရောက်လာ၍ တွေ့ဆုံရသည်မှာ၊ အလို ဆန္ဒကို ပေးစွမ်း နိုင်သောမနောမရကျောက်ကောင်း ရတနာကြီးကို နတ်များလာဆက်သ၍၊ ရဘိသကဲ့သို့၊အလွန်မ ဝမ်းမြောက်ခြင်းဖြစ်ပါကြောင်းပါ၊

ဖုန်းတော်ကြောင့်၊ လောက-သမ္မုတိ-နတ် ဖြစ်သော၊ ဘုရင်ဧကရာဇ်မင်းမြတ်ကြီးနှင့်တွေ့ဆုံရသည်မှာ၊ မတွေ့မကြုံရအူးသော စည်းစိမ်ကို ရဘိသကဲ့သို့ငှင်း၊ ကန္တာဦးသူတို့ ဘောင့်တသည် အတိုင်း၊ ထွက်ပေါ်လာသော ဆန္ဒအမည်ယှိသော(လ)မင်းကြီး၏ အရောင်ကိုခံယူရဘိ သကဲ့သို့ငှင်း၊ အလွန်မ ကိုယ်စိတ် ၂ ပါး၊ ဧးမြခြင်း ဖြစ်ပါကြောင်းပါ၊

သို့-ဤတိုင်းပြည်သို့ ရောက်လာရခြင်း အကြောင်းကို ပြောပြမှသိရမည်ဖြစ်ပါ......

ပြောပြရန်အစကို၊ သဘော်သူကြီးကဦးစွာပေါ် ပြီးမှ၊ အကျွန်ုပ်ကဆက်ရန်ယှိပါကြောင်းပါ၊

ဟုတ်ပါပေ သဘော်သူကြီးကပြောပြရန်ဖြစ်ပါပေ......

လွန်ခဲ့သောနှစ်၊ တပေါင်း လက၊ ဤမြို့ ဆိပ်ကမ်းသို့



www.burmeseclassic.com

www.burmeseclassic.com



သဘော်ာ ဆိုက်ကပ်သောအခါ၊ အဆင်းသဏ္ဌာန်ကြွန်အင် လက္ခဏာနှင့်ညီသော၊ သူငယ်မတဦးယောက်၊ ညောင်ရွက် လေးချပ်ကိုရောင်းလာပါကြောင်း၊ သူ့အဆိုမှာ၊ ပဌမကိစ္စ ယှိလျှင် ပဌမ ညောင်ရွက်။ ဒုတိယ ကိစ္စသှိလျှင် ဒုတိယ ညောင်ရွက်၊ တတိယကိစ္စယှိလျှင် တတိယ ညောင်ရွက်။ စတုတ္ထ ကိစ္စသှိလျှင်၊ စတုတ္ထ ညောင်ရွက်ကို ကြည့်ပါ။ ညောင်ရွက်က ပေါ်ထွာသော အက္ခရာအရ၊ နားထောင်ပါ လျှင်၊ ချမ်းသာခြင်းသို့ ရောက်ပါလိမ့်မည်၊ ညောင်ရွက်တ ချပ်လျှင် သပြာ(တထောင်)ကျ ပေးရပါမည်၊ နောင်သော အခါ၊ ညောင်ရွက်၏ အကျိုးကိုသိမှ၊ အဖိုးကိုထွာ၍ ဆပ် ပါ။ ယခုအသပြာ (လေးထောင်)သည် စရန်မျှသာ ဖြစ်ပါ သည်ဟုပြောသည်အတိုင်း၊ ထူးဆန်းသောကုန်တမျိုးဖြစ် ၍၊ အသပြာ (လေးထောင်) ပေး၍ ဝယ်ယူ သွားပါ ကြောင်း......

(၎င်းညောင်ရွက်၏ အကျိုးသှိပုံ၊ ခံစားခဲ့ရပုံ၊ နောက် ကတွေ့ကြုံခဲ့ရသည်အတိုင်းပြန်ပြောပြီးသော်......)

ညောင်ရွက် ၂ ချပ်က၊ ဝယ်ရင်းငွေ-ကြေပါရော။ တ ချပ်က ရှင်ဘုရင်ဖြစ်ပါရော၊ တချပ်က သားမယား မသေ ဘဲ ချမ်းသာပါရော။ သို့အတွက် ညောင်ရွက်၏ အကျိုး ကျေးဇူး အလွန်မှ များသောကြောင့်၊ အဖိုးဆပ်ရန် လာ ရောက်ခြင်းဖြစ်ပါကြောင်း။



သင်္ဘော်သူကြီးက ပြောပြချက်ကို နှစ်သက်တော် မူရ ပေပြီ။ ဆရာကြီးက ဆက်ရန်လိုပါသေး......

(ထိုအခါ တက္ကသိုလ်ဆရာကြီးကလည်း၊ မိမိသားက လေးသည်၊ မကောင်းသော တပည့်တို့၏ စကားကို၊ နား ထောင်မိသည်အတွက်၊ အဖကိုလုပ်ကြံရန် အမှုအကျင့် တို့ကိုသိရသဖြင့်၊ ဥပဒေ ထုံးစံယှိသည် အတိုင်း စီရင်ပုံ များကို အထက်က ပေါ်ပြသည်နှင့် အညီ......ပြောပြီး သော် .....

အကျွန်ုပ်တို့တက္ကသိုလ်ပြည် စည်းထမ်း ဥပဒေ အရ၊ တိုင်းပြည်မှ ၃ နှစ်တိုင်ထွက်ခွာ၍၊ ဒွန်းစဏ္ဍားအဖြစ်နှင့် တပါးနိုင်ငံမှာ ခွက်လက် စွဲ၍ တောင်းစားစေ ဟု စီရင် လိုက်ရာ၊သားကလေး ထွက်သွားသည်မှာ ၃ နှစ်ကကျော် လွန်သဖြင့်၊ တိုင်းပြည်သို့ ပြန် မရောက် သော ကြောင့်၊ ကျွန်ုပ်သည် တိုင်းပြည်က ထွက်ပြီးလျှင်၊ စုံစမ်းရှာဖွေလှာ ရာ၊ သဘော်သူကြီးနှင့် တွေ့သည်အခါ၊ ညောင်ရွက် အ ကြောင်းကို ပြောပြသဖြင့်၊ ထိုညောင်ရွက်ကို စီရင်သော နည်းသည်၊ကျွန်ုပ်သားမှတပါး၊ ခြားသူတို့မတတ်ပါ။သို့ အတွက် ညောင်ရွက် စီရင်သော သူသည်၊ အကျွန်ုပ်သား ဖြစ်ကြောင်းအမှန်ဝန်ခံနိုင်ပါကြောင်း......

ကြားကြလား-မှူးတော်မတ်တော်အပေါင်းတို့။

မှန်ပါ။ အများက-အမှန်။ အကောက်က-အဖြောင့်၊ အရှုတ်က-အရှင်းကိုထင်လင်းစွာပေါ်ပါကြောင်းပါ၊

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမင်းကြီးက သံတော်ဆင့်ကြီးကို၊ကြည့်တော်မူလေ၏။

သံတော် ဆင့်ကြီးက၊ သံတော့ခံကို မြို့ဝန် ထံသို့စေလေ၏။ သံတော်ခံ ပြောချက်အရ မြို့ဝန်က ထောင်မှူးကို အမိန့်ပေးရာ။ ထောင်မှူးက ဒွန်းစဏ္ဍား မောင်နှံတို့ကိုခေါ်၍ ရှေ့တော်သို့သွင်းရလေ၏။

မင်းကြီးက။ နေရာတော် ခင်းများကို။ နေရာ ၂ ခု ချထားစေ၏။

မောင်မယ် ၂ ပါးဦးခေါင်းညွှတ်ကျောက်၊ ရှိသေစွာ ရှိခိုးပြီးလျှင်၊ ရှေ့တော်သို့ဝင်လာသည်အခါ......

သဝေါ် သူကြီးက၊ လက်ခုတ် တီးပြီးလျှင်၊ ဟော ဟော-သူဘဲ-သူဘဲ- ဟုတ်တယ်—ဟုတ်တယ်—ညောင်ရွက်ရောင်းဒါ။ ညောင်ရွက် ရောင်းဒါဟု-အလန့် တကြားအော်ဟစ်၍။ မင်းသို့ကိုလက်ညှိုးထိုးပြရာ......

မင်းကြီးလည်းပြုံးတော်မူရလေ၏။ မှူးမတ်အပေါင်းတို့လည်း။ ရှုပ်ခြေမဆည်နိုင်။ ရယ်မောကြလေ၏။

မင်းကြီးက၊ သားတော်-သို့တော်တို့။ ဤနေရာက ခစားကြလေဟု-ညွှန်ပြလေ၏။

ဝိစက္ခဏလည်း။အဖ-ဆရာကြီးကို ဦးစွာဦးခိုက်းပြီးမှ။ မင်းကြီးကို ဦးခိုက်၍၊ ပြုံးကြည်သော မျက်နှာဖြင့် ခစားလေ၏။



ပသာဒစန္ဒီလည်း။ အဖ-ခမည်းတော်ကို ဦးစွာဦးခိုက်ပြီးမှ။တက္ကသိုလ် ဆရာကြီးကို။ ဦးခိုက်၍ ပြုံးကြည်သောမျက်နှာဖြင့်ခစားလေ၏။

ဝိစက္ခဏလည်း၊ ကျေးဇူးရှင်ဖခင်-ကျန်းမာတော်မူပါ၏လော၊ကျေးဇူးရှင်မိခင် ကျန်းမာတော်မူပါ၏လော၊ တပည့်မိတ်ဆွေအပေါင်းတို့ကျန်းမာတော်မူပါ၏လား။

အင်း—အားလုံး ကျန်းမာ—ချမ်း သာ လျက် ယှိကြပေကြောင်း......

သားတော်မောင်၊အကျဉ်းနှိပ်စက်ခံနေရသည်မှာ။မကြည်သောစိတ်များယှိပေသလား။

မကြည့် မကောင်းသော စိတ်တို့သည် အလျဉ်းမယှိပါကြောင်း။အသက်ကိုချမ်းသာပေးထားသော ကျေးဇူးဂုဏ်ကိုအောက်မေ့လျက်ယှိပါကြောင်းပါ......

အစက-တက္ကသိုလ်ဆရာကြီး၏ သား ဖြစ်ကြောင်းကိုလျှောက်ပါလျှင်။ဤမျှလောက်ဒုက္ခမဖြစ်တန်ရာ......

မှန်ရာလျှောက်ပါက။အဖအာဏာကို လွန်ဆန်ရာရောက်ပါကြောင်း။မိဖတို့အာဏာ သားသို့မှာ တည်စေရမည်ဆိုသည့်အတိုင်း။အသက်ကိုစွန့်ရပါမည်၊မိဖအာဏာကိုမစွန့်ရပါ။ မိဖအာဏာ စွန့်ပါယ်ပါက။ ဖုန်းမကြီး-သက်မရှည်။ အနာရောဂါများ၍ ဆင်းရဲတွင်းသို့ ကျတတ်ပါသည်။ဤတိုင်းပြည်နိုက်။မိမိဂုဏ်ကိုသိသူမရှိ။အညတရ-ဒွန်းစဏ္ဍားအလုပ်နှင့်ဖြစ်ပါ၍ ဂုဏ်မရှိသောကြောင့် မှန်ရာပြောသော

www.burmeseclassic.com

www.burmeseclassic.com



လည်း၊ ယုံနိုင်စဖွယ်မဟုတ်ပါ။ အဘယ့်ကြောင့် ဆိုသော်၊ ညှောင်ရွက်ကသက်သေခံလျက်ယှိပါကြောင်း......

အင်း-ဟုတ်ပါပေတယ်၊ စဉ်းစား ဆင်ခြင်၊ ရုံစမ်းခြင်း သဘောကိုမရောက်သဖြင့်၊ ခမည်းတော်-ခမည်းတော် များ ချေပြီသားတော်မောင်၊

ချစ်သို့-ဥ္ခန်းစည္လျှားအမှတ်နှင့် ပေါင်းဖေါ်နေရသည်မှာ ယုတ်ညံ့သောအမျိုးနှင့် ဆက်ဆံ ရပေတယ်ဟု၊ ညစ်ညျုး သောစိတ်များမယှိပေဘူးလား၊

ခမည်းတော်ဘုရား၏ အာဏာကို ခံယူလျက်ဖြစ်ပါ၍ မကောင်းသောစိတ်-မဝင်စားပါကြောင်းပါဖခင်။

ဉပမာတခုမှာ-ပျားတို့ မည်သည်၊ ချွေးထောက် တမာ ပန်းပင်တို့နှိက်လည်း စွဲတတ်ကြပါသည်၊ ထိုတမာချွေး တောက်ပင်တို့ကိုစွဲသော ပျားကအရေသည်လည်း။ အပင် ကို အမှီပြု၍ ခါးသည်ဟူ၍ မယှိပါ။ ချိုမြဲ အတိုင်းက မဖေါက်ပြန်ပါ။၊ ပန်းပင်နှိက် စွဲသောပျားက-အရေသည် လည်း။ တည်ရာအပင်ကိုစွဲ၍ ပူသည်-ရှူးသည်ဟူ၍ မယှိ ပါ။ ချိုမြဲအတိုင်း ချိုပါသည်။ သို့လိုမိမိတို့၏ မှီရာ၊ အမျိုး ယုတ်သည်။ အမျိုးညံ့သည်ဟူ၍ စွဲလမ်းစရာမဟုတ်ပါ။ ချိုသောအရသာကိုမစွန့်သော၊ ပျားရေနှင့်တူသော၊ ဖြောင့် မတ် တည်ကြည်သော၊ တရားတည်းဟူသော အရသာကို ခံယူလျက်ယှိပါကြောင်းပါ-ဖခင်၊

အင်း-ကောင်းပေဗျာကောင်းပေ၊ သာဓု-သာဓု-သာဓု။



သားတော် သို့းတော်တို့၊ အတွင်းတော်သို့ဝင်၊ သား တော်မှာ၊ မင်းသားတို့ အဆင် တန်း ဆာကို ဆင်ယင်သို့း တော်မှာ၊ ယခင်အတိုင်းဆင်ယင်ခစားကြစေ .....ဟုအမိန့် တော်မှတ်ပြီးနောက်.....

မှူးတော်မတ်တော်တို့၊ ကံကောင်းထောက်မသည် အ တွက်၊ သားကောင်းရတနာ ထွန်းကား လာသည်ကို၊ အ လွန်မ ဝမ်းမြောက်တော်မူသည်၊ သို့လို ဖုန်းပညာနှင့် ပြည့် စုံသောသားတော်ကို၊ ထီးနန်းပေးအပ်တော်မမည် .....

သတော်သူကြီးက၊ ။ထီးနန်းပေးအပ်ခြင်း ကိုသည်း ခံတော်မူပါဦး။ အကျွန်ုပ်၏ အသက်သခင် ဖြစ်ပါ၍၊ ရှိ သော,သူ့ရပြည်ကိုအုပ်ချုပ်တော်မူရန်။ညောင်ရွက်မှိုးဆပ် ရပါမည့်အကြောင်း......

သတော်သူကြီး တင်ချက်မှာလည်း မငြင်းသာပေ ဖြစ် တော့သည်၊ သို့သော်တက္ကသိုလ်ဆရာကြီး၏ စီရင်ချက်ကို သာ လိုက်နာရန်သင့်မည်။

ဆရာကြီးက၊ ။ဘုရင်မင်းမြတ်မှာ။ ရင်သွေးတော် ဖြစ်၍ ထီးနန်းအပ်နှင်းလိုသည်ကား၊ အလွန်မှ ချစ်မြတ်နိုး ခြင်းဖြစ်ပါပေတယ်။ သတော်သူကြီးမှာ ကျေးဇူးရှင် ဖြစ် ၍၊ တိုင်းပြည်ကို အုပ်ချုပ်ရန်၊ ညောင်ရွက်မှိုး ဆပ်သည် ကားအလွန်မှ အံ့ဩစရာ-ပြောပြ၍ မကုန်နိုင်အောင် ဖြစ်ပါ တယ်။ ဘုရင်မင်းမြတ်မှာ။ ကျွန်းခန့်တော် မူ၍ အသက် ရှည်သမျှ ကာလပတ်လုံး၊ ဤတိုင်းပြည်နှိက် မိုးစံသင့်ပါ

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း၊ သားတော်ကို မိမိ ကိုယ်ပွား-သုန္ဒရ တိုင်းပြည်ကြီးကိုအုပ်ချုပ်စေပါလျှင်၊ ခမည်းတော်သားတော်တို့ထီးဖြိုင်နန်းဖြိုင်စံစားတော်မူကြသည်ကား၊ အလွန်မှပနန်းတော်တိုးတက်မြင့်မြတ်ကြောင်းဖြစ်ပါ......

တက္ကသိုလ်ဆရာကြီးစီရင်ချက်အတိုင်းတည်စေမည်၊ သို့သော်သားတော်နှင့် သမီးတော်တို့ကို လက်ထပ် မင်္ဂလာအခမ်းအနားကြီးကို ကျင်းပတော်မူမည်၊ အခါလရက်ကို၊ အခါတော်ကြားပုဏ္ဏားပညာသို့တို့ကဆက်သွင်းစေ။

လယ်ထပ်မင်္ဂလာ အခမ်းအနား ကျင်းပရန်၊ မင်္ဂလာမဏ္ဍပ်တော် ဆိုင်ရာဝန်တို့က၊ စီမံဆောင်ရွက်စေ။လက်ထပ်မင်္ဂလာ အခမ်းအနား ကျင်းပပြီးမှ၊ သားတော် ကို၊ သုန္ဒရတိုင်းပြည်သို့ကျွန်ုပ်ပါ သွားရောက်မင်းမြှောက်တော်မူမည်၊

ဆရာကြီးကလည်း၊ဤလက်ထပ်မင်္ဂလာအခမ်းအနားကိုမှီအောင်။ ဆရာကတော် ကြီးကို၊ လူငယ်စေ လွှတ်ပင့်ခေါ်ရန်စီမံပါမည့်အကြောင်း၊

ဆရာကြီးက၊ ကောင်းလှပါပြီ၊ မိခင်ဖြစ်သူကလည်း၊ သားကလေး အတွက်၊ နှလုံးကျေကွဲ မတတ် ဖြစ်နေပါကြောင်း။ယခုထိုသတင်းကောင်းကြားရပါက၊ ကိုယ်စိတ်ရွှင်လန်း၍ အားတမျိုး-တိုးတက်လာရန် ယှိပါကြောင်းပါ၊

ဆရာကြီးနှင့်၊ သဘောသူကြီးတို့၊ တနေ့တကြိမ်၊ နန်းတော်သို့ဝင်၍ ကျွန်ုပ်နှင့် တိုင်ပင်ဆွေးနွေးကြရမည်၊ နန်း



တော်က၊ ဖြင်းကသောယဥ္စတော်ရထားကိုလွှတ်စေမည်၊ နန်းတော်က၊ မနက်ညစ္စာတော် တခုပ်ကျစီ သဘောသို့ ပို့စေမည်ဆရာကြီးနှင့်သဘောသူကြီးတို့တွင်ပါလာသော၊ အခြွေအရံ သားမယားနှင့် သဘောသားတို့ နန်းတော်သို့ဝင်၍ ကြည့်စေရှုမျက်တော်ကိုဖူးမြော်ကြစေ။ ၎င်းအခြွေအရံများကိုလည်းရွှေတိုက်ဝန်က ကြည့်ရှု၍ သင့်လျော်ရာ ရွှေငွေပဆိုးပဝါအင်္ကျီစသည်များကိုထုတ်ပေး၍ ဆုတော်လပ်တော်များကိုခံယူကြစေ။

ထိုသဘောကာသူများတို့သည်၊ နန်းတော်သို့ အချိန်နှင့်ဝင်နိုင် ထွက်နိုင်စေ၊ အဆီးအတား အာကန့်အကွက်မရှိစေရ၊ မြို့ဝန်ကစောင့်ရှောက်စေ ဟု၊ အမိန့်တော်မှတ်ပြီးလျှင် ညီလာခံစဲးလေ၏။

အမိန့်တော်မြတ်ကို၊ သံတော်ဆင့်ကြီးက အလုံးစုံရေးမှတ်ပြီးလျှင်ဖြီးတိုက်သို့ပို့လေ၏၊ဖြီးတိုက်အတွင်းဝန်များက၊ရေးကူးပြီးလျှင်၊လွှတ်တော်သို့ပို့လေ၏၊လွှတ်တော်ဝန်ကြီးများက ဆိုင်ရာမှူးတော်မတ်တော်တို့ စီမံဆောင်ရွက်ကြရန်၊ထပ်ဆင့်အမိန့်တော်ထုတ်ပြန်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

## နိဂုမ်းဆောင်ထပ်။

(ယျ)လေးလုံးသရုတ်ဓါတ်၊ အဇ္ဈုပ္ပါတ်စဉ်ကာ။ ယုတ်အမြတ်အင်္ဂါကို၊ ဆင်ခြင်ခုကိုယ်တို့၊ ကျမ်းဂန်ဃို့၊ မှတ်ကြောင်းရောကို၊ ထပ်လောင်းခါ သွင်းလိုက်သမျှ။ အမျိုးသား-ဓိ-ပုတွေ့၊ ကြည့်ရှုလေ မနှိုး၊ တည်ဘဝင် ရွှင်ပျို့လျက်၊ မသွေကို ဖတ်ပါ၊ နည်းယူရန် အကျင့် ကောင်းတို့ကို၊ စာလမ်းကြောင်း ခင်းဖြသော့ချာ၊ ယှဉ်းမဲ့ တည်ပါလျှင်၊ ကြည်စရာ တိုးတက် တိုးမှာမို့၊ ဂုဏ်မည်ဘွဲ့ အမြဲတည်၊ ကဲ့မောက်လို့စည်၊ ကမ္ဘာဦး ဆန္ဒရည်သလို၊ စန္ဒခြည် ပေါ်ထွန်းသို့လေး။

## လေးဆစ်ခွန်းတောက်။

ဤစာတမ်း၊ မှတ်ခန်းကာ ရုံ့ အရုံ၊ ။ကြည့်ရသူ ဗဟုကျိုး။ တိုးထိပ်မွှံဖုံ။ ။စာခုပ် မိုးကိုလ၊ ကျိုးဘိမှ ဆပ်ယ်ကုန်၊ အနုံ့ထိုမှတ်ပါနှင့်။ ။လောကနိုက် ကိုလ၊ ပေါ်ပိုက်ရန် သရေမြှင့်လိုက်တယ်.....သုံးဘို့အကျင့်။

## ဧတးလင်။

ဒုတိယသာတဖန်ထုတ်ပါရ။ မှန်အာဟုတ်သစွာ။ ချွင်သူတို့ဘောင့်တာရှာတယ်။ ပေးစာနှင့် လူရောက်၊ ဝမ်းမြောက်မို့ ဟောင်းပန့်တာကို၊ ပေါင်းများစွာ ဖြည့်ဝဂုဏ်မောက်၊ ပြန်ထပ်၍ ကြည့်ရှုရာ။ လိုအပ်တာ ဖြင့်ဖျောက်။ ဖြည့်စွက်ခါမပေါက်၊ အလျောက်ပကြည့်ရန်၊ ဖတ်ကြသူကျင့်ဘို့ထုံးကို၊ နှလုံးပိုက်ကြဘို့ရာ၊ အပါယ်ဘေး လွတ်မည်တာကို၊ ညွတ်ကြည်စွာ ချစ်စရာဒိုက် က။ပုံရိုက်လို့ထုတ်ဝေပါ၊ ကောင်းမြတ်စေနာ၊ ရှုကြတော့ မှတ်တမ်းပါကို၊ နှုတ်နှုန်းရှူ ရောက်ကြောင်းပလေး။

## ဒွေးချိုး။

မှတ်ပုနှင့်မှတ်ရာ၊ သေချာပကျင့်သုံး၊ ။ဘေးဘယာရှောင်သော့လွင့်အောင်၊ ကျင့်မှတ်ဘြဲထုံး။

## အမှာ။

ဤစာတမ်းကို သေချာစွာဖတ်ရှုပြီးသောအခါ၊ မည်သူကိုချီးမွမ်းထိုက်ကြောင်း၊ စဉ်းစား၍ ဆုံးဖြတ်တော်မူကြရန်၊ တောင်းပန်ပါကြောင်း။

## အချိုး။

ယှုလေးသုံး ပုံဖြင့်စာ၊ သေချာပ ရှုတွေး၊ ချီးမွမ်းရန် ဘယ်သူမြတ်တယ်လို့၊ ဆုံးဖြတ်ချက်ပေး။

www.burmeseclassic.com